ဒုတိယ-ကျောင်းပန်းတောရ

**ဆရာတော်ဘုရားကြီး၏**

စတုသစ္စာဒိပကာသနီ မည်သော

**တရားသင်နည်း-ဆွေးနွေးနည်း**

# ကျောင်းပန်းသုံးစောင်တွဲ

ရတနာသုံးပါးဂုဏ်တော်ဘွင့်ဘုရားရှိခိုး

သံဝေဂကဗျာ ( ၃၀ ) ဝိပဿနာလက်စွဲကျမ်းများပါ

တအုပ်ထည်းတွဲ၍၊ ဦးဘိုးသာ က ပုံနှိပ်ထုတ်ဝေပါသည်။

**အတုအပ ရိုက်နှိပ်ခြင်းကို သည်းခံပါ။**

ပဒေသာ ပိဋကတ် ပုံနှိပ်တိုက်

၃၂ လမ်း ပိန်းတန်း

မန္တလေး

# နိဒါန်း

၁။ အောက်ချင်းတွင်းဒိစတြိတ် ဗုဓလင်မြို့ ဝိပဿနာ သာသနာပြု၍ ဒုတိယကြောင်ပန်းတောရ ဆရာတော်ဘုရားကြီး အထက်က(တရားသင်နည်း ဆွေးနွေးနည်း)ဟူသော အမည်နှင့် အကျဉ်းစီရင်ရေးသားတော်မူသော ( ဝိပဿနာကျမ်း ) သုံးစောင်ရှိခဲ့ပါသည်။

၂။ ထို့နောက် ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းမြို့ နန်းတော်ရာဓမ္မာရုံစရပ်၌ (၁၂၉၅)ခု နတ်တော်လ၌ ရက်ပေါင်း(၁၅) ရက်တကြိမ် ၎င်းနှစ် တပေါင်းလ၌ ရက်ပေါင်း (၃၀) တလ လုံးလုံး တကြိမ် အမည်ပါကျမ်းများတွင်ပါသော တရားများနှင့် တရားနှင့် စပ်လျဉ်းသော အခြားတရားများကို မြို့သူမြို့သား ကလျာဏ အပေါင်းတို့အား ဟောပြော ပြသတော်မူရာ အလွန်မှ သဘော နှစ်သက်ကြပါသောကြောင့် ၎င်းမြို့နေ အထက်တန်း အမိန့်တော်ရမင်း ဦးဘိုးကြယ်က လုံ့လ ဝီရိယ စိုက်ထုတ်ပြီးလျှင် အမိန့်တော်ရမင်း ဦးဘိုးသစ် ဦးဘိုးထီ ဦးသာဒွန်း အငြိမ်းစားနယ်ပိုင်ဝန်ထောက်မင်း ဦးဘိုးထွန်း စစ်ကိုင်းမြို့ နယ်ပိုင် ဝန်ထောက်မင်း ခေတ္တ အခွင့်နှင့်နေသူ ဦးဘိုးဟန် •ကြေး တိုင် ဝန် ထောက် မင်း ဦးဘိုးဝင်းနှင့် ဦးဝင်း မြူနီစီပါယ်ဝန်ထောက်မင်း ဦးစံဖူး မြို့ဝန်ကြီး ရုံးစာရေးကြီး ဦးထွန်းဦး ဒိစတြိတ်ကောင်စီစက္ကရီထေရ်ဦးဖေကြင် ဗုဓလင်မြို့ ဓမ္မကထိက ဦးပေါ်အိုင် စသော လူကြီး လူကောင်းတို့က ထပ်မံလျှောက်ထား တောင်းပန်ချက် အရ ဆရာတော်ဘုရားကြီး ကိုယ်တိုင် ထပ်မံ ပြင်ဆင် စီရင် ရေးသားတော်မူပြန်သည်။

၃။ ထို့ပြင် အမည်ပါ ဝိပဿနာကျမ်းသုံးစောင်သည် တခြားစီ တကွဲတပြားစီ ရှိနေခဲ့ပါလျှင် ကြည့်ရှုလိုသူ ပုဂ္ဂိုလ်များအား

ခံယဉ်းမည်စိုးသောကြောင့် ကျွန်ုပ်တို့က ဆရာတော်ဘုရားကြီး နောက်ထပ်ပြင်ဆင် ဖြည့်စွက်ချက်များနှင့်တကွ ထည့်သွင်းပြီးလျှင် တပေါင်းတည်းပူးတွဲပြုလုပ်၍ ( တရားသင်နည်း ဆွေးနွေးနည်း ) သုံးစောင်တွဲကျမ်း အမည်နှင့် ချဲ့ထွင်ပုံနှိပ်လုပ်ဆောင်ပါသည်။

၄။ ထို့ပြင် ကြောင်ပန်း ဆရာတော်ဘုရားကြီး၏ ဟာပည့် (ဦးဝိရိယ) အရှင် ချဲ့ထွင်စီရင်ရေးသားတော်မူသော (ရတနတ္တယ ဂုဏဝန္ဒနာ) ဘုရားရှိခိုးကျမ်းကိုလည်း (ဝိပဿနာယောဂီ) ပုဂ္ဂိုလ် တို့နှင့် အလွန်သင့်လျော်လှပါ၍ ပူးတွဲထည့်သွင်းပါသတည်း။

၅။ ပဌမ ကြောင်ပန်းဆရာတော်ဘုရားကြီး ရေးသားတော်မူသော(၆)စောင်တွဲ ဝိပဿနာကျမ်းစာအုပ်များနှင့်ဒုတိယကြောင် ပန်းဆရာတော်ဘုရားကြီး ရေးသားပြုပြင် စီရင်တော်မူသော ဤ သုံးစောင်တွဲ ဝိပဿနာကျမ်းစာအုပ်များကို အထူးကြည့်ရှု အား ထုတ် ဆောင်ရွက်တော်မူကြပါလျှင် နိဗ္ဗာန်ရောက်ကြောင်း တရား ကောင်း လမ်းမှန်ကို မုချကေန်တွေ့ရမည်ဖြစ်ပါသောကြောင့် ကြိုး စား အားထုတ် ကြည့်ရှုတော်မူကြပါ ယောဂီအပေါင်း သူတော် ကောင်းတို့။

## ကျွန်ုပ်တို့၏ အသိပေး

ကျေးဇူးရှင် ဆရာတော်ဘုရား၏ အလိုတော်ကြအတိုင်း ဤမျှ ကောင်းမွန်လှသော နည်းလမ်းကောင်းများ မတိမ်ကောစေလို သော မနသိဖြင့် အသေးအသိုမျှားကို ခေတ်မှီအောင် ရှင်းလင်းစွာ ပြင်ဆင်လျက် ကျွန်ုပ်တို့ (ပဒေသာပုံနှိပ်တိုက်က) ဝိပဿနာ ပညာ ဉာဏ်ကို လိုလားကြကုန်သော သူတော်စဉ်များအတွက် ရိုက်နှိပ် ဖြန့်ချီလိုက်ပါသတည်း။

# ကြောင်ပန်းသုံးဆောင်တွဲ

## စတုသစ္စာဒီပကာသနီမည်သော

### တရားသင်နည်း ဆွေးနွေးနည်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သတ္တဝါတို့၏ သံသရာ၌ အဖန်ဖန်ဖြစ်ပေါ်ပုံ
သတ္တဝါတို့၏ သံသရာ၌ ဖြစ်ပေါ်မှု၏ ချုပ်ငြိမ်းရုပ်သိမ်းပုံကို
မြတ်စွာဘုရား ဟောတော်မူအပ်သော

•

### နိဒါန ဝဂ္ဂသံယုတ်ပါဠိတော်ကြီး

လောက သမုဒယဉ္စ ဘိက္ခဝေ ဒေသေဿာမိ လောက နိရောဓဉ္စ၊ ကတမဉ္စ ဘိက္ခဝေ လောကသမုဒယော စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံသင်္ဂတိဖဿော၊ ဖဿပစ္စယာ ဝေဒနာ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော၊ပ၊ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော၊ပ၊ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော၊ပ၊ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော၊ပ၊မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ပ၊ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ဧဝဉ္စ ဘိက္ခဝေ လောကသမုဒယော။

ကထဉ္စ ဘိက္ခဝေ လောကနိရောဓော စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ပ၊ဥပါယာသာ နိရုဇ္ဈန္တိ။ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ၊ ဧဝဉ္စ ဘိက္ခဝေ လောကနိရောဓော။

ဘိက္ခဝေ၊ ရဟန်းတို့။ လောကသမုဒယဉ္စ၊ လူသတ္တဝါအဖန်ဖန်ဖြစ်ပွါး၍နေပုံလည်းကောင်း။ လောကနိရောဓဉ္စ၊ လူသတ္တဝါဖြစ်ပွါးမှု ချုပ်ငြိမ်း ရပ်သိမ်းပုံကိုလည်းကောင်း။ ဒေသေဿာမိ၊ ငါဘုရား ဟောတော်မူအံ့။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ လောကသမုဒယော၊ လူသတ္တဝါ အဖန်ဖန်ဖြစ်ပွါး၍ နေမှုသည်။ ဟောတိ၊ ဖြစ်သနည်းဟူမူကား။ စက္ခုဉ္စ၊ စက္ခုအကြည်ကိုလည်းကောင်း။ ရူပေစ၊ အဆင်း အမျိုးမျိုးဟူသော ရူပဓါတ်ကိုလည်းကောင်း။ ပဋိစ္စ၊ အစွဲပြု၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တိဏ္ဏံ၊ စက္ခုအကြည်,ရူပါရုံ,စက္ခုဝိညာဏ်ဟူသော ဓါတ်သုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံစည်းဝေး လုံးထွေးထိခိုက်မှုသည်။ ဖဿော၊ ဖဿ

တရားမည်၏။ဖဿပစ္စယာ၊ဖဿတရားဖြစ်ပေါ်မှုကြောင့်။ဝေဒနာ၊ ခံစားမှုဟူသော ဝေဒနာတရားသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ ဝေဒနာပစ္စယာ၊ဝေဒနာဖြစ်ပေါ်မှုကြောင့်။တဏှာ၊ တဏှာတရားသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ တဏှာပစ္စယာ၊ တဏှာ ဖြစ်ပေါ်မှုကြောင့်။ ဥပါဒါနံ၊အပြင်းအထန် စွဲတတ်သောဥပါဒါန်တရားသည်။သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်တရား ဖြစ်ပေါ်မှုကြောင့်။ ဘဝေါ၊ ဘဝအသစ်သည်။သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ ဘဝပစ္စယာ၊ ဘဝ ဖြစ်ပေါ်မှုကြောင့်။ဇာတိ၊ သင်္ခါရ တရားတို့၏ မပြတ်ဖြစ်ခြင်း ဟူဆိုအပ်သော ဇာတိတရားသည်။သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ ဇာတိပစ္စယာ၊ ဇာတိ ဖြစ်ပေါ်မှုကြောင့်။ ဇရာ၊ ရင့်ရော် အိုမင်းခြင်းငှ။ မရဏ၊ ချုပ်ဆုံးပျက်စီးခြင်းငှ။ သောက၊ စိုးရိမ်ပူပန်ရခြင်းငှ။ပရိဒေဝ၊ ငိုကြွေးမြည်တမ်းရခြင်းငှ။ဒုက္ခ၊ဆင်းရဲခြင်းငှ။ ဒေါမနဿ၊နှလုံးမသာယာ ဖြစ်ရခြင်းငှ။ ဥပါယာသာ၊ သက်ကြီးဖိုလှိုက် ငင်ရှိုက်ပင်ပန်းရခြင်းတို့သည်ငှ။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ဤသို့။ကေဝလဿ ဒုက္ခက္ခန္ဓဿ၊သုခမဘက် သက်သက်ဒုက္ခစု ဒုက္ခခဲကြီး ဖြစ်နေသော။ ဧတဿ၊ ထိုဝဋ္ဋတရား၏။ သမုဒယော၊ ပွါးစီး ဖြစ်ထွန်းခြင်းသည်။ဟောတိ၊ဖြစ်၏။

သောတ ဃာန ဇိဝှါ ကာယ မနကို အရင်းတည်၍ ဟောသောပါဠိတော်စုမှာလည်း ဤအတိုင်းပင်သိလေ။

**မှတ်ချက်**– တယောက်တယောက်သော သတ္တဝါ၏ ဘဝအဆက်ဆက် ဖြစ်ပေါ်၍နေမှု၌ တခုတခုသော ဖြစ်ပေါ်ရန် အစကို ဓါတ်သုံးပါးသုံးပါး တွဲဘက်၍ ပြတော်မူပေသော ပဋိစ္စသမုပ္ပါဒ်နည်းပေတည်း။

ဃ။ စက္ခုဒွါရ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ ဓါတ်သုံး ပါးတွဲ။
ခ။ သောတဒွါရ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ ဓါတ်သုံးပါးတွဲ။
ဂ။ ဃာနဒွါရ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ ဓါတ်သုံး ပါးတွဲ။
ဃ။ ဇိဝှါဒွါရ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ ဓါတ်သုံးပါးတွဲ။
င။ ကာယဒွါရ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယ ဝိညာဏံ ဓါတ်သုံးပါးတွဲ။
စ။ မနဒွါရ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ ဓါတ်သုံး ပါးတွဲ။

သုံးပါးခြောက်လီ(၁၈)ပါးဖြစ်၏။

---

ကောဓမ္မောအရ ဓါတ်တပါးပါးကို နှလုံးသွင်းရန် စတု ကင်္ဂုတ္တရ ပါဠိတော်၌ မြတ်စွာဘုရားဟောတော်မူသော—

## မဟာရာဟုလောဝါဒသုတ်ပါဠိတော်

အထခေါ အာယသ္မာ ရာဟုလော ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နံ ခေါ အာယသ္မန္တံ ရာဟုလံ ဘဂဝါ ဧတဒဝေါစ၊ ယာစ ရာဟုလ အဇ္ဈတ္တိကာ ပထဝီဓါတု၊ ယာစ ဗာဟိရာ ပထဝီဓါတု၊ ပထဝီဓါတုယေဝေသာ နေတံ မမ၊ နေသော ဟမသ္မိ၊ နေသော မေ အတ္တာတိ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ ပထဝီဓါတု ယာ နိဗ္ဗိန္ဒတိ ပထဝီဓါတုယာ စိတ္တံ ဝိရာဇေတိ။ ယာစ ရာဟုလ

အဇ္ဈတ္တိကာ အာပေါဓါတု၊ ယာစ ဗာဟိရာ အာပေါဓါတု။ အာပေါယေဝေသာ နေတံ မမ၊ နေသောဟမသ္မိ နေသော မေ အတ္တာတိ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ အာပေါဓါတုယာ နိဗ္ဗိန္ဒတိ၊ အာပေါဓါတုယာ စိတ္တံ ဝိရာဇေတိ။ ယာစ ရာဟုလ အဇ္ဈတ္တိကာ တေဇောဓါတု၊ ယာစ ဗာဟိရာ တေဇောဓါတု၊တေဇောယေဝေသာ နေတံ မမ၊နေသောဟမသ္မိ နေသော မေ အတ္တာတိ။ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ တေဇောဓါတုယာ နိဗ္ဗိန္ဒတိ၊ တေဇောဓါတုယာ စိတ္တံ ဝိရာဇေတိ။ ယာစ ရာဟုလ အဇ္ဈတ္တိကာ ဝါယောဓါတု၊ ယာစ ဗာဟိရာ ဝါယောဓါတု၊ ဝါယောယေဝေသာ နေတံ မမ နေသောဟမသ္မိ နေသော မေ အတ္တာတိ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ ဝါယောဓါတုယာ နိဗ္ဗိန္ဒတိ၊ ဝါယောဓါတုယာ စိတ္တံ ဝိရာဇေတိ။ ယတော ခေါ ရာဟုလ ဘိက္ခူ ဣမာသု စတူသု ဓါတူသု နေဝတ္တာနံ နအတ္တနိယံ သမနုပဿတိ၊ အယံ ဝုစ္စတိ ရာဟုလ သမ္မာဒသော ဘိက္ခု အစ္ဆေစ္ဆိ တဏှံ ဝိဝဋ္ဋယိ သံယောဇနံ သမ္မာ မာနာဘိသမယာ အန္တမကာသိ ဒုက္ခဿာတိ။

**အနက်ကား**.....အထခေါ၊ထို့အခါ၌။အာယသ္မာရာဟုလော၊ အရှင်ရာဟုလာသည်။ယေန၊အကြင်အရပ်၌။ဘဂဝါ၊မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထို မြတ်စွာဘုရားရှိတော်မူရာအရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍။ ဧကမန္တံ၊ သင့်တင့်သောအရပ်၌။ နိသီဒိ၊ နေ၏။ ဧကမန္တံ၊ သင့်တင့်သောအရပ်၌။နိသိန္နံခေါ၊နေပြီးသော။ အာယသ္မန္တံ ရာဟုလံ၊ အရှင်

ရာဟုလာကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ဓေါ၊ ဤဆိုလတ္တံ့သော စကားတော်ကို။အဝေါစ၊မိန့်တော်မူ၏။ရာဟုလ၊ရာဟုလာ။ အဇ္ဈတ္တိကာ၊အဇ္ဈတ္တသန္တာန်၌ ဖြစ်သော။ယာစ ပထဝီဓါတု၊ အကြင် ပထဝီဓါတ်သည်လည်း။ အတ္ထိ၊ရှိ၏။ ဗာဟိရာ၊ အပသန္တာန်၌ဖြစ်သော။ ယာစ ပထဝီဓါတု၊ အကြင် ပထဝီဓါတ်သည်လည်း။ အတ္ထိ၊ ရှိ၏။ သော၊ဤပထဝီဓါတ် နှစ်ပါးသည်။ ပထဝီဓါတုယေဝ၊ မြေသဘော သက်သက်သာတည်း။ဓေါ၊ဤပထဝီနှစ်မျိုးလုံးသည်။ န မမ၊ငါပိုင်ဥစ္စာမဟုတ်။ ဧသော၊ ဤပထဝီ နှစ်မျိုးလုံးသည်။ န အဟမသ္မိ၊ ငါမဟုတ်။ ဧသော၊ ဤပထဝီ နှစ်မျိုးလုံးသည်။န မေ အတ္တာ၊ ငါ၏ အတ္တမဟုတ်။ဣတိဧဝံ၊ဤသို့။ဓေါ၊ဤပထဝီ နှစ်မျိုးလုံးကို။ ယထာဘူတံ၊ဟုတ်မှန်သည့်အတိုင်း။သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ရှုအပ်၏။ ဧဝံ၊ဤသို့။ ဓေါ၊ ဤပထဝီဓါတ်ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မာ၊ကောင်းစွာ။ ပညာယ၊ ဝိပဿနာ ပညာဖြင့်။ဒိသွာ၊မြင်၍။ ပထဝီဓါတုယာ၊ ပထဝီဓါတ်၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ပထဝီဓါတုယာ၊ ပထဝီဓါတ်၌။စိတ္တံ၊စိတ်သည်။ ဝိရာဇေတိ၊ တပ်ခြင်းကင်း၏။

ရာဟုလ၊ ရာဟုလာ။ အဇ္ဈတ္တိကာ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ ယာစ အာပေါဓါတု၊ အကြင် အာပေါဓါတ်သည်လည်း။ အတ္ထိ၊ ရှိ၏။ ဗာဟိရာ၊ အပ သန္တာန်၌ဖြစ်သော။ ယာစ အာပေါ ဓါတု၊ အကြင် အာပေါဓါတ်သည်လည်း။ အတ္ထိ၊ ရှိ၏။ သော၊ ဤအာပေါဓါတ် နှစ်ပါးသည်။ အာပေါယေဝ၊ မိုး သဘော သက်သက်သာတည်း။ ဓေါ၊ ဤအာပေါဓါတ် နှစ်မျိုးလုံးသည်။န မမ၊ ငါပိုင်ဥစ္စာမဟုတ်။ ဧသော၊ ဤအာပေါဓါတ် နှစ်မျိုးလုံးသည်။ န အဟမသ္မိ၊ ငါမဟုတ်။ ဧသော၊ဤအာပေါဓါတ်နှစ်မျိုးလုံးသည်။န မေအတ္တာ၊

ငါ၏ အတ္တမဟုတ်။ ဣတိဧဝံ၊ ဤသို့။တော၊ဤ အာပေါဓါတ် နှစ်မျိုး လုံးကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဝိပဿနာ ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဧဝံ၊ ဤသို့၊ တော၊ ဤအာပေါဓာတ်ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မာ၊ ကောင်းစွာ၊ပညာယ၊ဝိပဿနာပညာဖြင့်။ ဒိသွာ၊ မြင်၍။ အာပေါ ဓာတုယာ၊ အာပေါဓာတ်၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ အာပေါဓာတုယာ၊ အာပေါဓာတ်၌။စိတ္တံ၊စိတ်သည်။ဝိရာဇေတိ၊တပ်ခြင်းကင်း၏။

ရာဟုလ၊ ရာဟုလာ။ အဇ္ဈတ္တိကာ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ ယာစ တေဇောဓာတု၊ သည်လည်း။ အတ္ထိ၊ ရှိ၏။ ဗာဟိရာ၊ အပ သန္တာန်၌ဖြစ်သော။ယာစ တေဇောဓာတု၊ အကြင် တေဇော ဓာတ်သည်လည်း။အတ္ထိ၊ရှိ၏။သော၊ဤတေဇောဓာတ်နှစ်ပါးသည်။ တေဇောယေဝ၊မီးသဘော သက်သက်သာတည်း။တော၊ဤတေဇော ဓာတ် နှစ်မျိုးလုံးသည်။ န မမ၊ ငါပိုင်ဥစ္စာမဟုတ်။သော၊ဤတေ ဇောဓာတ်နှစ်မျိုးလုံးသည်။န အဟမသ္မိ၊ငါမဟုတ်။သော၊ဤတေ ဇောဓာတ်နှစ်မျိုးလုံးသည်။န မေ အတ္တာ၊ငါ၏ အတ္တမဟုတ်။ဣတိ၊ ဤသို့။တော၊ဤတေဇောဓာတ်နှစ်မျိုးလုံးကို။ယထာဘူတံ၊ ဟုတ်မှန် သည့်အတိုင်း။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ရှုအပ်၏။ဧဝံ၊ဤသို့၊ တော၊ဤတေဇောဓာတ်ကို။ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။သမ္မာ၊ကောင်းစွာ။ပညာယ၊ဝိပဿနာပညာ ဖြင့်။ ဒိသွာ၊မြင်၍။ တေဇောဓာတုယာ၊တေဇောဓာတ်၌။နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ တေဇောဓာတုယာ၊တေဇောဓာတ်၌။ စိတ္တံ၊စိတ်သည်။ ဝိရာဇေတိ၊တပ်ခြင်းကင်း၏။

ရာဟုလ၊ ရာဟုလာ၊ အဇ္ဈတ္တိကာ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ ယာစ ဝါယောဓာတု၊အကြင်ဝါယောဓာတ်သည်လည်း။အတ္ထိ၊ရှိ၏။

ဗာဟိရာ၊အပ သန္တာန်၌ဖြစ်သော။ယာစ ဝါယောဓာတုအကြင် ဝါယောဓာတ်သည်လည်း။အတ္ထိ၊ရှိ၏။သော၊ဤဝါယောဓာတ်နှစ်ပါးသည်။ဝါယောယေဝ၊လေ သဘောသက်သက်သာတည်း။တေ၊ဤဝါယောဓာတ် နှစ်မျိုးလုံးသည်။န မမ၊ငါပိုင်ဥစ္စာမဟုတ်။သော၊ဤဝါယောဓာတ်နှစ်မျိုးလုံးသည်။န အဟမသ္မိ၊ငါမဟုတ်။သော၊ဤဝါယောဓာတ် နှစ်မျိုးလုံးသည်။ န မေ အတ္တာ၊ ငါ၏ အတ္တမဟုတ်။ ဧဝံ၊ ဤသို့။ တေ၊ ဤဝါယောဓာတ် နှစ်မျိုးလုံးကို။ယထာဘူတံ၊ဟုတ်မှန်သည့်အတိုင်း။ သမ္မာ၊ ကောင်းစွာ။ပညာယ၊ဝိပဿနာပညာဖြင့်။ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ဧဝံ၊ဤသို့။ တေ၊ဤဝါယောဓာတ်ကို။သမ္မာ၊ကောင်းစွာ။ပညာယ၊ ဝိပဿနာပညာဖြင့်။ ဒိသွာ၊မြင်၍။ ဝါယောဓာတုယာ၊ ဝါယောဓာတ်၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ဝါယောဓာတုယာ၊ ဝါယောဓာတ်၌။စိတ္တံ၊စိတ်သည်။ ဝိရာဇေတိ၊တပ်ခြင်းကင်း၏။

ရာဟုလ၊ ရာဟုလာ။ ယတော၊အကြင်အခါ၌။ ဘိက္ခု၊ ရဟန်းသည်။စတူသု၊လေးပါးကုန်သော၊ဣမာသု ဓာတူသု၊ဤဓာတ်တို့၌။နေဝတ္တာနံ၊အနှစ်သာရ အတ္တမဟုတ်သည်ကို။န အတ္တနိယံ၊ကိုယ်နှင့်မစပ်သည်ကို။သမနုပဿတိ၊ကောင်းစွာမြင်၏။ရာဟုလ၊ရာဟုလာ။အယံဘိက္ခု၊ဤသို့ မြင်သော ရဟန်းကို။သမ္မာဒသော၊ ကောင်းစွာမြင်သော ရဟန်းဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။တဏှံ၊တဏှာကို။အစ္ဆေဇ္ဇိ၊ဖြတ်ပြီ။ သံယောဇနံ၊ သံယောဇဉ်ကို။ ဝိဝဋ္ဋယိ၊မဖြစ်စေပြီ။သမ္မာ၊ကောင်းစွာ၊ မာနာဘိသမယာ၊ မာနကို ပယ်နိုင်ခြင်းကြောင့်။ဒုက္ခဿ၊ အမျိုးမျိုးသောဝဋ်ဆင်းရဲ၏။ အန္တံ၊အဆုံးကို။ အကာသိ၊ပြုနိုင်ပြီ။

**ပထဝီယေဝေဝသာပါဠိ၌ အဓိပ္ပါယ်ကား......**

မြေကြီး, တော, တောင် စသည်တို့၌ရှိသော ဗာဟိရ ပထဝီသည်လည်း ငါပိုင်ဥစ္စာမဟုတ် ငါလည်းမဟုတ် ငါ၏ အတ္တလည်းမဟုတ် ဟု ထင်ရှား၏။ ထို့အတူ မိမိ၏ အဇ္ဈတ္တသန္တာန်၌ရှိသော ခက်မာမှုကြိယာကိုလည်း ငါပိုင်ဥစ္စာမဟုတ် ငါလည်းမဟုတ် ငါ၏ အတ္တလည်းမဟုတ်ဟု ဉာဏ်အမြင်၌ ထင်ရှားစေရမည်၊ ပထဝီနှစ်မျိုး ထပ်တူကျစေရမည်၊ အဇ္ဈတ္တပထဝီကို ပုဂ္ဂိုလ်, သတ္တဝါ, ငါဖြစ်၍ မနေစေနှင့် ငါ၏ဥစ္စာဖြစ်၍ မနေစေနှင့် ငါ၏အတ္တဖြစ်၍ မနေစေနှင့်ဟု ဝေ့ ကြောက်ကန် လျှာထိပ်သံ ပြင်းပြင်းနှင့် ခပ်တင်း တင်း ဟောတော်မူပေသတည်း။

စူဠရာဟုလောဝါဒ သုတ် ပါဠိ အနက် ပြီး၏။

---

**ခန္ဓာငါးပါး**

ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ,
ဝိညာဏက္ခန္ဓာ။

**ရူပက္ခန္ဓာ၏သဘောလက္ခဏာကား......**

ရူပက္ခန္ဓာပထဝီ မာမှု နူးညံ့မှု မြေဓာတ်၊ အာပေါ ဖွဲ့စေးမှု ယိုစီးမှု ရေဓာတ်၊ တေဇော ပူမှု မှေု မီးဓာတ်၊ ဝါယော ထောက်ကန်မှု လှုပ်ရှားမှု လေဓာတ်၊ ဝဏ္ဏ အဆင်းဓာတ်၊ ဂန္ဓ အနံ့ဓာတ်၊ ရသ ချို ချဉ် စပ် ငန် ဖန် ခါး ရသဓာတ်၊ ဩဇာ ရုပ်ကို ကြီးပွားစေတတ်သော ဓာတ်ဆီဓာတ်စေး ဩဇာဓာတ်၊ သဒ္ဒ အသံဓာတ်။

ရူပက္ခန္ဓာ ပြီး၏။

## ဖှင်းလင်းဖော်ပြသောအခန်း

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဤလေးပါးကို မဟာဘုတ် လေးပါးဟုခေါ်သည်။ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဤလေးပါးကို ဥပါဒါရုပ်လေးပါး ဟု ခေါ်သည်၊ ဤမဟာဘုတ် လေးပါးနှင့် ဥပါဒါရုပ် လေး ပါး ကို အဋ္ဌကလာပ်ရုပ်ခဲတ် ရှစ်ပါး ဟုခေါ်သည်။ ၎င်းအဋ္ဌကလာပ်ရုပ်ခဲတ် ရှစ်ပါးတို့သည် အတူတကွဖြစ်၍ အတူတကွပျက်တတ်သောတရားမျိုးဖြစ်၍အဝိနိဗ္ဘောဂရုပ်မည်၏။ ထိုအဝိနိဗ္ဘောဂရုပ်တို့၌ နိသတ္တ နိဇီဝ မြင်ပုံက တိုင်ဟူ၍ ခေါ်ဆိုသမုတ်ကြတဲ့ အဋ္ဌကလာပ်ရုပ်တွင် အဖြူ အနီ အဝါ အစိမ်း အမဲ အစရှိသော ဝဏ္ဏ အဆင်းက မျက်စိဖြင့် မြင်ကောင်းသော ရုပ်ခဲတ်တမျိုးမည်၏၊ တိုင် ဟူ၍ ခေါ်ဆိုသမုတ်ကြတဲ့ အဋ္ဌကလာပ်ရုပ်တွင် အမွှေးနံ့ အပုပ်နံ့ ဟုဆိုအပ်သော အနံ့ခဲတ် ဟူသမျှသည် နှာခေါင်းဖြင့် နမ်းမိမှ သိရသော ရုပ်ခဲတ်တမျိုးမည်၏၊ တိုင် ဟူ၍ ခေါ်ဆိုသမုတ်ကြတဲ့ အဋ္ဌကလာပ်ရုပ်တွင် ချို ချဉ် စပ် ငန် ဖန် ခါး ရသာခဲတ် အမျိုးမျိုးသည် လျှာပြင်သို့ရောက်ကြမှ သိရသော ရုပ်ခဲတ်တမျိုးမည်၏။ တိုင် ဟူ၍ ခေါ်ဆိုသမုတ်ကြတဲ့ အဋ္ဌကလာပ်ရုပ်တွင် ဩဇာရုပ်ကိုကြီးပွားစေတတ်သော ခဲတ်ဆီ ခဲတ်စေး ဩဇာခဲတ်ဆိုတာ သုခုမရုပ်ဖြစ်၍ မနောဒွါရ၌စိတ်နှင့် ဉာဏ်နှင့်သာ သိအပ်သိထိုက်သောရုပ်ကို ကြီးပွားစေတတ်သော ဩဇာရုပ်ခဲတ်တမျိုးမည်၏။ တိုင် ဟူ၍ ခေါ်ဆိုသမုတ်ကြတဲ့ အဋ္ဌကလာပ် ရုပ်ခဲတ်တွင် မာမှု နူးညံ့မှု ရုပ်တမျိုး ပူမှု ဧမှု ရုပ်တမျိုး ထောက်ကန် လှုပ်ရှားမှု ရုပ်တမျိုး ဤသုံးမျိုးသော ရုပ်ကတော့ ကိုယ်အင်္ဂါတို့နှင့် နှင်းမိ ကိုင်မိ တိုက်ခိုက်ထိပါးသောအခါတို့၌သာ သိရသောကြောင့် ဖောဋ္ဌဗ္ဗရုပ်ခဲတ်တမျိုးမည်၏။

**မှတ်ချက်**–အဋ္ဌကလာပ်ရုပ်ခေတ်အချင်းချင်းထိခတ်မှုဒဏ်ကြောင့် အသံဖြစ်ပေါ်သည် ၎င်းအသံခေတ်ကို ထည့်သွင်း ရေတွက်သော် နဝကကလာပ်ရုပ် ကိုးပါးဟုခေါ်သည်။

---

## ဒွါရခြောက်ပါး၌ အစီအစဉ်အတိုင်း အာရုံခြောက်ပါးကို တေနိုဘဲ့ဘက်၍ ပြသောအခန်း

ဝဏ္ဏ အဆင်းခေတ်မှာ စက္ခုဒွါရနှင့် ဆိုင်သည်။

သဒ္ဒ အသံခေတ်မှာ သောတဒွါရနှင့် ဆိုင်သည်။

ဂန္ဓ အနံ့ခေတ်မှာ ဃာနဒွါရနှင့် ဆိုင်သည်။

ရသ ချို ချဉ် စပ် ငန် ဖန် ခါး ရသခေတ်မှာ ဇိဝှါဒွါရနှင့် ဆိုင်သည်။

ပထဝီ မာမှု နူးညံ့မှု မြေခေတ်၊ တေဇော ပူမှု အေးမှု မီးခေတ်၊ ဝါယော ထောက်ကန် လှုပ်ရှားမှု လေခေတ် ဤသုံးပါးသော ခေတ်တို့သည် ဖောဋ္ဌဗ္ဗရုပ်ခေါ်သည်။ ၎င်းဖောဋ္ဌဗ္ဗခေတ်များမှာ ကာယဒွါရနှင့် ဆိုင်သည်။

အာပေါခေတ် ဩဇာခေတ်များမှာ မနောဒွါရနှင့် ဆိုင်သည်။ ၎င်းပြင် မနောဒွါရနှင့် ဆိုင်သော ဓမ္မခေတ် ဆိုသည်ကား ကုသိုလ်တရား အကုသိုလ်တရား အဗျာကတတရား အလုံးစုံကို ဓမ္မခေတ်ဆိုသည်။

ဒွါရခြောက်ပါး၌ အာရုံခြောက်ပါးတွဲဘက်၍
ပြသောအခန်း ပြီး၏။

**နာမက္ခန္ဓာလေးပါး၏ သဘောလက္ခဏာကိုကား......**

ဝေဒနာက္ခန္ဓာ ကောင်း မကောင်း အလတ်အားဖြင့် ခံစားမှု ဝေဒနာစေတသိက်၊ သညာက္ခန္ဓာ အဟောင်းမှတ်သိမှု သညာစေတသိက်၊ သင်္ခါရက္ခန္ဓာ စေ့ဆော်မှု ပြုပြင်မှု လှုံ့ဆော်မှု စေတနာစေတသိက်၊ဝိညာဏက္ခန္ဓာ ထွေထွေလာလာကြံသိမှုစိတ်။

နာမက္ခန္ဓာလေးပါး၏ သဘောလက္ခဏာကို
ပြသောအခန်း ပြီး၏။

---

ထိုနာမက္ခန္ဓာ လေးပါးတို့တွင် ဝိညာဏက္ခန္ဓာ ထွေထွေလာလာ ကြံ၍ သိပုံကို အနည်းငယ်မျှ ဖော်ပြလိုက်ပါမည်။

တိုင် ဟူ၍ခေါ်ဆိုမှုတခုသည် စိတ်ထဲတွင်အထင်ကြီးထင်၍ အဆင်း ရူပါရုံတွေကို စိတ်က ရှည်ရှည်လုံးလုံး တိုင်ဟု ကြံစည်ပြီးမှ တိုင် ဟု ခေါ်ဆိုမှုတခု နှုတ်ဖျားပါးစပ်ဝတွင် ဖြစ်ပေါ်လာတယ် ဒါကြောင့် တိုင်သို့ ကြံစည်တိုင်းကြံစည်တိုင်း ခေါ်ဝေါ်ပြောဆိုမှု ဖြစ်တိုင်းဖြစ်တိုင်း သူတပါး ပြောဆိုသော အသံကို ကြား၍ တိုင် တိုင်ဟု ကြံသိမှု ပေါ်တိုင်းပေါ်တိုင်း ဝိညာဏက္ခန္ဓာ နာမ်တရားဟု ဆင်ခြင်ရမည် နှလုံးသွင်းရမည်။ ဤကဲ့သို့ ဝိညာဏဓာတ် နာမ်တရားတခုကို နှလုံးသွင်းရုံနှင့် နိဗ္ဗာန်ရ၏ဟု ယုံကြည်အားထားရန် ဘုရားဟောတော်မူသော

**နိဒါန ဝဂ္ဂသံယုတ်ပါဠိတော်**

ဝိညာဏေ ဘိက္ခဝေ အာဟာရေ ပရိညာတေ နာမရူပံ ပရိညာ တံ ဟောတိ။ နာမရူပေ ပရိညာတေ အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ။

**အနက်ကား**......ဘိက္ခဝေ၊ ရဟန်းတို့။ ဝိညာဏေအာဟာရေ၊ ဝိညာဏာဟာရကို။ ပရိညာတေ၊ ပရိညာသုံးပါးဖြင့် အဆုံးတိုင် ပိုင်နိုင်သည်ရှိသော်။ နာမရူပံ၊ နာမ်ဟူသမျှ ရုပ်ဟူသမျှသည်။ ပရိညာတံ၊ ပိုင်နိုင်မှု အလိုလိုပြီးစီးလေတော့သည်။ ဟောတိ၊ ဖြစ်၏၊နာမရူပေ၊ နာမ်ဟူသမျှ ရုပ်ဟူသမျှသည်။ပရိညာတေ၊ပိုင်နိုင်မှု အလိုလိုပြီးစီးသည်ရှိသော်။အရိယသာဝကဿ၊ငါဘုရား တပည့်သားအား။ ဥတ္တရိ၊ ထိုထက် အလွန်။ ကိဉ္စိ၊ တစုံတခုကိုမျှ၊ ကရဏီယံ၊ ပြုဘွယ် လုပ်ဘွယ် အားထုတ်ဘွယ် ကိစ္စသည်။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့။ ဝဒါမိ၊ငါဘုရား ဟောတော်မူ၏။

## ဒွါရ ၆ အာရုံ ၆ ပါးတို့၌ ခန္ဓာ ၅ ပါး သစ္စာ ၄ ပါး ခွဲနည်း

**စက္ခုဒွါရ**–နေရောင် ခန္ဓာငါးပါး သစ္စာလေးပါး အရောင်က ရူပက္ခန္ဓာ၊ ကောင်း မကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာက္ခန္ဓာ၊ အဟောင်းကို မှတ်သိမှုက သညာက္ခန္ဓာ၊ စေ့ဆော်မှု ပြုပြင်မှု လှုံ့ဆော်မှုက စေတနာသင်္ခါရက္ခန္ဓာ၊ နေက ဝိညာဏက္ခန္ဓာ ခန္ဓာငါးပါး အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခသစ္စာကိုသိတာက မဂ္ဂသစ္စာ ခန္ဓာငါးပါးကို သာယာတာက လောဘသမုဒယသစ္စာ လောဘ သမုဒယသစ္စာ ချုပ်ငြိမ်းတာက နိရောဓသစ္စာ။

**သောတဒွါရ**–ကြက်သံ ခန္ဓာငါးပါး သစ္စာလေးပါး အသံက ရူပက္ခန္ဓာ၊ ကောင်း မကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာက္ခန္ဓာ၊ အဟောင်း မှတ်သိမှုက သညာက္ခန္ဓာ၊စေ့ဆော်မှု ပြုပြင်မှု လှုံ့ဆော်မှုက စေတနာသင်္ခါရက္ခန္ဓာ၊ကြက်က ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါး အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခသစ္စာကို သိတာက မဂ္ဂသစ္စာ

ခန္ဓာငါးပါးကိုသာယာတာက လောဘသမုဒယသစ္စာ လောဘသမုဒယသစ္စာ ချုပ်ငြိမ်းတာက နိရောဓသစ္စာ။

**ဃာနဒွါရ**- ရေနံ့ဆိုနံ့၊ ခန္ဓာငါးပါး၊ သစ္စာလေးပါး၊ အနံ့က ရူပက္ခန္ဓာ၊ ကောင်း မကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာက္ခန္ဓာ၊အဟောင်းကို မှတ်သိမှုက သညာက္ခန္ဓာ၊စေ့ဆော်မှု ပြုပြင်မှု လှုံ့ဆော်မှုက စေတနာသင်္ခါရက္ခန္ဓာ၊ ရေနံ့ဆိက ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါး၊ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခသစ္စာသိတာ မဂ္ဂသစ္စာ ခန္ဓာငါးပါးကို သာယာတာ လောဘသမုယသစ္စာ လောဘသမုဒယသစ္စာ ချုပ်ငြိမ်းတာ နိရောဓသစ္စာ။

**ဇိဝှါဒွါရ**–ထန်းလျက်ချိုတယ်၊ ခန္ဓာငါးပါး သစ္စာလေးပါး ချိုတဲ့ရသာက ရူပက္ခန္ဓာ၊ ကောင်း မကောင်း အလယ်အလတ်အား ဖြင့် ခံစားမှုက ဝေဒနာက္ခန္ဓာ၊ အဟောင်းကို သိမှုက သညာက္ခန္ဓာ၊ စေ့ဆော်မှု ပြုပြင်မှု လှုံ့ဆော်မှုက စေတနာသင်္ခါရက္ခန္ဓာ၊ ထန်း လျက်က ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါး အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခသစ္စာကိုသိတာ မဂ္ဂသစ္စာ ခန္ဓာငါးပါးကို သာယာတာ လောဘသမုဒယသစ္စာ လောဘသမုဒယ ချုပ်ငြိမ်းတာ နိရောဓ သစ္စာ။

**ကာယဒွါရ**–ဥက္ကောင်း မာတယ် နူးညံ့တယ် ပူတယ် တောယ် ထောက်ကန်လှုပ်ရှားတယ်၊ ခန္ဓာငါးပါး၊ သစ္စာလေးပါး၊ မာတာ နူးညံ့တာ ပူတာ တော ထောက်ကန်လှုပ်ရှားတာက ရူပက္ခန္ဓာ၊ ကောင်း မကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာက္ခန္ဓာ၊ အဟောင်းမှတ်သိမှုက သညာက္ခန္ဓာ၊ စေ့ဆော်မှု ပြုပြင်မှု လှုံ့ဆော် မှုက စေတနာသင်္ခါရက္ခန္ဓာ၊ဥက္ကောင်းက ဝိညာဏက္ခန္ဓာ၊ခန္ဓာငါးပါး

အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခသစ္စာကိုသိတာ မဂ္ဂသစ္စာ ခန္ဓာ ငါးပါးကို သာယာတာ လောဘသမုဒယသစ္စာ လောဘသမုဒယ သစ္စာ ချုပ်ငြိမ်းတာ နိရောဓသစ္စာ။

**မနောဒွါရ**—အရှေ့ အနောက် တောင် မြောက် အောက် အထက် အနိမ့် အမြင့် အဝေး အနီး အသေး အကြီး လေးမြောင့် ရှစ်ထောင့် နက် တိမ် တို ရှည် ရှိ မရှိ သိ မသိ ငုပ်တုပ် ခန္ဓာငါးပါး သစ္စာလေးပါး ဟဒယဝတ္ထုက ရူပက္ခန္ဓာ၊ ကောင်း မကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာက္ခန္ဓာ၊ အဟောင်း မှတ်သိမှုက သညာက္ခန္ဓာ၊ စေ့ဆော်မှု ပြုပြင်မှု လှုံ့ဆော်မှုက စေတနာသင်္ခါရက္ခန္ဓာ၊ အရှေ့ အနောက် တောင် မြောက် အောက် အထက် အနိမ့် အမြင့် အဝေး အနီး အသေး အကြီး လေးမြောင့် ရှစ်ထောင့် နက် တိမ် တို ရှည် ရှိ မရှိ သိ မသိ ငုတ်တုတ်ကပိညာဏက္ခန္ဓာ၊ခန္ဓာငါးပါး အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခသစ္စာကို သိတာ မဂ္ဂသစ္စာ ခန္ဓာငါး ပါးကို သာယာတာ လောဘသမုဒယသစ္စာ လောဘသမုဒယသစ္စာ ချုပ်ငြိမ်းတာ နိရောဓသစ္စာ။

ဒွါရ ၆ ပါး အာရုံ ၆ ပါးတို့၌ ခန္ဓာငါးပါး
သစ္စာလေးပါးဖွဲ့နည်း ပြီးပြီ။

---

## ဒွါရ ၆ ပါး အာရုံ ၆ ပါးတို့၌ စိတ်စေတသိက်ရုပ် သစ္စာလေးပါး ဖွဲ့နည်း

**စက္ခုဒွါရ**—နေရောင် စိတ် စေတသိက် ရုပ်၊ သစ္စာလေးပါး၊ နေက စိတ်၊ ကောင်း မကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာ စေတသိက်၊ အရောင်က ရုပ်၊ စိတ် စေတသိက် ရုပ်၊ အနိစ္စ

လက္ခဏာ ဒုက္ခသစ္စာ ဒုက္ခသစ္စာကိုသိတာ မဂ္ဂသစ္စာ စိတ် စေတသိက် ရုပ်ကို သာယာတာ လောဘသမုဒယသစ္စာ လောဘသမုဒယသစ္စာ ချုပ်ငြိမ်းတာ နိရောဓသစ္စာ။

**သောတဒွါရ**—ကြက်သံ၊စိတ် စေတသိက် ရုပ်၊သစ္စာလေးပါး ကြက်က စိတ်၊ ကောင်း မကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာစေတသိက်၊ အသံကရုပ်၊စိတ် စေတသိက် ရုပ်၊ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခသစ္စာကိုသိတာ မဂ္ဂသစ္စာ စိတ် စေတသိက် ရုပ်ကို သာယာတာ လောဘသမုဒယသစ္စာ လောဘသမုဒယသစ္စာ ချုပ်ငြိမ်းတာ နိရောဓသစ္စာ။

**ဃာနဒွါရ**—ရေနံဆီနံ့၊စိတ် စေတသိက်ရုပ်၊သစ္စာလေးပါး၊ ရေနံဆီက စိတ်၊ ကောင်း မကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာစေတသိက်၊ အနံ့ကရုပ်၊ စိတ် စေတသိက် ရုပ်၊ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခသစ္စာကိုသိတာ မဂ္ဂသစ္စာ စိတ် စေတသိက် ရုပ်ကို သာယာတာ လောဘသမုဒယသစ္စာ လောဘသမုဒယသစ္စာ ချုပ်ငြိမ်းတာ နိရောဓသစ္စာ။

**ဇိဝှါဒွါရ**—ထန်းလျက်ချိုတယ်၊ စိတ် စေတသိက် ရုပ်၊ သစ္စာလေးပါး၊ ထန်းလျက်က စိတ်၊ ကောင်း မကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာစေတသိက်၊ချိုတဲ့ရသာက ရုပ်၊ စိတ် စေတသိက် ရုပ်၊ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခသစ္စာကို သိတာ မဂ္ဂသစ္စာ စိတ် စေတသိက်ရုပ်ကို သာယာတာ လောဘသမုဒယသစ္စာ လောဘသမုဒယသစ္စာ ချုပ်ငြိမ်းတာ နိရောဓသစ္စာ။

**ကာယဒွါရ**—ဥက္ကောင်း မာတယ် နူးညံ့တယ် ပူတယ် တေယ် ထောက်ကန် လှုပ်ရှားတယ် စိတ် စေတသိက် ရုပ်၊ သစ္စာလေးပါး၊ ဥက္ကောင်းက စိတ်၊ ကောင်း မကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာစေတသိက်၊မာတာ နူးညံ့တာ ပူတာ တော ထောက်ကန် လှုပ်ရှားတာက ရုပ်၊စိတ် စေတသိက် ရုပ်၊အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခသစ္စာကိုသိတာ မဂ္ဂသစ္စာ စိတ် စေတသိက် ရုပ်ကို သာယာတာ လောဘသမုဒယသစ္စာ လောဘသမုဒယသစ္စာ ချုပ်ငြိမ်းတာ နိရောဓသစ္စာ။

**မနောဒွါရ**—အရှေ့ အနောက် တောင် မြောက် အောက် အထက် အနိမ့် အမြင့် အဝေး အနီး အသေး အကြီး လေးမြောင့် ရှစ်ထောင့် နက် တိမ် တို ရှည် ရှိ မရှိ သိ မသိ ငုတ်တုတ် စိတ် စေတသိက် ရုပ်၊ သစ္စာလေးပါး၊ အရှေ့ အနောက် တောင် မြောက် အောက် အထက် အနိမ့် အမြင့် အဝေး အနီး အသေး အကြီး လေးမြောင့် ရှစ်ထောင့် နက် တိမ် တို ရှည် ရှိ မရှိ သိ မသိ ငုတ်တုတ်က စိတ်၊ ကောင်း မကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာစေတသိက်၊ ဟဒယဝတ္ထုက ရုပ်၊ စိတ် စေတသိက် ရုပ်၊ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခသစ္စာကိုသိတာ မဂ္ဂသစ္စာ စိတ် စေတသိက် ရုပ်ကို သာယာတာ လောဘသမုဒယသစ္စာ လောဘသမုဒယသစ္စာ ချုပ်ငြိမ်းတာ နိရောဓသစ္စာ။

ဒွါရ ၆ ပါး အာရုံ ၆ ပါးတို့၌ သစ္စာလေးပါးဖွဲ့နည်း ပြီးပြီ။

## ဒွါရ ၆ အာရုံဇတို့၌ နာမ်ရုပ် ၂ပါး သစ္စာ ၄ပါးဖွဲ့နည်း

**စက္ခုဒွါရ**—နေရောင်၊ နာမ်ရုပ် သစ္စာလေးပါး နေက နာမ် အရောင်က ရုပ် နာမ်ရုပ်နှစ်ပါး အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခ သစ္စာကိုသိတာ မဂ္ဂသစ္စာ နာမ်ရုပ်နှစ်ပါးကို သာယာတာ လောဘ သမုဒယသစ္စာ လောဘသမုဒယသစ္စာချုပ်ငြိမ်းတာ နိရောဓသစ္စာ။

**သောတဒွါရ**—ကြက်သံ၊ နာမ် ရုပ် သစ္စာလေးပါး ကြက်က နာမ် အသံကရုပ် နာမ်ရုပ်နှစ်ပါး အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခ သစ္စာကိုသိတာက မဂ္ဂသစ္စာ နာမ်ရုပ် နှစ်ပါးကို သာယာတာ လော ဘသမုဒယသစ္စာ လောဘသမုဒယသစ္စာ ချုပ်ငြိမ်းတာ နိရောဓ သစ္စာ။

**ဃာနဒွါရ**—ရေနံဆီနံ့၊ နာမ်ရုပ် သစ္စာလေးပါး ရေနံဆီက နာမ် အနံ့က ရုပ် နာမ်ရုပ်နှစ်ပါး အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခ သစ္စာကိုသိတာ မဂ္ဂသစ္စာ နာမ်ရုပ်နှစ်ပါးကို သာယာတာ လောဘ သမုဒယသစ္စာ လောဘသမုဒယသစ္စာ ချုပ်ငြိမ်းတာနိရောဓသစ္စာ။

**ဇိဝှါဒွါရ**—ထန်းလျက်ချိုတယ်၊ နာမ် ရုပ် သစ္စာလေးပါး ထန်းလျက်ကနာမ် ချိုရသာကရုပ် နာမ်ရုပ်နှစ်ပါး အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခသစ္စာကိုသိတာ မဂ္ဂသစ္စာ နာမ်ရုပ်နှစ်ပါးကို သာယာ တာ လောဘသမုဒယသစ္စာ လောဘသမုဒယသစ္စာ ချုပ်ငြိမ်းတာ နိရောဓသစ္စာ။

**ကာယဒွါရ**—ဥက္ကောင်း မာတယ် နူးညံ့တယ် ပူတယ် တေယ် ထောက်ကန်လှုပ်ရှားတယ် နာမ် ရုပ် သစ္စာလေးပါး ဥက္ကောင်းက နာမ် မာတာ နူးညံ့တာ ပူတာ တော ထောက်ကန်လှုပ်ရှားတာက

နာမ်, ရုပ်နှစ်ပါး အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခသစ္စာကိုသိတာ မဂ္ဂသစ္စာ နာမ်ရုပ်နှစ်ပါးကို သာယာတာ လောဘသမုဒယသစ္စာ လောဘသမုဒယသစ္စာ ချုပ်ငြိမ်းတာ နိရောဓသစ္စာ။

**မနောဒွါရ**—အရှေ့ အနောက် တောင် မြောက် အောက် အထက် အနိမ့် အမြင့် အဝေး အနီး အသေး အကြီး လေးမြှောင့် ရှစ်ထောင့် နက် တိမ် တို ရှည် ရှိ မရှိ သိ မသိ ငုတ်တုတ် နာမ်ရုပ် သစ္စာလေးပါး အရှေ့ အနောက် တောင် မြောက် အောက် အထက် အနိမ့် အမြင့် အဝေး အနီး အသေး အကြီး လေးမြှောင့် ရှစ်ထောင့် နက် တိမ် တို ရှည် ရှိ မရှိ သိ မသိ ငုတ်တုတ်ကနာမ် ဟဒယဝတ္ထုက ရုပ် နာမ်ရုပ်နှစ်ပါး အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခသစ္စာကိုသိတာ မဂ္ဂသစ္စာ နာမ်ရုပ်နှစ်ပါးကို သာယာတာ လောဘသမုဒယသစ္စာ လောဘသမုဒယသစ္စာ ချုပ်ငြိမ်းတာ နိရောဓသစ္စာ။
ဒွါရ ၆ ပါး အာရုံ ၆ပါး နာမ်ရုပ်နှစ်ပါး သစ္စာလေးပါးဖွဲ့နည်းပြီး၏။

---

## ဘာဝနာလေးဆယ် အနက်

ခန္ဓာ၊ ခန္ဓာတို့သည်။ ရူပက္ခန္ဓော၊ ရုပ်အစု ဟူသော ရူပက္ခန္ဓာ လည်းကောင်း။ ဝေဒနာက္ခန္ဓော၊ ခံစားမှုအစုဟူသော ဝေဒနာက္ခန္ဓာ လည်းကောင်း။ သညာက္ခန္ဓော၊ အမှတ်ပြု၍သိမှုအစုဟူသောသညာ က္ခန္ဓာလည်းကောင်း။ သင်္ခါရက္ခန္ဓော၊ စိတ်၏စေ့ဆော်မှု ပြုပြင်မှု လှုံ့ဆော်မှု အစုဟူသော သင်္ခါရက္ခန္ဓာလည်းကောင်း။ ဝိညာဏက္ခန္ဓော၊ အာရုံကို ထွေထွေထူးထူး သိမှုအစု ဟူသော ဝိညာဏက္ခန္ဓာ လည်းကောင်း။ ဣမေ၊ ဤသည်တို့ကား။ ပဉ္စက္ခန္ဓာ၊ ငါးပါးသော ခန္ဓာတို့တည်း။

ဣမေ ပဉ္စက္ခန္ဓာ၊ ဤငါးပါးသော ခန္ဓာတို့သည်။ အနိစ္စာ၊ မြဲခြင်းသဘောမရှိကုန်။ အဓုဝါ၊ ခိုင်မာခြင်းသဘောမရှိကုန်။ အသာရာ၊ အနှစ်သာရမရှိကုန်။ စလာ၊ ရွေ့ရှားတတ်ကုန်၏။ ပလောကဓမ္မာ၊ ပျက်စီးခြင်းသဘောရှိကုန်၏။ ဝိပရိဏာမဓမ္မာ၊ ဖောက်ပြန်ခြင်း သဘောရှိကုန်၏။ မရဏဓမ္မာ၊ သေခြင်းဆုံးခြင်းသဘောရှိကုန်၏။ ဝိဘဝဓမ္မာ၊ ဆုံးရှုံးခြင်းသဘောရှိကုန်၏။ သင်္ခတာ၊ အဖန်ဖန် ပြုပြင်အပ်ကုန်၏။ ပဘင်္ဂုနော၊ ဖရိုဖရဲ ပြိုကွဲခြင်းသဘောရှိကုန်၏။ အနိစ္စံ၊ အနိစ္စလက္ခဏာဆယ်ပါးတည်း။

ဣမေ ပဉ္စက္ခန္ဓာ၊ ဤငါးပါးသော ခန္ဓာတို့သည်။ ဒုက္ခာ၊ ယုတ်မာညစ်ဆိုးဒုက္ခမျိုးတို့သာတည်း။ ဘယာ၊ ကြောက်ဘွယ်ညစ်ဆိုး ဘေးရန်မျိုးတို့သာတည်း။ ဤတီ၊ ထိတ်လန့်ဘွယ် အန္တရာယ်မျိုးတို့သာတည်း။ ဥပဒ္ဒဝါ၊ လွှန်စွာကပ်ရပ် နှိပ်စက်တတ်သော ဥပါဒ်မျိုးတို့သာတည်း။ ဥပသဂ္ဂါ၊ တွယ်တာစွဲကပ် နှိပ်စက်တတ်သော ဥပါဒ်မျိုးတို့သာတည်း။ ရောဂါ၊ ကြင်နာညစ်ဆိုး ရောဂါမျိုးတို့သာတည်း။ အာဗာဓာ၊ နှိပ်စက်ညစ်ဆိုး အနာမျိုးတို့သာတည်း။ ဂဏ္ဍာ၊ မဘွယ်ရပ်ဆင်း ထွတ်မြင်း အနာမျိုးတို့သာတည်း။ သလ္လာ၊ စူးဝင်ညစ်ဆိုးမျှားငြောင့်မျိုးတို့သာတည်း။ အဃာ၊ အကျိုးယုတ် အကျိုးမဲ့မျိုးတို့သာတည်း။

ဣမေ ပဉ္စက္ခန္ဓာ၊ ဤငါးပါးသော ခန္ဓာတို့သည်။ အတာဏာ၊ စောင့်ရှောက်မဲ့လျှင်း ဘေး၏ အသင်းတို့သာတည်း။ အလေဏာ၊ ကွယ်ကာမဲ့လျှင်း ဘေး၏ အသင်းတို့သာတည်း။ အသရဏာ၊ ကိုးရာမဲ့လျှင်း ဘေး၏အသင်းတို့သာတည်း။ အာဒီနဝါ၊ ဆိုးဝါးညစ်ကျု

အပြစ်စုတို့သာတည်း။ အဃ မူလာ၊ ကျိုးမဲ့ခပင်း ဆင်းရဲခြင်း၏ အရင်းအမြစ်တို့သာတည်း။ ဝဓကာ၊ လူ့နတ်, ဗြဟ္မာသတ္တဝါကို နာရီမလပ် အတွင်သတ်သည့် သူသတ်မျိုးရိုးတို့သာတည်း။ အာသဝါ၊ အာသဝေါတရား လေးပါးတို့၏ အစီးအပွါးတို့သာတည်း။ မာရာမိသာ၊ ကိလေသမာရ် ခန္ဓမာရ်တို့၏ စားဖတ်ဝါးဖတ် သုံးသတ် နင်းနယ်ရာတို့သာတည်း။ဇာတိဓမ္မာ၊သတ္တဝါကို မညှာမငဲ့ အရှုတစောင်း မကောင်းဆိုးညစ် ဖြစ်ခြင်တိုင်း ဖြစ်တတ်သော သဘောရှိကုန်၏။ ဇရာ ဓမ္မာ၊ဆုတ်ယုတ် လျော့ပါးခြင်း သဘောရှိကုန်၏။ ဗျာဓိဓမ္မာ၊ နာခြင်း သဘောရှိကုန်၏။ သောက ဓမ္မာ၊ စိုးရိမ် ပူပန်ရခြင်း သဘောရှိကုန်၏။ ပရိဒေဝဓမ္မာ၊ ငိုကြွေး မြည်တမ်းရခြင်း သဘောရှိကုန်၏။ဥပါယာသဓမ္မာ၊ သက်ကြီးရှိုက်ငင် ပင်ပန်းရခြင်း သဘောရှိကုန်၏။ သံကိလေသိက ဓမ္မာ၊ တဏှာ, ဒိဋ္ဌိ, ဒုစ္စရိတ တည်းဟူသော ညစ်နွမ်းခြင်း သုံးပါးတို့ကို ပွါးစီးစေတတ်သော သဘောရှိကုန်၏။ ဒုက္ခံ၊ ဒုက္ခလက္ခဏာ နှစ်ဆဲ့ငါးပါးတည်း။

ဣမေ ပဉ္စက္ခန္ဓာ၊ ဤငါးပါးသောခန္ဓာတို့သည်။ အနတ္တာ၊ ကိုယ်မဟုတ်ကုန် အစိုးမရကုန် အလိုသို့မလိုက်ကုန်။ပရေ၊အကြွမ်းဝင်ခြင်း အမြဲကင်းသော သူစိမ်းပြင်ပတို့သာတည်း။ရိတ္တာ၊အနှစ်သာရ ဟူသမျှနှင့် မြူစမယှဉ် အစဉ်ဆိတ်ကင်းသော တရားတို့သာတည်း။ တုစ္ဆာ၊ ကောင်းမြတ်ချမ်းသာ မင်္ဂလာသုခ ဟူသမျှနှင့် မြူစမန်း အချည်းနှီးသော တရားတို့သာတည်း။ သုညာ၊ ထောက် တည်ရာ ကိုးကွယ်ရာမျိုး တစိုးတစိ မရှိလုံးလုံး အသုံးမကျသော တရားတို့သာတည်း။

အနိစ္စလက္ခဏာ ဆယ်ပါး, ဒုက္ခလက္ခဏာ နှစ်ဆယ့်ငါးပါး, အနတ္တလက္ခဏာငါးပါး ဘာဝနာလေးဆယ်ဖြစ်၏။

ဘာဝနာ လေးဆယ်အနက် ပြီး၏။

စတုသစ္စဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ—**အနက်ကား** စတုသစ္စဝိနိမုတ္တော၊ သစ္စာလေးပါးမှ လွတ်သော။ ဓမ္မောနာမ၊ တရားမည်သည်။နတ္ထိ၊မရှိ။

---

ကြောင်းပန်းတောရကျောင်း၌

## တရားသင်နည်း ဆွေးနွေးနည်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

### ခန္ဓာငါးပါး

ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ။

**ရူပက္ခန္ဓာ**—ပထဝီ မာမှု နူးညံ့မှု မြေဓာတ်။အာပေါ ဖွဲ့စေးမှု ယိုစီးမှု ရေဓာတ်။ တေဇော ပူမှု အေးမှု မီးဓာတ်။ ဝါယော ထောက်ကန်မှု လေဓာတ်။ဝဏ္ဏ အဆင်းဓာတ်။ဂန္ဓ အနံ့ဓာတ်။ရသ ချို ချဉ် စပ် ငန် ဖန် ခါး ရသဓာတ်။ ဩဇာ ရုပ်ကို ကြီးပွါးစေတတ်သော ဓာတ်ဆီဓာတ်စေး ဩဇာဓာတ်။သဒ္ဒ အသံဓာတ်။

ရူပက္ခန္ဓာ ပြီး၏။

**ဝေဒနာက္ခန္ဓာ**—ကောင်း မကောင်းသော အလတ်အားဖြင့် ခံစားမှု ဝေဒနာစေတသိက်။

**သညာက္ခန္ဓာ**—အဟောင်း မှတ်သိမှု သညာစေတသိက်။

**သင်္ခါရက္ခန္ဓာ**—စေ့ဆော်မှု ပြုပြင်မှု လှုံ့ဆော်မှု စေတနာ စေတသိက်။

**ဝိညာဏက္ခန္ဓာ**—ထွေထွေလာလာ ကြံသိမှုစိတ်။

နာမက္ခန္ဓာ လေးပါး ပြီး၏။

---

**ဖေဏပိဏ္ဍူပမသုတ် ပါဠိတော်**

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။

ရူပံ၊ ရုပ်သည်။ ဖေဏပိဏ္ဍူပမံ၊ ငါဟုစွဲလမ်း အားထားစရာ အနှစ်သာရ ဘာမျှမရှိ ပေါင်းငြိစုံတွဲ ရေမြှုပ်ခဲနှင့်တူသော ဥပမာ ရှိ၏။

ဝေဒနာ၊ ဝေဒနာသည်။ ပုဗ္ဗုဠူပမာ၊ ငါဟုစွဲလမ်းအားထားစ ရာ အနှစ်သာရ အတ္တ ဟုဆိုအပ်သော ကိုယ်၏ မရှိခြင်းကြောင့် အနှစ်သာရ ဘာမျှမဘက် ဆူဝေပေါက်သည့် ရေပွက်နှင့်တူသော ဥပမာရှိ၏။

သညာ၊ သညာသည်။ မရီစိကူပမာ၊ ငါဟုစွဲလမ်းအားထားစရာ အနှစ်သာရ အတ္တ ဟုဆိုအပ်သော ကိုယ်၏ မရှိခြင်းကြောင့် အနှစ် သာရ ဘာမျှမကပ် တံလှပ်နှင့်တူသော ဥပမာရှိ၏။

သင်္ခါရာ၊ ဖဿ, စေတနာ အစရှိသော သင်္ခါရတို့သည်။ ကဒလူပမာ၊ငါ်ဟုစွဲလမ်း အားထားစရာ အနှစ်သာရ အတ္တ ဟုဆိုအပ်သော ကိုယ်၏ မရှိခြင်းကြောင့် အနှစ်မပါ အကာကိုမျှ ရှာမရသော ငှက်ပျောတုံးကြီးနှင့်တူသော ဥပမာရှိကုန်၏။

ဝိညာဏံ၊ ဝိညာဉ်သည်။ မာယူပမံ၊ ငါ်ဟုစွဲလမ်း အားထားစရာ အနှစ်သာရ အတ္တ ဟုဆိုအပ်သောကိုယ်၏ မရှိခြင်းကြောင့် အနှစ်အမာရှာ၍မရ မျက်လှည့်ပြသော အမှုကြီးနှင့်တူသော ဥပမာရှိ၏။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေဖြစ်တော်မူသော ငါဘုရားသည်။ ဒေသိတာ၊ဟောတော်မူအပ်၏။

ဖေဏပိဏ္ဍူပမသုတ်ပါဠိတော်အနက် ပြီး၏။

---

## ပထဝီဓာတ်ကိုဟောပုံ ဝိပဿနာဆင်ခြင်ပုံ

ပုဂ္ဂလ, သတ္တ,အတ္တ,ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တအနိစ္စဖြစ်သော ပထဝီဓာတ် ရူပက္ခန္ဓာကို မြတ်စွာဘုရားဟောတော်မူတယ်။ဘယ်လိုဟောတော်မူပါသလဲဆိုလျှင် “ ရူပံ၊ မာမှု နူးညံ့မှု ပထဝီဓာတ်ရူပက္ခန္ဓာသည်။ နိသတ္တာ၊ သတ္တဝါမဟုတ်ကုန်။ နိဇီဝါ၊ အသက်မဟုတ်ကုန် ”လို့ ဟောတော်မူတယ်။ အဲသည် အသက်, သတ္တဝါမဟုတ်လို့ ပထဝီဓာတ် ရူပက္ခန္ဓာဆိုတာ ခေါင်းထင်လို့ ခေါင်းကို လက်နှင့်စမ်းကြည့် မာမှု နူးညံ့မှုကိုသာတွေ့တယ်၊လက်ထင်လို့ လက်ကို လက်နှင့်စမ်းကြည့် မာမှု နူးညံ့မှုကိုသာ တွေ့တယ်၊ ခြေထင်လို့ ခြေကိုလက်နှင့်စမ်းကြည့် မာမှု နူးညံ့မှုကိုသာတွေ့တယ်။ အဲသည်လို ခြေဖျားက ဆံဖျားတိုင် ဆံဖျားက ခြေဖျားတိုင် စမ်းကြည့် မာမှု

နူးညံ့မှုတွေသာ တင်းကြမ်းပြည့် တွေ့တယ်၊ အဇ္ဈတ္တမှာသာ မဟုတ်ဘူး ဗဟိဒ္ဓခေါ်တဲ့ တုံး,တိုင်,ဖျာ,ရေ,မြေ,တော,တောင်, သမုဒ္ဒရာမှာလဲ စိတ်နှင့်ဉာဏ်နှင့် စမ်းကြည့်လျှင် မာမှု နူးညံ့မှု ပထဝီဓာတ်ရူပက္ခန္ဓာတွေ ဩကာသလောကကြီးနှင့် တင်းကြမ်းအပြည့် တွေ့နေတာဘဲ၊ အဲသည် ပုဂ္ဂလ,သတ္တ,အတ္တ,ဇီဝမှကင်းဆိတ်၍ အနိမိတ္တအနိစ္စဖြစ်သော ပထဝီဓာတ် ရူပက္ခန္ဓာကို ရေမြှုပ်နှင့် တူတယ်လို့ "ဖေဏပိဏ္ဍူပမံ ရူပံ" ဟု မြတ်စွာဘုရား ဟောတော်မူတယ်။ "ရူပံ၊ မာမှု နူးညံ့မှု ပထဝီဓာတ် ရူပက္ခန္ဓာသည်။ ဖေဏပိဏ္ဍူပမံ၊ ငါဟုစွဲလမ်းအားထားစရာ အနှစ်သာရ ဘာမျှမရှိ ပေါင်းငြိစုတွဲ ရေမြှုပ်ခဲနှင့်တူသော ဥပမာရှိ၏"။ ရေမြှုပ်ဆိုတာ မြစ်ထဲ ချောင်းထဲမှာလဲ ရှိကြရဲ့ ထမင်းချက်သောအခါ ထမင်းအိုး မျက်နှာဝမှာ ရေမြှုပ်တွေဖွေးလို့ ဖြစ်ပေါ်လာတယ်။ ရေမြှုပ်မှာ 'ဓုဝ' ခိုင်မြဲသောအနှစ် 'သုဘ' တင့်တယ်သောအနှစ် 'သုခ' ချမ်းသာသောအနှစ် 'အတ္တ' အစိုးရသောအနှစ် ဟုဆိုအပ်သော သာရလေးလုံးမှ ကင်းသုဉ်းသည်ဖြစ်၍ မည်သူတဦးတယောက်မျှ ချစ်ခြင်း မုန်းခြင်း မရှိကြဘူး။ အဲသည် ရေမြှုပ်ကို လက်နှင့် ကိုင်စမ်းလိုက်လျှင် လက်ညှိုးနှင့် လက်မ ထိသွားတာဘဲ ဘာမျှ ခုခံမနေဘူး သို့သော် ရေမြှုပ်မှာ သူနိုင်တဲ့ဝန်တော့ ရှိသေးရဲ့ ဘာများလဲဆိုလျှင် ဆံခြည်မျှင်ကလေးများနှင့် တင်ကြည့်ရိုက်ကြည့် စုတ်ပြတ်ပျက်စီးမသွားဘူး သူနိုင်တဲ့ဝန်မို့ ခုခံနေတယ်၊ခြေသလုံး ပေါင် ကိုယ်ကောင် ဦးခေါင်းအခေါ်ခံတဲ့ မာမှု နူးညံ့မှု ပထဝီဓာတ် ရူပက္ခန္ဓာကိုလက်နှင့်ကိုင်ကြည့်သောအခါ လက်ညှိုးနှင့် လက်မ ထိမသွားပါကလားဟု မေးရန်ရှိသေးရဲ့ ဘာထိသွားမလဲ ရေမြှုပ်သည် ဆံခြည်မျှင်ကိုနိုင်သလို သူနိုင်တဲ့ဝန်မို့ ခုခံနေတယ် သူမနိုင်တဲ့ ဝန်ကတော့ ဥပမာဘာများလဲဆိုလျှင်

ဒု ငါးတောင် အနံငါးတောင် အလျား ငါးတောင်ရှိတဲ့ ကျောက်ဖျာကြီးတချပ်ကို အနားမှာချထား ခြေသလုံး ပေါင် ကိုယ်ကောင် ဦးခေါင်း အခေါ်ခံတဲ့ မာမူ နူးညံ့မှု ပထဝီဓာတ် ရုပက္ခန္ဓာကြီးကို အလယ်မှာတမထား ဒုငါးတောင် အနံငါးတောင် အလျားငါးတောင်ရှိတဲ့ ကျောက်ဖျာကြီးတချပ်ကို အထက် ဆယ်တောင်ကွာလောက်က လွှတ်ချလိုက် ဖျပ်ခနဲဆိုလျှင်ကျောက်ဖျာချင်းကျောက်ဖျာ ထိသွားတာဘဲ ဘာမျှခုခံမနေဘူး ရေမြှုပ်ကိုလက်နှင့်ကိုင်လိုက်သလောက်ကြာတာဘဲ၊ အဲဒါကြောင့် မာမူ နူးညံ့မှု ပထဝီဓာတ် ရုပက္ခန္ဓာကို ရေမြှုပ်နှင့် တူတယ်လို့ မြတ်စွာဘုရားဟောတော်မူတာ ဟုတ်ပါပေတယ် မှန်ပါပေတယ်လို့ သိမှတ်ယုံကြည်ကြရမည်။

**ဘနည်း**—ပထဝီဓာတ် ရုပက္ခန္ဓာ ရေမြှုပ်နှင့် တူပုံက အမိမွေးဖွားစ ဘဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်က အမိက ရေပေါက်ကလေးချပေး ထမင်းကလေး ဝါးခွံ့ပေး၍ မာမူ နူးညံ့မှု ပထဝီဓာတ် ရုပက္ခန္ဓာသည် သိမ့်သိမ့် သိမ့်သိမ့်နှင့် အနုကလေးတွေချုပ်၊အကြမ်းကလေးတွေပေါ် အကြမ်းထက် အကြမ်းပေါ် ရိပ်ရိပ် ရိပ်ရိပ်နှင့် ရေမြှုပ်တွေ နဲနဲချင်း ပေါင်းစုသကဲ့သို့ မာမူ နူးညံ့မှု ပထဝီဓာတ် ရုပက္ခန္ဓာသည် အလုံးကလေးဖွင့် အရပ်ကလေးက မြင့် ဖြည်းဖြည်းဖြည်းဖြည်းချင်း ကြီးပွါး ကြီးထွားလာတာကို မြင်ရပါသဖြင့် ပထဝီဓာတ် ရုပက္ခန္ဓာကို ရေမြှုပ်နှင့်တူတယ်လို့ မြတ်စွာဘုရားဟောတော်မူတာ ဟုတ်ပါပေတယ် မှန်ပါပေတယ်လို့ ယုံကြည် သိမှတ်ကြရမည်။

**ဘနည်း**—ပထဝီဓာတ် ရုပက္ခန္ဓာ ရေမြှုပ်နှင့်တူပုံက ထမင်း, ရေ, မုန့်ပဲသရည်စာများကို နံနက်အခါ တကြိမ်မျိုသွင်းကြ၍

ညနေအချိန်ကျပြန်လျှင် တကြိမ်မျှသွင်းကြရပြန်တယ်၊ အဲတာကို နေ့တိုင်းနေ့တိုင်းမျှ နေ့တိုင်းကုန် လတိုင်းလတိုင်းမျှ လတိုင်းကုန်၊ နှစ်တိုင်းနှစ်တိုင်းမျှ နှစ်တိုင်းကုန်၊ထမင်း ရေ မုန့်ပဲသရည်စာများကို သွင်းခြင်းကိစ္စ မပြီးနိုင်သောကြောင့် တောင်သူ လယ်ယာ လုပ်ရခြင်း ကုန်ရောင်း ကုန်ဝယ်အမှုကိုပြုရခြင်း အစိုးရ လခစား အလုပ်ကို လုပ်ရခြင်း တိုင်းရေး ပြည်ရေး အမှုကိစ္စတွေကို တလှုပ်လှုပ် တရှုရှု ပြုလုပ်၍နေတာကို မြင်ရပါသဖြင့် မာမှု နူးညံ့မှု ပထဝီဓာတ် ရူပက္ခန္ဓာကို ရေမြှုပ်နှင့် တူတယ်လို့ မြတ်စွာဘုရား ဟောတော်မူတာ ဟုတ်ပါပေတယ် မှန်ပါပေတယ်လို့ သိမှတ် ယုံကြည်ကြရမည်။

**တနည်း**—ပထဝီဓာတ် ရူပက္ခန္ဓာ ရေမြှုပ်နှင့် တူပုံက ဘိနပ်စီးတာ ထီးဆောင်းတာကို မြင်ရပါသဖြင့် မာမှု နူးညံ့မှု ပထဝီဓာတ် ရူပက္ခန္ဓာကို ရေမြှုပ်နှင့်တူတယ်လို့ သိရမယ်၊ အဘယ့်ကြောင့်လဲဆိုတော့ မာမှု နူးညံ့မှု ပထဝီဓာတ်ရူပက္ခန္ဓာသည် အပူ ဥဏှတေဇော အေး သီတတေဇောနှင့် တွေ့ခဲ့လျှင် ဖျားခြင်း နာခြင်း မျက်စိကျိန်းခြင်း ခေါင်းကိုက်ခြင်း လေနာခြင်း ရင်ဘတ်နာခြင်း အမှုကိစ္စတွေကို ဖြစ်ပေါ်စေတတ်သောကြောင့် ဘိနပ်စီးခြင်း ထီးဆောင်းခြင်း အမှုကိုပြုကြရတယ်။ ဘိနပ်စီးခြင်း ထီးဆောင်းခြင်းအမှုကို ပြုရလျှင် ဖျားမှုနာမှု လွတ်ငြိမ်းကုန်ရောလားဆိုတော့ ဘာလွတ်ငြိမ်းမှာလဲ ဘိနပ်စီးလျက် ထီးဆောင်းလျက် မြို့ထဲ ရွာထဲမှာ မျက်စိမနာဘူးသောသူ ခေါင်းမကိုက်ဘူးသောသူ မဖျားမနာဘူးသောသူဟူ၍ မရှိ ဖျားနာဘူးသောသူ ခေါင်းကိုက်ဘူးသောသူ မျက်စိနာဘူးသောသူတွေ မြို့နှင့် ရွာနှင့် အပြည့်ရှိနေတာဘဲ ဒါဖြင့်လျှင် ဘိနပ်စီးတာ ထီးဆောင်းတာ အပိုလားဆိုတော့ အပိုသက်သက်လဲ

မဟုတ်ဘူး ကာကွယ်နိုင်သမျှ ကာကွယ်ပါစေတော့လို့ စိတ်ကြေ နပ်ရုံ လုပ်ကြရတယ်။ ဒါကြောင့် ဘိနပ်စီးတာ ထီးဆောင်းတာ ကိုမြင်ရပါသဖြင့် မာမူ နူးညံ့မှု ပထဝီဓာတ် ရုပက္ခန္ဓာကို ရေမြှုပ်နှင့် တူတယ်လို့ မြတ်စွာဘုရား ဟောတော်မူတယ်။

**တနည်း**—ပထဝီဓာတ် ရုပက္ခန္ဓာ ရေမြှုပ်နှင့်တူပုံက ခါးရှမှာ ကြောက်ရတယ် မြွေကိုက်မှာ ကြောက်ရတယ် ကင်းကိုက်မှာ ကြောက်ရတယ် နွားဝှေ့မှာ ကြောက်ရတယ် လှည်းနင်းမှာ ကြောက် ရတယ် မိုးကြိုးကျမှာ ကြောက်ရတယ် သစ်ကိုင်းကျမှာ ကြောက် ရတယ် ရေဘေး, မီးဘေး, မင်းဘေး, ခိုးသူဘေး, မချစ်မနှစ်သက် သောရန်သူဘေးမှစ၍ လောကကြီးမှာ စဉ်းစားကြည့်လိုက်လျှင် မကြောက်ရသောအမှု မလန့်ရသောအမှု မစိုးရိမ်ရသောအမှုဟူ၍ တစုံတရာမျှ မတွေ့ရဘူး။ ကြောက်ရသောအမှု လန့်ရသောအမှု စိုးရိမ်ရသောအမှုတွေချည်းဖြစ်ကုန်တော့တာဘဲ။ ကြီးကျယ်သော အမှုကြီးတွေကို ထားပါဦးတော့ ဘာမျှ မပြောပလောက်တဲ့ မှက်, ခြင်, သန်း, ကြမ်းပိုးကိုတောင် မာမူ နူးညံ့မှု ရုပက္ခန္ဓာကြီးအတွက် ကြောက်နေရတယ်။အဘယ်ကြောင့်လဲဆိုတော့ခြင်ဆိုတဲ့အကောင် ကလေးဟာ အကောင်ကဆံကျိုးလောက် နှုတ်သီးက ဆံပင်ခြည် လောက်ရှိတယ် ဆံပင်ခြည်လောက်ရှိတဲ့ နှုတ်သီးနှင့် ခြေသလုံး, ပေါင်, ကိုယ်ကောင်, ဥက္ကောင်းအခေါင်ခံတဲ့ ပထဝီဓာတ်ရုပက္ခန္ဓာ ကြီးမှာ တခါလောက် တွေ့လိုက်လျှင် တပေါက် ဟောင်းကနဲ ပေါက်သွားတော့တာဘဲ၊ နှစ်ခါလောက် တွေ့လိုက်လျှင်နှစ်ပေါက် ဟောင်းကနဲ ပေါက်သွားတော့တာဘဲ၊ အခါတရာလောက် တွေ့ လိုက်လျှင် အပေါက်တရာ ဟောင်းကနဲပေါက်သွားတော့တာဘဲ၊

ဒါကြောင့် မာမှု နူးညံ့မှု ပထဝီဓာတ် ရူပက္ခန္ဓာကို ရေမြှုပ်နှင့် တူတယ်လို့ မြတ်စွာဘုရားဟောတော်မူတာ ဟုတ်ပါပေတယ် မှန်ပါပေတယ်လို့ သိ မှတ် ယုံကြည်ကြရမည်။

**တနည်း**—ပထဝီဓာတ် ရူပက္ခန္ဓာ ရေမြှုပ်နှင့်တူပုံက ဒါန, သီလ,ဘာဝနာများကို အားကိုးအားထားပြုတာကို မြင်ရပါသဖြင့် မာမှု နူးညံ့မှု ပထဝီဓာတ် ရူပက္ခန္ဓာကို ရေမြှုပ်နှင့်တူတယ်လို့ သိရမယ်၊အဘယ်ကြောင့်လဲဆိုလျှင် မာမှု နူးညံ့မှု ပထဝီဓာတ် ရူပက္ခန္ဓာကြီးကို စဉ်းစားကြည့်လိုက်လျှင် နေ့ ပျက်မည် မသိ ညဥ့် ပျက်မည် မသိ ပျက်မှာကေန်ဖြစ်နေတယ်၊ ဒါကြောင့် စဉ်းစားတိုင်းစဉ်းစားတိုင်း မာမှု နူးညံ့မှု ပထဝီဓာတ် ရူပက္ခန္ဓာကို အားကိုးရာမဲ့ အားထားရာမဲ့ဖြစ်၍ ဒါန, သီလ, ဘာဝနာများကို အားကိုးအားထားပြုကြရတယ်၊ ဒါကြောင့် ဒါန, သီလ, ဘာဝနာများကို အားကိုးအားထားပြုတာကို မြင်ရပါသဖြင့် မာမှု နူးညံ့မှု ပထဝီဓာတ် ရူပက္ခန္ဓာကြီးကို ရေမြှုပ်နှင့် တူတယ်လို့မြတ်စွာဘုရား ဟောတော်မူတာ ဟုတ်ပါပေတယ် မှန်ပါပေတယ်ဟု ယုံကြည်သိမှတ်ကြရမည်၊ အဲတာလို အဋ္ဌကလာပ်ရုပ်ဓာတ်ရှုပ်ပါးကို ရေမြှုပ်နှင့် တူအောင် နေ့ရောညဥ့်ပါ ဘယ်ခါမပြတ် ကြိုးစား အားထုတ်တော် မူကြပါ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။

## လူကာ ဟောလျှင် သည်အတိုင်း ဟောလေ

ရဟန်းက ဟောသောအခါ အဲတာလို ရူပက္ခန္ဓာရုပ်အစုကို ရေမြှုပ်နှင့်တူသည်ဟုမြတ်စွာဘုရား ဟောတော်မူသော ဖေဏပိဏ္ဍူပမသုတ္တန်တရားတော်မြတ်ကို နာခံမှတ်သားရခြင်း တည်းဟူသော

ဓမ္မဿဝနကုသိုလ်စေတနာ, သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသော သီလတော်မြတ်တို့ကို ကျင့်သုံး ဆောက်တည်ရခြင်း တည်းဟူသော သီလကုသိုလ်စေတနာ ဤ သို့ပေါင်းအပ်များမြတ်သောကုသိုလ်ကံ စေတနာတို့ကြောင့် ရူပက္ခန္ဓာ ရုပ်အစုကို ရေမြုပ်နှင့်အတူ ပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီးမြင်ရပါလိုသောဟူ၍ ဆုတောင်းကြကုန်။

ပထဝီဓာတ် ရူပက္ခန္ဓာ ပြီး၏။

---

## အာပေါဓာတ်ကိုဟောသည့် ဓိပ္ပာယ်ဖွင့်ဆိုခြင်းပုံ

ပုဂ္ဂလ,သတ္တ,အတ္တ,ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တ အနိစ္စဖြစ်သော အာပေါဓာတ်ရူပက္ခန္ဓာကို မြတ်စွာဘုရားဟောတော်မူတယ်။ ဘယ်လို ဟောတော်မူပါသလဲဆိုလျှင် "ရူပံ၊ ဖွဲ့စေးမှု ယိုစီးမှု အာပေါဓာတ် ရူပက္ခန္ဓာသည်။နိသတ္တာ၊သတ္တဝါမဟုတ်ကုန်။နိဇီဝါ၊အသက်မဟုတ်ကုန်"လို့ ဟောတော်မူတယ်။ အဲသည်အသက်, သတ္တဝါမဟုတ်တဲ့ အာပေါဓာတ် ရူပက္ခန္ဓာဆိုတာ လက်ထင်လို့ လက်ကိုထုံးမှုံ့ ပြာမှုံ့ပေါ်မှာ လူးလိမ့်ကြည့်လိုက်လျှင် ထုံးမှုံ့ ပြာမှုံ့တွေ ဖွေးလို့ ကပ်တွယ်တာကိုမြင်ရပါသဖြင့်ဖွဲ့စေးမှု အာပေါဓာတ်လို့ သိရတယ်၊ လက်တွင်သာမဟုတ်ဘူး တကိုယ်လုံး ထုံးမှုံ့ ပြာမှုံ့ပေါ်မှာ လူးလိမ့်ကြည့်လိုက်လျှင် ထုံးမှုံ့ ပြာမှုံ့တွေ တကိုယ်လုံးဖွေးလို့ ကပ်တွယ်တာကိုမြင်ရပါသဖြင့် ဖွဲ့စေးမှု အာပေါဓာတ်လို့ သိရတယ်။ ယိုစီးမှု အာပေါဓာတ်ဆိုတာ ချွေးအောင်းသောအခါ အထက် ဦးရေအပြင်မှစ၍တကိုယ်လုံး တကောင်လုံး ချွေးတွေစိမ့်စို ယိုစီးလာတာကို သိရပါသဖြင့် ယိုစီးမှု အာပေါဓာတ်လို့ သိရတယ်၊

အဲဒါလို ဆံဖျားက ခြေဖျားတိုင် ခြေဖျားက ဆံဖျားတိုင် စဉ်းစားကြည့်လိုက်လျှင် ဖွဲ့စေးမှု ယိုစီးမှု အာပေါဓာတ် ရုပ်ကလာပ်တွေ တကောင်လုံး တင်းကြမ်းပြည့်ရှိကြောင်းကို သိရတယ်၊ အဇ္ဈတ္တမှာသာ မဟုတ်ဘူး ဗဟိဒ္ဓခေါ်တဲ့ တုံး၊ တိုင်၊ ဖျာ၊ ရေ၊ မြေ၊ တော၊ တောင်၊ သမုဒ္ဒရာမှာလဲ စဉ်းစားကြည့်လိုက်လျှင် ဖွဲ့စေးမှု ယိုစီးမှု အာပေါဓာတ် ရုပ်ကလာပ်တွေ ဩကာသလောကကြီးနှင့် တင်းကြမ်း အပြည့်ရှိကြောင်းကို သိရတယ်။ အဲသည် ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တ အနိစ္စ ဖြစ်သော အာပေါဓာတ် ရုပ်ကလာပ်ကို ရေမြှုပ်နှင့် တူတယ်လို့ "ဖေဏပိဏ္ဍူပမံ ရူပံ" ဟု မြတ်စွာဘုရား ဟောတော်မူတယ်။ ပထဝီဓာတ်အတိုင်း ဟောလေ။

အာပေါဓာတ် ပြီး၏။

—:o:—

## တေဇောဓာတ်ကိုဟောပုံ ဝိပဿနာဆင်ခြင်ပုံ

ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တအနိစ္စ ဖြစ်သော တေဇောဓာတ် ရုပ်ကလာပ်ကို မြတ်စွာဘုရားဟောတော်မူတယ်။ ဘယ်လိုဟောတော်မူပါသလဲဆိုလျှင် "ရုပ်၊ ပူမှုမှု တေဇောဓာတ်ရုပ်ကလာပ်သည်။ နိသတ္တာ၊ သတ္တဝါမဟုတ်ကုန်။ နိဇီဝါ၊ အသက်မဟုတ်ကုန်" လို့ ဟောတော်မူတယ်။ အဲသည် အသက်၊ သတ္တဝါ မဟုတ်တဲ့ တေဇော ဓာတ် ရုပ်ကလာပ်ဆိုတာ ခေါင်းထင်လို့ ခေါင်းကို လက်နှင့်စမ်းလျှင် ပူမှု မှု တေဇောဓာတ် ရုပ်ကလာပ်ကိုသာ တွေ့ရတယ်၊ လက်ထင်လို့ လက်ကို လက်နှင့်စမ်းလျှင် ပူမှု မှု တေဇောဓာတ် ရုပ်ကလာပ်ကိုသာ တွေ့ရတယ်၊ ခြေထင်လို့ ခြေကို လက်နှင့်စမ်းလျှင် ပူမှု မှု တေဇော ဓာတ် ရုပ်ကလာပ်ကိုသာ တွေ့ရတယ်။ အဲဒါလို ခြေဖျားက ဆံဖျား

တိုင် ဆံဖျားက ခြေဖျားတိုင် လက်နှင့် စမ်းစမ်းကြည့်ပါလျှင် မငေ လျှင် ပူမှု မပူလျှင်မေ့မှု တေဇောဓာတ် ရုပ်ကလာပ်တွေ တကိုယ်လုံး တင်းကြမ်းအပြည့် တွေ့ရှိနေတော့တာဘဲ၊ အဇ္ဈတ္တမှာသာမဟုတ်ဘူး ဗဟိဒ္ဓခေါ်တဲ့ တံုး, တိုင်, ဖျာ, ရေ, မြေ, တော, တောင်, သမုဒ္ဒရာမှာလဲ စိတ်နှင့် ဉာဏ်နှင့် စဉ်းစားကြည့်လိုက်လျှင် ပူမှု မေ့မှု တေဇောဓာတ် ရုပ်ကလာပ်တွေ ဩကာသလောကကြီးနှင့် တင်းကြမ်းအပြည့် ရှိနေ တော့တာဘဲ၊ အဲသည် ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝမှကင်းဆိတ်၍ အနိမိတ္တ အနိစ္စ ဖြစ်သော ပူမှု မေ့မှု တေဇောဓာတ် ရုပ်ကလာပ်ကို ရေမြှုပ်နှင့်တူ တယ်လို့ "ဖေဏပိဏ္ဍူပမံ ရူပံ" ဟု ဟောတော်မူတယ်။ ပထဝီဓာတ် အတိုင်း ဟောလေ။

တေဇောဓာတ် ပြီး၏။

—း၀း—

## ဝါယောဓာတ်ကိုဟောပုံ ဝိပဿနာဆင်ခြင်ပုံ

ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တအနိစ္စ ဖြစ်သော ဝါယောဓာတ် ရုပ်ကလာပ်ကို မြတ်စွာဘုရားဟောတော်မူတယ်။ ဘယ် လို ဟောတော်မူပါသလဲဆိုလျှင်"ရူပံ၊ဝါယောဓာတ် ရုပ်ကလာပ်သည်၊ နိ သတ္တာ၊ သတ္တဝါ မဟုတ်ကုန်။ နိ ဇီဝါ၊ အသက်မဟုတ်ကုန်"လို့ ဟောတော်မူတယ်။ အဲသည် အသက်, သတ္တဝါမဟုတ်တဲ့ ဝါယော ဓာတ် ရုပ်ကလာပ်ဆိုတာ ခေါင်းထင်လို့ ခေါင်းကို လက်နှင့်နှိပ်ကြည့် ပိန်ဝင်သွားတာကို မြင်ရပါသဖြင့် လှုပ်ရှားမှု ဝါယောဓာတ်လို့သိရ မည်။ လက်လွှတ်လိုက်သောအခါ ဖေါင်းကြွလာတာကို မြင်ရပါသ ဖြင့် ထောက်ကန်မှု ဝါယောဓာတ်လို့ သိရမည်။လက်ထင်လို့ လက် ကို လက်နှင့်နှိပ်ကြည့်လျှင် ပိန်ဝင်သွားတာကို မြင်ရပါသဖြင့် လှုပ်

ရှားမှု ဝါယောဓာတ်လို့ သိရမည်။ လက်လွှတ်လိုက်သောအခါ ဖေါင်းကြွလာတာကို မြင်ရပါသဖြင့် ထောက်ကန်မှု ဝါယောဓာတ်လို့ သိရမည်။ ခြေထင်လို့ ခြေကိုလက်နှင့်နှိပ်ကြည့်လျှင် ပိန်ဝင်သွားတာကို မြင်ရပါသဖြင့် လှုပ်ရှားမှု ဝါယောဓာတ်လို့သိရမည်။ လက်လွှတ်လိုက်သောအခါ ဖေါင်းကြွလာတာကို မြင်ရပါသဖြင့် ထောက်ကန်မှု ဝါယောဓာတ်လို့ သိရမည်။ အဲတာလို ခြေဖျားကဆံဖျားတိုင် ဆံဖျားက ခြေဖျားတိုင် လက်နှင့် စမ်းစမ်းကြည့်လျှင် လှုပ်ရှားမှု ထောက်ကန်မှု ဝါယောဓာတ်တွေ တင်းကြမ်းပြည့် တွေ့ရှိနေတာဘဲ။ အဇ္ဈတ္တမှာသာမဟုတ်ဘူး ဗဟိဒ္ဓ ခေါ်တဲ့ တုံး, တိုင်, ဖျာ, ရေ, မြေ, တော, တောင်, သမုဒ္ဒရာမှာလဲ စိတ်နှင့် ဉာဏ်နှင့် စဉ်းစားကြည့်လိုက်လျှင် လှုပ်ရှားမှု ထောက်ကန်မှု ဝါယောဓာတ် ရုပ်ကန္ဒာတွေ ဩကာသလောကကြီးနှင့် တင်းကြမ်းအပြည့်ရှိနေတာဘဲ။ အဲသည် ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တအနိစ္စ ဖြစ်သော ဝါယောဓာတ် ရုပ်ကန္ဒာကို ရေမြှုပ်နှင့်တူတယ်လို့ " ဖေဏပိဏ္ဍူပမံ ရူပံ " ဟု မြတ်စွာဘုရား ဟောတော်မူတယ်။ ပထဝီဓာတ်အတိုင်း ဟောလေ။

ဝါယောဓာတ် ပြီး၏။

—း၀း—

## ဝဏ္ဏအဆင်းဓာတ်ကိုဟောပုံ ဗိပဿနာဆင်ခြင်ပုံ

ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တအနိစ္စ ဖြစ်သော ဝဏ္ဏ အဆင်းဓာတ် ရုပ်ကန္ဒာကို မြတ်စွာဘုရား ဟောတော်မူတယ်။ ဘယ်လိုဟောတော်မူပါသလဲဆိုလျှင် " ရူပံ၊ ဝဏ္ဏအဆင်းဓာတ် ရုပ်ကန္ဒာသည်။ နိသတ္တာ၊ သတ္တဝါမဟုတ်ကုန်။ နိ ဇီဝါ၊ အသက်မဟုတ်ကုန် "

လို့ ဟောတော်မူတယ်။ အဲသည် အသက်၊ သတ္တဝါမဟုတ်တဲ့ ဝဏ္ဏ အဆင်းခေတ် ရူပက္ခန္ဓာဆိုတာ ခေါင်းထင်လို့ ခေါင်းကို မျက်စိနှင့် ကြည့်လျှင် မဲမဲဖြူဖြူ ဝဏ္ဏ အဆင်းခေတ် ရူပက္ခန္ဓာကိုသာမြင်ရတယ်။ လက်ထင်လို့ လက်ကိုမျက်စိနှင့်ကြည့်လျှင် မဲမဲဖြူဖြူ ဝဏ္ဏ အဆင်းခေတ် ရူပက္ခန္ဓာကိုသာ မြင်ရတယ်။ ခြေထင်လို့ ခြေကို မျက်စိနှင့် ကြည့်လျှင် မဲမဲဖြူဖြူ ဝဏ္ဏအဆင်းခေတ် ရူပက္ခန္ဓာကိုသာ မြင်ရတယ်။ အဲတာလို ခြေဖျားက ဆံဖျားတိုင် ဆံဖျားက ခြေဖျားတိုင် မျက်စိနှင့် ကြည့်လျှင် မဲမဲဖြူဖြူ ဝဏ္ဏအဆင်းခေတ် ရူပက္ခန္ဓာကိုသာ မြင်ရတယ်။ အဇ္ဈတ္တမှာသာမဟုတ်ဘူး ဗဟိဒ္ဓခေါ်တဲ့ တုံး၊ တိုင်၊ ဖျာ၊ ရေ၊ မြေ၊ တော၊ တောင်၊ သမုဒ္ဒရာမှာလဲ မျက်စိနှင့် ကြည့်လိုက်လျှင် မဲမဲဖြူဖြူ ဝါဝါ စိမ်းစိမ်း လင်းလင်း နီနီ ဝဏ္ဏ အဆင်းခေတ် ရူပက္ခန္ဓာတွေ သြကာသလောကကြီးနှင့် တင်းကြမ်းအပြည့် ရှိနေတာကို ကိုယ်တိုင် ဒိဋ္ဌတွေ့မြင်ရတယ်။ အဲသည် ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တ အနိစ္စဖြစ်သော ဝဏ္ဏ အဆင်းခေတ် ရူပက္ခန္ဓာကို ရေမြှုပ်နှင့် တူတယ်လို့ "ဖေဏပိဏ္ဍူပမံ ရူပံ" ဟု ဟောတော်မူတယ်။ပထဝီခေတ်အတိုင်း ဟောလေ။

ဝဏ္ဏအဆင်းခေတ် ပြီး၏။

—း၀း—

## ဂန္ဓအနံ့ခေတ်ကို ဟောပုံ ဒီပသာနာဆင်ခြင်ပုံ

ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တ အနိစ္စဖြစ်သော ဂန္ဓအနံ့ခေတ် ရူပက္ခန္ဓာကို မြတ်စွာဘုရားဟောတော်မူတယ်။ ဘယ်လို ဟောတော်မူပါသလဲဆိုလျှင် "ရူပံ၊ဂန္ဓအနံ့ခေတ်ရူပက္ခန္ဓာသည်။ နိသတ္တာ၊သတ္တဝါမဟုတ်ကုန်။နိ ဇီဝါ၊ အသက်မဟုတ်ကုန်" လို့ ဟော

တော်မူတယ်။ အဲသည် အသက်, သတ္တဝါ မဟုတ်တဲ့ အနံ့ခတ် ရူပက္ခန္ဓာဆိုတာ ခေါင်းထင်လို့ ခေါင်းကိုနမ်းကြည့်လျှင် ညှီညှီပုပ်ပုပ် အနံ့ခတ် ရူပက္ခန္ဓာကိုသာ တွေ့ရတယ်။ လက်ထင်လို့ လက်ကို နမ်းကြည့်လျှင် ညှီညှီပုပ်ပုပ် အနံ့ခတ် ရူပက္ခန္ဓာကိုသာ တွေ့ရတယ်။ ခြေထင်လို့ ခြေကိုနမ်းကြည့်လျှင် ညှီညှီပုပ်ပုပ် အနံ့ခတ် ရူပက္ခန္ဓာကိုသာ တွေ့ရတယ်။ အဲဒါလို ခြေဖျားက ဆံဖျားတိုင် ဆံဖျားက ခြေဖျားတိုင် နမ်းကြည့်လျှင် ညှီညှီပုပ်ပုပ် အနံ့ခတ် ရူပက္ခန္ဓာကိုသာ တွေ့ရတယ်။ အဇ္ဈတ္တမှာသာ မဟုတ်ဘူး ဗဟိဒ္ဓခေါ်တဲ့ တုံး, တိုင်, ဖျာ, ရေ, မြေ, တော, တောင်, သမုဒ္ဒရာမှာလဲ နမ်းနမ်း ကြည့်ပါလျှင် အမွှေးနံ့ အပုပ်နံ့တွေ ဩကာသလောကကြီးနှင့် တင်းကြမ်း အပြည့် ကိုယ်တိုင် ဒိဋ္ဌတွေ့ရတယ်။ အဲသည် ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တ အနိစ္စဖြစ်သော ဂန္ဓ အနံ့ခတ် ရူပက္ခန္ဓာကို ရေမြှုပ်နှင့်တူတယ်လို့ "ဖေဏပိဏ္ဍူပမံ ရူပံ" ဟု မြတ်စွာဘုရား ဟော တော်မူတယ်။ ပထဝီခတ်အတိုင်းဟောလေ။

ဂန္ဓအနံ့ခတ် ပြီး၏။

—း၀း—

## ရသခတ်ကိုဟောပုံ ဝိပဿနာဆင်ခြင်ပုံ

ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တအနိစ္စဖြစ်သော ရသခတ် ရူပက္ခန္ဓာကို မြတ်စွာဘုရား ဟောတော်မူတယ်။ ဘယ်လို ဟောတော်မူပါသလဲဆိုလျှင် "ရူပံ၊ရသခတ် ရူပက္ခန္ဓာသည်။ နိ သတ္တာ၊သတ္တဝါမဟုတ်ကုန်။နိဇီဝါ၊ အသက် မဟုတ်ကုန်" လို့ ဟော တော်မူတယ်။ အဲသည် အသက် သတ္တဝါ မဟုတ်တဲ့ ရသခတ် ရူပက္ခန္ဓာဆိုတာ ခေါင်းထင်လို့ ခေါင်းကို လျှာနှင့် လျက်လျှင် ငန်မှု,

ဖန်မှု, ရသဓာတ် သဘောအမှုအရာကိုသာ တွေ့ရတယ်။လက်ထင်လို့ လက်ကို လျှာနှင့် လျက်လိုက်လျှင် ငန်မှု, ဖန်မှု, ရသဓာတ်သဘော အမှုအရာကိုသာ တွေ့ရတယ်။ ခြေထင်လို့ ခြေကို လျှာနှင့် လျက်လိုက်လျှင် ငန်မှု, ဖန်မှု ရသဓာတ် သဘောအမှုအရာကိုသာ တွေ့ရတယ်။ အဲဒါလို ခြေဖျားက ဆံဖျားတိုင် ဆံဖျားက ခြေဖျားတိုင် လျှာနှင့်လျက်လျက်ကြည့်ပါလျှင် ငန်မှု,ဖန်မှုရသဓာတ်ရူပက္ခန္ဓာတွေ တင်းကြမ်းအပြည့်တွေ့ရှိနေတာဘဲ။အတ္တမှာသာမဟုတ်ဘူး ဗဟိဒ္ဓ ခေါ်တဲ့ တုံး,တိုင်,ဖျာ,ရေ,မြေ,တော,တောင်, သမုဒ္ဒရာမှာလဲ လျှာနှင့်လျက်ကြည့်ပါလျှင် ချို,ချဉ်,စပ်,ငန်,ဖန်,ခါး ရသဓာတ်သဘော အမှုအရာတွေ ဩကာသလောကကြီးနှင့် တင်းကြမ်းအပြည့် ကိုယ်တိုင် ဒိဋ္ဌတွေ့ရှိနေတာဘဲ။အဲသည် ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တအနိစ္စဖြစ်သော ရသဓာတ် ရူပက္ခန္ဓာကို ရေမြုပ်နှင့် တူတယ်လို့ "ဖေဏပိဏ္ဍူပမံ ရူပံ" ဟု မြတ်စွာဘုရား ဟောတော်မူတယ်။ပထဝီဓာတ်အတိုင်းဟောသလေ။

ရသဓာတ် ပြီး၏။

——:o:——

## ဩဇာဓာတ်ကိုဟောပုံ ဝိပဿနာဆင်ခြင်ပုံ

ပုဂ္ဂလ,သတ္တ,အတ္တ,ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တအနိစ္စဖြစ်သော ဩဇာဓာတ် ရူပက္ခန္ဓာကို မြတ်စွာဘုရားဟောတော်မူတယ်။ ဘယ်လို ဟောတော်မူပါသလဲဆိုလျှင် "ရူပံ၊ ဩဇာဓာတ် ရူပက္ခန္ဓာသည်။ နိသတ္တာ၊သတ္တဝါ မဟုတ်ကုန်။နိဇီဝါ၊အသက် မဟုတ်ကုန်" လို့ဟောတော်မူတယ်။ အဲသည် အသက်, သတ္တဝါ မဟုတ်တဲ့ ဩဇာဓာတ် ရူပက္ခန္ဓာဆိုတာ ဥပမာ သရက်စေ့တစေ့ကို မြေထဲမှာ စိုက်ပျိုး၍

ထား မြေမှာစိုက်ပျိုးထားတဲ့ သရက်စေ့ထဲမှာပါတဲ့ ဩဇာရုပ်ကို ကြီးပွါးစေတတ်သော ခါတ်ဆီ ဓါတ်စေး ရူပက္ခန္ဓာသည် သီတဥတု ဥဏှဥတုနှင့် တွေ့ဆုံပါသဖြင့် တနေ့တခြား ကြီးပွါး စည်ကားလာ၍ သရက်ပင်ဟု ခေါ်ဆိုပညတ်သမုတ်တာကို မြင်ရပါသောကြောင့် ဩဇာဓါတ် ရူပက္ခန္ဓာရှိကြောင်းကို သိရတယ်။ အဲသည် သရက်မျိုး ဥပမာတူ အမိ မွေးဖွါးစ ဖဝါးလက်နှလုံး ပခုံးလက်နှစ်သစ်ကာ အမိက ရေပေါက်ကလေးချပေး ထမင်းလေး ဝါးခွန့်ပေးလို့ ဩဇာရုပ်ကို ကြီးပွါးစေတတ်သော ဓါတ်ဆီ ဓါတ်စေး ရူပက္ခန္ဓာသည် အနုချုပ် အကြမ်းပေါ် သိမ့်သိမ့် သိမ့်သိမ့်နှင့် အကြမ်းထက်အကြမ်း အသစ် အသစ် ဖြစ်ပေါ်၍ အလုံးကလေးကဖွင့် အရပ်ကလေးကမြင့် ရိပ်ရိပ် ရိပ်ရိပ်နှင့် ကြီးပွါးစည်ကားလာတာကို မြင်ပါသဖြင့် ဩဇာဓါတ်ဆီ ဓါတ်စေး ရှိကြောင်းကိုသိရတယ်။ အဇ္ဈတ္တမှာသာမဟုတ်ဘူး ဗဟိဒ္ဓ ခေါ်တဲ့ တုံး, တိုင်, ဖျာ, ရေ, မြေ, တော, တောင်, သမုဒ္ဒရာမှာလဲ ရုပ်တို့၏ ကြီးပွါးစည်ကားတာကို စဉ်းစားကြည့်လိုက်လျှင် ဩကာသ လောကကြီးမှာ ဩဇာရုပ်ကို ကြီးပွါးစေတတ်သော ဓါတ်ဆီ ဓါတ်စေး ရူပက္ခန္ဓာတွေ တင်းကြမ်းပြည့် ရှိကြောင်းကိုသိရတယ်။အဲသည် ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တ အနိစ္စဖြစ်သော ဩဇာဓါတ် ရူပက္ခန္ဓာကို ရေမြှုပ်နှင့် တူတယ်လို့ "ဖေဏပိဏ္ဍူပမံ ရူပံ" ဟု မြတ်စွာဘုရား ဟောတော်မူတယ်။ ပထဝီဓါတ်အတိုင်း ဟော လေ။

ဩဇာဓါတ် ပြီး၏။

—:o:—

## အသံခေတ်ရုပ်ကလာပ်ကို ဟောပုံ ဝိပဿနာဆင်ခြင်ပုံ

ပုဂ္ဂလ,သတ္တ,အတ္တ, ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တ အနိစ္စဖြစ်သော အသံခေတ်ရုပ်ကလာပ်ကို မြတ်စွာဘုရား ဟောတော်မူတယ်၊ ဘယ်လို ဟောတော်မူပါသလဲဆိုလျှင် “ ရုပံ၊ အသံခေတ် ရုပ်ကလာပ်သည်။ နိ သတ္တာ၊ သတ္တဝါ မဟုတ်ကုန်။နိဇီဝါ၊ အသက်မဟုတ်ကုန်” လို့ ဟော တော်မူတယ်။ အဲသည် အသက် သတ္တဝါ မဟုတ်တဲ့ အသံခေတ် ရုပ်ကလာပ်ဆိုတာ အဋ္ဌကလာပ်ချင်းအဋ္ဌကလာပ် ထိခိုက်မှုဒဏ်ချက် ကြောင့်ဖြစ်ပေါ်တာ။ အဲသည် အသံခေတ်သည် အသက် သတ္တဝါ မဟုတ်သည့်အတွက် ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း နားဝမှာချုပ်ဆုံး ကွယ်ပျောက်သွားတော့တာဘဲ၊နားဝမှာချုပ်ဆုံးကွယ်ပျောက်သွား တဲ့ အသံခေတ် ရုပ်ကလာပ်၏ အနိမိတ္တ အနိစ္စကို မသိကြသည့်အတွက် စိုးရိမ်မှု ကြောင့်ကြမှုဖြစ်နေကြတယ်၊စိုးရိမ်မှု ကြောင့်ကြမှုဖြစ်ကြ ပုံက မြို့ထဲ ရွာထဲမှာ မီးလောင်ပြီလောင်ပြီ ဆိုသော အသံခေတ် ရုပ်ကလာပ်ကို ကြားသိရသောအခါ ခက်ကုန်ပြီ ခက်ကုန်ပြီဟု စိုးရိမ်မှု ကြောင့်ကြမှု ဖြစ်နေကြတယ်၊အသံခေတ် ရုပ်ကလာပ်ကတော့ နားဝ မှာ ချုပ်ဆုံးကွယ်ပျောက် သွားတော့တာဘဲ။ အဲဒါက အသံခေတ် ရုပ်ကလာပ်၏အနိမိတ္တ အနိစ္စကို မသိကြသည့်အတွက် စိုးရိမ်မှု ကြောင့် ကြမှု ဖြစ်ကြပုံ။

**ဘနည်း**—အသံခေတ်အတွက်နှင့် ဝမ်းမြောက်မှု ဝမ်းသာမှု ဖြစ်ကြပုံက ယခုကာလ ခေတ်ပြား၌ သွင်းထားသော ခေတ်သံသည် အဋ္ဌကလာပ်ချင်း အဋ္ဌကလာပ်တိုက်ခိုက်မှု ဒဏ်ချက်ကြောင့် ဖြစ် ပေါ်လာသော အသံခေတ် ရုပ်ကလာပ်ကို ကြားသိကြသောအခါ မင်းသမီးသံ မင်းသားသံ ဆိုင်းသံ ဝိုင်းသံများ ကောင်းပေသည်

ကောင်းပေသည်ဟု အံ့ဩ ချီးမွမ်းခြင်း ဝမ်းမြောက်ခြင်း ဝမ်းသာခြင်း ဖြစ်ပေါ်နေကြတယ်။ အသံဓာတ် ရူပက္ခန္ဓာကတော့ နားဝမှာ ချုပ်ဆုံး ကွယ်ပျောက်သွားတော့တာဘဲ၊ အဲတာက အသံဓာတ် ရူပက္ခန္ဓာ၏ အနိမိတ္တ အနိစ္စဓာတ် ပရမတ်ကို မသိကြသည့်အတွက် ဝမ်းမြောက်မှု ဝမ်းသာမှုဖြစ်ကြပုံ။

**တနည်း**—အသံဓာတ်အတွက် စိုးရိမ်မှု ကြောင့်ကြမှုဖြစ်ကြပုံက ရှင်ပြု ပဉ္စင်းခံပွဲ သင်္ဘောစာရေးတံ ဆွမ်းလှူပွဲ ကထိန်သင်္ကန်းပွဲ အခါ များ၌ အဌကလာပ်ချင်း အဌကလာပ် တိုက်ခိုက်မှုဒဏ်ချက်ကြောင့် အထက်ကောင်းကင်ယံမှ ဂျိမ်းဂျိမ်း ဂျိမ်းဂျိမ်း ဟူသော အသံဓာတ် ရူပက္ခန္ဓာကို ကြားသိရသောအခါ မိုးသည်းရွာတော့မည် မိုးသည်းရွာတော့ မည်ဟု စိုးရိမ်မှု ကြောင့်ကြမှုတွေ များစွာ ဖြစ်ပေါ်နေကြတယ်။ အသံဓာတ်ကတော့ နားဝမှာချုပ်ဆုံး ကွယ်ပျောက်သွားတော့တာဘဲ။အဲဒါက အသံဓာတ် ရူပက္ခန္ဓာ၏ အနိမိတ္တ အနိစ္စဓာတ် ပရမတ်ကို မသိကြသည့်အတွက် စိုးရိမ်မှု ကြောင့်ကြမှု ဖြစ်ကြပုံ။

**တနည်း**—အသံဓာတ်၏ အတွက် တောင့်တမှု ဝမ်းမြောက်မှု ဖြစ်ကြပုံက တောင်သူလယ်ယာ လုပ်သောသူများမှာ လယ်ယာလုပ်ခင်း ကိုင်း ကျွန်းများ၌ မိုးသည်းလို၍ လိုလား တောင့်တနေသောအခါ အထက်ကောင်းကင်အပြင်မှ အဌကလာပ်ချင်း အဌကလာပ် တိုက်ခတ်မှု ဒဏ်ချက်ကြောင့် ကလေကဝ ဘောက်သောက်သယံဇာတ ဖြစ်ချင်တတ်တိုင်း ဖြစ်ပေါ်သော အသံဓာတ် ရူပက္ခန္ဓာကို ကြားကြရသောအခါ မိုးသည်းရွာလိမ့်မည် မိုးသည်းရွာလိမ့်မည်ဟု ဝမ်းမြောက်မှု ဝမ်းသာမှုတွေ ဖြစ်ပေါ်၍နေကြတယ်။ မိုးသည်းရွာပလားဆိုလျှင် အသံ ကြားရုံမျှရှိသေးတယ် အသံဓာတ် ရူပက္ခန္ဓာကတော့ နားဝ

တွင် ချုပ်ဆုံးကွယ်ပျောက် သွားဒါဘဲ၊အဲဒါက အသံဓာတ် ရူပက္ခန္ဓာ၏ အနိမိတ္တ အနိစ္စဓာတ် ပရမတ်ကို မသိကြသည့်အတွက် ဝမ်းမြောက်မှု ဝမ်းသာမှုဖြစ်ကြပုံ။

**တနည်း**—အသံဓာတ် ရူပက္ခန္ဓာအတွက် ကြောင့်ကြမှု စိုးရိမ်မှုဖြစ်ကြပုံက စပါး နှမ်း ပြောင်း ပဲများကို လုပ်ခင်းလယ်ယာအပြင်၌ စုပုံ၍ ထားကြသောအခါ အထက်ကောင်းကင်အပြင်မှ ဂျိမ်း ဂျိမ်း ဂျိမ်း ဂျိမ်းဟူသောအသံကို ကြားသိကြသောအခါ မိုးရွာတော့မည် မိုးရွာတော့မည်ဟု စပါး နှမ်း ပြောင်း ပဲတို့၏ မိုးမစွတ်ရန်အတွက်နှင့် စိုးရိမ်မှု ကြောင့်ကြမှုတွေ ဖြစ်ပေါ် နေကြတယ်။ အသံဓာတ်ရူပက္ခန္ဓာကတော့ နားဝတွင်ချုပ်ဆုံးကွယ်ပျောက် သွားတော့တာဘဲ။ အဲဒါကအသံဓာတ် ရူပက္ခန္ဓာ၏ အနိမိတ္တ အနိစ္စဓာတ် ပရမတ်ကို မသိကြသည့်အတွက် စိုးရိမ်မှု ကြောင့်ကြမှုဖြစ်ကြပုံ။

**တနည်း**—အသံဓာတ် ရူပက္ခန္ဓာကို အကြောင်းပြု၍ စိုးရိမ်မှု ကြောင့်ကြမှုဖြစ်ပုံက အခြားသောမြို့ရွာများ၌ ကူးစက်တတ်သော အနာရောဂါများ ဖြစ်သတဲ့ဟု ပြောဆိုသောအသံဓာတ် ရူပက္ခန္ဓာကို ကြားကြသောအခါ ငါတို့ အရပ်များမှာ ဖြစ်ဦးမှာလေလားဟု ကြောင့်ကြမှုစိုးရိမ်မှုဖြစ်၍ ပရိတ်နာခြင်းဂုဏ်တော်များကိုရွတ်ဘတ် သရဇ္ဈာယ်ခြင်းများကို ပြုလုပ်စီမံကြရတယ်။ အသံဓာတ် ရူပက္ခန္ဓာကတော့ ကြားသည်နှင့်တပြိုင်နက် နားဝမှာချုပ်ဆုံး ကွယ်ပျောက် သွားတော့တာဘဲ၊ အဲတာက အသံဓာတ် ရူပက္ခန္ဓာ၏ အနိမိတ္တ အနိစ္စဓာတ် ပရမတ်ကို မသိကြသည့်အတွက် ကြောင့်ကြမှု စိုးရိမ်မှုဖြစ်ကြပုံ။

**တနည်း**—အသံဓာတ် ရူပက္ခန္ဓာအတွက် ဝမ်းမြောက်မှု ဝမ်းသာမှု ဖြစ်ကြပုံက အခြားသော မြို့ရွာနိုင်ငံများ၌ ဝါ, စပါး, ပြောင်း, နှမ်း, သစ်ဈေးများ ကောင်းသတဲ့ဟု ပြောဆိုသောအသံကို ကြားကြသောအခါ ငါတို့မြို့ရွာ နိုင်ငံများ၌ ရှိနေသော ဝါ, စပါး ,သစ်များသည် ဈေးကောင်းကောင်း ရောင်းရတော့မည် ရောင်းရတော့မည်ဟု ဝမ်းမြောက်မှု ဝမ်းသာမှု ဖြစ်နေကြတယ်။ အသံဓာတ်ကတော့ နားဝမှာ ချုပ်ဆုံးကွယ်ပျောက် သွားတော့တာဘဲ။ အဲဒါကအသံဓာတ်ရူပက္ခန္ဓာ၏ အနိမိတ္တအနိစ္စဓာတ် ပရမတ်ကို မသိကြသည့်အတွက် ဝမ်းမြောက်မှု ဝမ်းသာမှုဖြစ်ကြပုံ။

အဲသည်ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝမှကင်းဆိတ်၍ အနိမိတ္တအနိစ္စဖြစ်သော အသံဓာတ်ရူပက္ခန္ဓာကို မြတ်စွာဘုရားက "ရုပ္ပတီတိ ရူပံ"ဟု ဟောတော်မူတယ်။ "ရူပံ၊ ရုပ်သည်။ ရုပ္ပတိ၊ ခဏခြင်းလျှင် ယိုယွင်းယိုင်ရွေ့ မြည့်မြည့်ကြေမွ ရွရွကြေကွဲ အနဲနဲလျှင် ဖေါက်လွဲ ဖေါက်ပြန် ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ရူပံ၊ရုပ်မည်၏"။ဤသို့ ဟောတော်မူသောကြောင့် အသံဓာတ် ရူပက္ခန္ဓာသည်ရုပ်ဒုက္ခသစ္စာမည်၏။ ရုပ်ဒုက္ခသစ္စာကိုသိမှုသည် နာမ်ဒုက္ခသစ္စာမည်၏။ ရုပ်,နာမ်နှစ်ပါးတို့သည် ဒုက္ခသစ္စာချည်းတည်း။ ဒုက္ခသစ္စာကို သိသောဉာဏ်သည် မဂ္ဂသစ္စာမည်၏။ ရုပ်,နာမ်နှစ်ပါးကို သာယာမှုသည် လောဘသမုဒယသစ္စာမည်၏။လောဘသမုဒယသစ္စာချုပ်ငြိမ်းမှုသည် နိရောဓသစ္စာမည်၏။ဤသို့လျှင်ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတည်းဟူသောသစ္စာလေးပါး တရားတို့ကိုပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီး မြင်ရအောင်နေ့ရောညည့်ပါဘယ်ခါမပြတ် ကြိုးစားအားထုတ် တော်မူကြပါ တရားနာ ပရိတ်သတ်အပေါင်းသူတော်ကောင်းတို့။ "လူကဟောလျှင် သည်အတိုင်းဟောလေ"။

ရဟန်းတော်က ဟောသောအခါ ဤသို့လျှင် သစ္စာလေးပါး တရားတော်မြတ်ကို ကြားနာရခြင်းတည်းဟူသော ဓမ္မသဝနကုသိုလ် စေတနာ သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသောသီလတော်မြတ်တို့ကို ကျင့်သုံးဆောက်တည်ရခြင်း တည်းဟူသော သီလကုသိုလ် စေတနာ ဤသို့ပေါင်းအပ်များမြတ်သော ကုသိုလ်စေတနာတို့ကြောင့် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတည်းဟူသော သစ္စာလေးပါးတရားတို့ကို ပြောင်ပြောင်စင်စင်ကြောင်ကြောင်ကြီး မြင်ရပါလိုသောဟူ၍ ဆုတောင်းကြကုန်။

အသံခေတ်ရူပက္ခန္ဓာ ပြီး၏။

—း၀း—

## ဝေဒနာက္ခန္ဓာကိုဟောပုံ ဝိပဿနာဆင်ခြင်ပုံ

ပုဂ္ဂလ,သတ္တ,အတ္တ,ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တ အနိစ္စ ဖြစ်သော ဝေဒနာက္ခန္ဓာကို မြတ်စွာဘုရားဟောတော်မူတယ်။ ဘယ်လို ဟောတော်မူပါသလဲဆိုရင် "ဝေဒနာ၊ဝေဒနာက္ခန္ဓာသည်။နိသတ္တာ၊သတ္တဝါ မဟုတ်ကုန်။နိဇ္ဇီဝါ၊အသက် မဟုတ်ကုန်" လို့ ဟောတော်မူတယ်။ အဲသည်အသက် သတ္တဝါမဟုတ်တဲ့ ဝေဒနာက္ခန္ဓာဆိုတာ အကောင်း ခံစားမှု သုခဝေဒနာ မကောင်းခံစားမှု ဒုက္ခဝေဒနာ ကောင်း, မကောင်းအလတ်အားဖြင့် ခံစားမှု ဥပေက္ခာဝေဒနာဟူ၍ ဝေဒနာ သုံးပါးရှိတယ်။ဤဝေဒနာသုံးပါးတို့တွင် ဥပေက္ခာဝေဒနာမှာ အဖြစ် သာများ၍ မထင်ရှားသောကြောင့် သုခဝေဒနာ, ဒုက္ခဝေဒနာ နှစ်ပါးကိုသာ ဟောအံ့။သုခဝေဒနာဆိုတာ ကောင်းသည် ကောင်းသည်ဟုသိတာ သုခဝေဒနာ၊မကောင်းလေခြင်း မကောင်းလေခြင်း ဟုသိတာ ဒုက္ခဝေဒနာ၊ ထိုသုခဝေဒနာ, ဒုက္ခဝေဒနာ နှစ်ပါးကို

လောကကြီးမှာ စေ့စေ့ကြည့်လိုက်လျှင် သုခဝေဒနာ, ဒုက္ခဝေဒနာတွေ ကြွက်ကြွက်ဆူ ဖြစ်ပေါ်နေတာကို တွေ့မြင်နေကြရတယ်၊ ဘယ်လိုများ တွေ့မြင်နေကြရပါသလဲဆိုလျှင် ကုသလာဓမ္မာ အကြောင်းတရားအတွက် ဖြစ်ပေါ်တဲ့ အကျိုးတရား သုခဝေဒနာကိုသာ လူ, နတ်, ဗြဟ္မာဟု ခေါ်ဆိုကြရတယ်။ သုခဝေဒနာအတွက် လူ့ပြည်, နတ်ပြည်,ဗြဟ္မာ့ပြည်တို့ကိုစဉ်းစားကြည့်လိုက်လျှင် သုခဝေဒနာတွေ သောသောကြွက် ကြွက်ကြွက်ဆူ ဖြစ်ပေါ်နေတာကို တွေ့မြင်နေရတယ် ဘယ်လိုတွေ့မြင် နေရပါသလဲဆိုလျှင် သေဘေးဒုက္ခကို ကြောက်ကြ စက်ဆုပ်ကြ မုန်းကြသည့်အတွက် ဒါန, သီလ, ဘာဝနာများကိုပြုကြသောအခါ နိဗ္ဗာန်ကိုကားတဘက်ထား၍ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာများကိုတောင့်တလျက်ရှိနေကြတယ်။ တောင့်တပုံက အပါယ်လေးဘုံ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံတို့တွင် ဘယ်ဘုံက ချမ်းသာသလဲဟု ကိုယ့်စိတ်ကို စစ်ဆေးကြည့်လျှင် လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံတို့က ချမ်းသာသည်ဟု စိတ်ထဲတွင် အဖြေအစစ်ခံထွက်လေ၏။ အဲဒါက ကုသလာဓမ္မာ အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးသုခဝေဒနာ။ အကုသလာဓမ္မာ အကြောင်းတရားအတွက် အကျိုးတရား ဒုက္ခဝေဒနာကိုသာ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဟု ခေါ်ဆိုကြရတယ်။ အပါယ်လေးဘုံကြီးတွင် ငရဲဘုံကြီးမှာ ခံနေရတဲ့ ဒုက္ခဝေဒနာတွေ တိရစ္ဆာန်ဘုံကြီးမှာ ခံနေရတဲ့ ဒုက္ခဝေဒနာတွေ ပြိတ္တာဘုံကြီးမှာ ခံနေရတဲ့ ဒုက္ခဝေဒနာတွေ အသုရကာယ်ဘုံကြီးမှာ ခံနေရတဲ့ ဒုက္ခဝေဒနာတွေ၊အဲဒါလို ဒုက္ခဝေဒနာများအတွက် အပါယ် လေးဘုံကြီးကို စဉ်းစားကြည့်လိုက်လျှင် "သဗ္ဗေသတ္တာကမ္မဿကာ" ပါဠိတော်အတိုင်း အလွန်တရာကြောက်ဘွယ် လန့်ဘွယ် ကောင်းနေတော့တာဘဲ။ အဲသည် ဒုက္ခဝေဒနာ

တွေ့က အကုသလာဓမ္မာ အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဒုက္ခဝေဒနာ၊ကာမဘုံ ရူပဘုံ အရူပဘုံ တည်းဟူသော ဘုံသုံးပါး၌ မျက်စိတမှိတ် လျှပ်ဘာပြက်ခန့်မျှ မရပ်မနား မတန့်စားဘဲ တဖွါးဖွါးဖြစ်ပေါ်၍နေသော ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝမှကင်းဆိတ်၍ အနိမိတ္တ အနိစ္စဖြစ်သော သုခဝေဒနာ ဒုက္ခဝေဒနာတွေကို မြတ်စွာဘုရားက ရေပွက်နှင့်တူတယ်လို့ "ဝေဒနာပုပ္ဖု ဠူပမာ" ဟုဟောတော်မူတယ်။ ဝေဒနာ၊ဝေဒနာက္ခန္ဓာသည်။ပုပ္ဖုဠူပမာ၊ငါဟုစွဲလမ်းအားထားစရာ အနှစ်သာရ အတ္တ ဟုဆိုအပ်သော ကိုယ်၏မရှိခြင်းကြောင့် အနှစ်သာရ ဘာမျှမဘက် ဆူဝေတက်သည့် ရေပွက်နှင့်တူသောဥပမာရှိ၏။ ရေပွက်ဆိုတာ မြစ်, ချောင်း, အင်း, အိုင်, ရေအပြင်မှာ မိုးသည်းရွာသောအခါ မိုးသည်းပေါက်နှင့် ရေပြင်ပေါင်းဆုံမှုကိစ္စကို အစွဲပြု၍ ရေပွက်တွေ ဖြစ်ပေါ်ယာတယ်။ အဲသည် ရေပွက်တွေဟာ ကောင်းကင်မှ မိုးသည်းပေါက်က ကျလိုက်ရင်း ရေပြင်၌ ရေပွက်တွေ ဖွါးခနဲ ဖြစ်ပေါ်လိုက်ရင်း ဖြတ်ခနဲချုပ်ဆုံး ကွယ်ပျောက်လိုက်ရင်း ဖွါးခနဲဖြစ်ပေါ်လိုက်ရင်း ဖြတ်ခနဲချုပ်ဆုံး ကွယ်ပျောက်လိုက်ရင်း အင်း အိုင်တခွင် ရေအပြင်နှင့် အပြည့် ဖြစ်ပေါ်တဲ့ချေ ကွယ်ပျောက်တဲ့ချေ မိုးရွာမှုကိစ္စ မပြီးမခြင်း ဖြစ်ပေါ်နေတော့တာဘဲ။ သုခဝေဒနာ, ဒုက္ခဝေဒနာများကိုလဲ မြတ်စွာဘုရားက အဲသည်ရေပွက်တွေနှင့် တူတယ်လို့ ဟောတော်မူတယ်။ သုခဝေဒနာ ဒုက္ခဝေဒနာများ ဖြစ်ပေါ်တဲ့ အရပ်ဌာနက ကုသိုလ်, အကုသိုလ်ကံအတွက် ဖြစ်ပေါ်တဲ့ ခန္ဓာငါးပါးတွင်ဒွါရခြောက်ပါး အာရုံခြောက်ပါးတို့၌ နေ့ညဉ့်မစဲ တဖွါးဖွါးဖြစ်ပေါ်နေတယ်၊ သုခဝေဒနာ ဒုက္ခဝေဒနာဖြစ်ပေါ်ပုံက စက္ခုပသာဒရုပ်နှင့်ရူပါရုံ ပေါင်းဆုံမိ၍ အဆင်းအမျိုးမျိုးတွင် မီးရောင်ကိုမြင်ကြသောအခါ မီးရောင်ကောင်းသည်

ကောင်းသည်ဟု သိဆဲအခါ၌ ရေပွက်နှင့်တူတဲ့ သုခဝေဒနာတွေ တဖွါးဖွါး ဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံးကွယ်ပျောက် နေတော့တာဘဲ။ မီးရောင်မကောင်းလေခြင်း မကောင်းလေခြင်းဟု သိဆဲအခါ၌ ရေပွက်နှင့်တူတဲ့ ဒုက္ခဝေဒနာတွေ တဖွါးဖွါး ဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံးကွယ်ပျောက် နေတော့တာဘဲ။ အဲတာက စက္ခုပသာဒ ရုပ်နှင့်ရူပါရုံ ပေါင်းဆုံမိသောအခါ၌ သုခဝေဒနာ ဒုက္ခဝေဒနာ ဖြစ်ပေါ်ပုံ။

သောတပသာဒရုပ်နှင့် သဒ္ဒါရုံပေါင်းဆုံမိ၍ အသံအမျိုးမျိုးတွင် ကြက်သံကို ကြားကြသောအခါ ကြက်သံ ကောင်းသည်ကောင်းသည်ဟု သိဆဲအခါ၌ ရေပွက်နှင့်တူတဲ့ သုခဝေဒနာတွေ တဖွါးဖွါး ဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံး ကွယ်ပျောက် နေတော့တာဘဲ။ ကြက်သံ မကောင်းလေခြင်းမကောင်းလေခြင်းဟု သိဆဲအခါ၌ ရေပွက်နှင့်တူတဲ့ ဒုက္ခဝေဒနာတွေ တဖွါးဖွါးဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံးကွယ်ပျောက် နေတော့တာဘဲ။ အဲတာက သောတပသာဒ ရုပ်နှင့် သဒ္ဒါရုံပေါင်းဆုံမိသောအခါ သုခဝေဒနာ,ဒုက္ခဝေဒနာ ဖြစ်ပေါ်ပုံ။

ဃာနပသာဒရုပ်နှင့် ဂန္ဓာရုံပေါင်းဆုံမိ၍ အနံ့အမျိုးမျိုးတို့တွင် ရေနံဆီနံ့ကို နမ်းမိကြသောအခါ ရေနံဆီနံ့ ကောင်းလေခြင်း ကောင်းလေခြင်းဟု သိဆဲအခါ၌ ရေပွက်နှင့်တူတဲ့ သုခဝေဒနာတွေ တဖွါးဖွါးဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံးကွယ်ပျောက်နေတော့တာဘဲ။ ရေနံဆီနံ့ မကောင်းလေခြင်း မကောင်းလေခြင်းဟု သိဆဲအခါ၌ ရေပွက်နှင့်တူတဲ့ ဒုက္ခဝေဒနာတွေ တဖွါးဖွါး ဖြစ်ပေါ်၍

တဖြုတ်ဖြုတ်ချုပ်ဆုံးကွယ်ပျောက်နေတော့တာဘဲ။ အဲဒါက ဃာန ပသာဒရုပ်နှင့် ဂန္ဓာရုံ ပေါင်းဆုံမိသောအခါ သုခဝေဒနာ, ဒုက္ခဝေဒ နာဖြစ်ပေါ်ပုံ။

ဇိဝှါပသာဒရုပ်နှင့် ရသာရုံ ပေါင်းဆုံမိ၍ အရသာအမျိုးမျိုးတို့ တွင် ထန်းလျက်ကို စားမိသောအခါ ထန်းလျက် ကောင်းသည် ကောင်းသည်ဟု သိဆဲအခါ၌ ရေပွက်နှင့်တူတဲ့ သုခဝေဒနာတွေ တဖွါးဖွါး ဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံးကွယ်ပျောက် နေတော့ တာဘဲ။ ထန်းလျက်မကောင်းလေခြင်းမကောင်းလေခြင်းဟု သိဆဲ အခါ၌ ရေပွက်နှင့်တူတဲ့ ဒုက္ခဝေဒနာတွေ တဖွါးဖွါးဖြစ်ပေါ်၍ တ ဖြုတ်ဖြုတ် ချုပ်ဆုံးကွယ်ပျောက်နေတော့တာဘဲ။ အဲဒါက ဇိဝှါ ပသာဒရုပ်နှင့် ရသာရုံပေါင်းဆုံမိသောအခါ သုခဝေဒနာ, ဒုက္ခဝေဒ နာဖြစ်ပေါ်ပုံ။

ကာယပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံ ပေါင်းဆုံမိ၍ မာမှု နူးညံ့မှု ပူမှု အေးမှု ထောက်ကန် လှုပ်ရှားမှု ကောင်းသည်ကောင်းသည်ဟု သိဆဲ အခါ၌ ရေပွက်နှင့်တူတဲ့ သုခဝေဒနာတွေ တဖွါးဖွါး ဖြစ်ပေါ်၍ တ ဖြုတ်ဖြုတ် ချုပ်ဆုံးကွယ်ပျောက် နေတော့တာဘဲ။ မာမှု နူးညံ့မှု ပူမှု အေးမှု ထောက်ကန်မှု လှုပ်ရှားမှု မကောင်းလေခြင်းမကောင်းလေ ခြင်းဟု သိဆဲအခါ၌ ရေပွက်နှင့်တူတဲ့ ဒုက္ခဝေဒနာတွေ တဖွါးဖွါး ဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံးကွယ်ပျောက် နေတော့တာဘဲ။ အဲဒါက ကာယပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံပေါင်းဆုံမိသောအခါ သုခဝေဒနာ, ဒုက္ခဝေဒနာ ဖြစ်ပေါ်ပုံ။

မနောဒွါရမှာ မနောအကြည်နှင့် ဓမ္မာရုံ ပေါင်းဆုံမိ၍ ကောင်း ဆိုးအပုံ ဓမ္မာရုံအမျိုးမျိုးတို့တွင် အရှေ့အရပ်ကောင်သည်ကောင်း

သည်ဟု သိဆဲအခါ၌ ရေပွက်နှင့်တူတဲ့ သုခဝေဒနာတွေ တဖွါးဖွါး ဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံးကွယ်ပျောက်နေတော့တာဘဲ။ အရှေ့အရပ် မကောင်းလေခြင်း မကောင်းလေခြင်းဟု သိဆဲအခါ၌ ရေပွက်နှင့်တူတဲ့ ဒုက္ခဝေဒနာတွေတဖွါးဖွါးဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံးကွယ်ပျောက်နေတော့တာဘဲ။ အဲဒါက မနေ့ာအကြည်နှင့် မမွာရုံ ပေါင်းဆုံမိသောအခါ ရေပွက်နှင့်တူတဲ့ သုခဝေဒနာ, ဒုက္ခဝေဒနာဖြစ်ပေါ်ပုံ။

အဲဒါလို ဒွါရခြောက်ပါး အာရုံခြောက်ပါးတို့၌ တဖွါးဖွါး ဖြစ်ပေါ်၍နေသော ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တ အနိစ္စ ဖြစ်တဲ့ သုခဝေဒနာ, ဒုက္ခဝေဒနာတို့၏ အနိစ္စလက္ခဏာ ဒုက္ခသစ္စာကို ပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီး မြင်ကြရအောင် နေ့ရောညဥ့်ပါ ဘယ်ခါမပြတ် ကြိုးစားအားထုတ်တော်မူကြပါတရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။

ဝေဒနာက္ခန္ဓာဟောပုံ ဆင်ခြင်ပုံ ပြီး၏။

—း၀း—

## သညာက္ခန္ဓာဟောပုံ ဝိပဿနာဆင်ခြင်ပုံ

ပုဂ္ဂလ,သတ္တ,အတ္တ,ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တအနိစ္စ ဖြစ်သော သညာက္ခန္ဓာကို မြတ်စွာဘုရား ဟောတော်မူတယ်။ ဘယ်လို ဟောတော်မူပါသလဲဆိုလျှင် “သညာ၊ သညာက္ခန္ဓာသည်။နိ သတ္တာ၊သတ္တဝါမဟုတ်ကုန်။ နိဇီဝါ၊ အသက်မဟုတ်ကုန်” လို့ ဟောတော်မူတယ်။ အဲသည် အသက် သတ္တဝါမဟုတ်တဲ့ သညာက္ခန္ဓာဆိုတာ အဟောင်းကိုသာ မှတ်တယ်၊ အဟောင်းကို ဘယ်လိုမှတ်သလဲဆိုလျှင် ယခုနေ့ ဘာဟင်းစားသလဲမေးလျှင် ယခုနေ့ ပဲဟင်းနှင့်စား၍ ပဲဟင်းနှင့်စား

သည်ဟုမှတ်မိ ပြောဆိုနိုင်သည်။ နက်ဖြန် ဘာဟင်းနှင့်စားသလဲ မေးလျှင် မစားရ မမှတ်ရသေးသောကြောင့် ဘာဟင်းနှင့်စားသည် ဟု မပြောနိုင်။ ထို့ကြောင့် သညာ အဟောင်းမှတ်သိမှု သညာ စေတသိက်ဟု ဆိုသည်။ အဲသည် သညာက္ခန္ဓာ၏ သဘာဝသစ္စာ ဆိုတာ ရည်ရွယ်စဉ်အခါက မိဘတို့၏ ဆုံးမသွန်သင်မှုအတွက် ဤ ကား အမိ ဤကား အဘ ဤကား အစ်ကို ဤကား အစ်မ ဟု ထင် ရှားစွာ သိမှုကြီးတခုသည် သညာက္ခန္ဓာ၏သဘာဝလက္ခဏာမည်၏။ **တနည်း**—သညာက္ခန္ဓာ၏ သဘာဝ လက္ခဏာက ယခုကာလ လောက ကြီးမှာ လက်သမား ပန်းပု ပန်းချီ ပန်းဘဲ ပန်းတိမ် တံငါ မုဆိုး သူ ခိုး ဒါးပြ အတတ်စုသည် သညာက္ခန္ဓာ၏ သဘာဝလက္ခဏာတမျိုး မည်၏။ **တနည်း** သညာက္ခန္ဓာ၏ သဘာဝသစ္စာက စာပေကျမ်းဂန် အတတ် အသိ အလိမ်မာမှုသည် သညာက္ခန္ဓာ၏ သဘာဝသစ္စာ တနည်းမည်၏။ **တနည်း** သညာက္ခန္ဓာ၏ သဘာဝသစ္စာက ကုန်သွယ် အတတ် တောင်သူအတတ် စက်ယန္တယားအတတ် ရက္ကန်းအတတ် မန္တရား ဗေဒင် လက်ဖွဲ့ အင်း အိုင် အတတ် စုသည် သညာက္ခန္ဓာ၏ သဘာဝသစ္စာမည်၏။ **တနည်း** သညာက္ခန္ဓာ၏ သဘာဝသစ္စာက လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာရှိသည်ဟု လောကီချမ်း သာများကို လိုလားတောင့်တ၍ ပြုကြသမျှ ဒါန သီလ ဘာဝနာ ကုသိုလ်ဟူသမျှသည် သညာက္ခန္ဓာ၏ သဘာဝသစ္စာမည်၏။ **တနည်း** သညာက္ခန္ဓာ၏သဘာဝသစ္စာက ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အပါယ်လေးဘုံကြီး၌ ကြီးကျယ်သော ဆင်းရဲရှိသည်ဟု သိကြ၍ ဆောက်တည် ကျင့်ကြံကြသမျှသီလအကျင့်ဟူသမျှသည် သညာက္ခ န္ဓာ၏သဘာဝသစ္စာမည်၏။ **တနည်း** သညာက္ခန္ဓာ၏ သဘာဝသစ္စာ ဖြစ်ပုံကသမုတိသစ္စာတွင်ခေါ် ဝေါ် သမုတ်ကြတဲ့သွားချေးမျက်ချေး

နဖါချေး ချေး သေး ချွေး ဟူသော အသုဘတရား ခြောက်ခုသည် အ လွန် စက် ဆုပ် ဘွယ် ကောင်း သော အသု ဘ တရား ဖြစ် လျက် ယောကျ်ားအနေ မိန်းမအနေ သားအနေ သမီးအနေနှင့် ချစ်ခင်စုံမက် မြတ်နိုးရခြင်းသည် သညာကန္ဒာ၏ သဘာဝသစ္စာ ဝိပလ္လာသ တရားကြီးတခုမည်၏။ အဲသည် ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တ အနိစ္စ ဖြစ်သော သညာကန္ဒာကို မြတ်စွာဘုရားက တံလျှပ်နှင့်တူတယ်လို့ "မရီစိကူပမာ သညာ" ဟု ဟောတော်မူတယ်။ သညာ၊ သညာကန္ဒာသည်။ မရီစိကူပမာ၊ ငါဟုစွဲလန်း အားထား စရာအနှစ်သာရ အတ္တ ဟုဆိုအပ်သော ကိုယ်၏မရှိခြင်းကြောင့် အ နှစ်သာရ ဘာမျှမကပ် တံလျှပ်နှင့် တူသောဉပမာရှိ၏။ တံလျှပ် ဆို တာ တာကူး ကဆုန် နွေလအခါများ၌ အောက်မြေခိုးက အထက် သို့ အတက် အထက်က နေရောင်နှင့် ပေါင်းဆုံမိကြ၍ ရေအယဉ် လိုလို ရေလှိုင်းတွေလိုလို လူနှင့် အတောင်တရာ နှစ်ရာခန့်အကွာ တွင် ကိုယ်တိုင်ဗိဒ္ဓ တွေ့မြင်၍နေရတဲ့ သဘာဝဓမ္မမျိုးကို တံလျှပ်ဟု ဆိုသည်။ အဲသည် တံလျှပ်နှင့်တူတဲ့ သညာကန္ဒာဆိုတာ ကုသိုလ် အကုသိုလ် ကံကြောင့် ဖြစ်ပေါ်ရတဲ့ ခန္ဓာငါးပါးတွင် ဒွါရခြောက်ပါး အာရုံခြောက်ပါးတို့၌ တဖွါးဖွါး ဖြစ်ပေါ်၍နေတယ်။ ထိုခန္ဓာငါးပါး၌ တဖွါးဖွါး ဖြစ်ပေါ်၍နေသော သညာကန္ဒာသည် အမှားမှတ်သိမှု သညာကန္ဒာတမျိုး, အမှန် မှတ်သိမှု သညာကန္ဒာ၏အမှားအမှန်ဖြစ် ပုံက စက္ခုပသာဒရုပ်နှင့် ရူပါရုံ ပေါင်းဆုံမိ၍ အဆင်းအမျိုးမျိုးတွင် နေရောင် နေရောင်ဟု မှတ်သိကြသောအခါ တံလျှပ်နှင့်တူတဲ့ သညာ ကန္ဒာ အမှားမှတ်သိမှု ဖြစ်ပေါ်နေတယ်။ အမှန်မှတ်သိမှု သညာ ကန္ဒာ ဖြစ်ပေါ်ပုံက နေက သညာကန္ဒာ နာမ်တရား အရောင်က ရုပ်တရား နာမ်ရုပ်နှစ်ပါး အနိစ္စလို့ မှတ်သိတာက တံလျှပ်နှင့်တူတဲ့

သညာက္ခန္ဓာ အမှန်မှတ်သိမှု ဖြစ်တော့တာဘဲ။ အဲဒါက စက္ခုပသာဒ ရုပ်နှင့် ရူပါရုံ ပေါင်းဆုံမိသောအခါ သညာက္ခန္ဓာ၏ အမှားအမှန် ဖြစ်ပုံ။

သောတပသာဒရုပ်နှင့် သဒ္ဒါရုံ ပေါင်းဆုံမိသောအခါ သညာက္ခန္ဓာ၏ အမှားအမှန်ဖြစ်ပုံက အသံအမျိုးမျိုးတွင် ကြက်သံ ကြက်သံဟု မှတ်သိကြသောအခါ တံလျှပ်နှင့်တူတဲ့ သညာက္ခန္ဓာ အမှားမှတ်သိမှုဖြစ်ပေါ်နေတယ်၊ အမှန်မှတ်သိမှုသညာက္ခန္ဓာ ဖြစ်ပေါ်ပုံက ကြက်က သညာက္ခန္ဓာနာမ်တရား အသံက ရူပက္ခန္ဓာ ရုပ်တရားနာမ်, ရုပ်နှစ်ပါး အနိစ္စလို့ မှတ်သိတာက တံလျှပ်နှင့်တူတဲ့ သညာက္ခန္ဓာ အမှန်မှတ်သိမှု ဖြစ်တော့တာဘဲ။ အဲဒါက သောတပသာဒရုပ်နှင့် သဒ္ဒါရုံ ပေါင်းဆုံမိသောအခါ တံလျှပ်နှင့်တူတဲ့ သညာက္ခန္ဓာ အမှား အမှန်ဖြစ်ပုံ။

ဃာနပသာဒရုပ်နှင့်ဂန္ဓာရုံ ပေါင်းဆုံမိ၍ ဂန္ဓာရုံ အမျိုးမျိုးတွင် ရေနံ့ဆီနံ့ ရေနံ့ဆီနံ့ ဟုမှတ်သိကြသောအခါတံလျှပ်နှင့်တူတဲ့သညာက္ခန္ဓာ အမှားမှတ်သိမှု ဖြစ်ပေါ်နေတယ်။အမှန်မှတ်သိမှုသညာက္ခန္ဓာ ဖြစ်ပေါ်ပုံက ရေနံ့ဆီက သညာက္ခန္ဓာနာမ်တရား အနံ့က ရူပက္ခန္ဓာ ရုပ်တရာ နာမ်,ရုပ်နှစ်ပါး အနိစ္စလို့ မှတ်သိတာက တံလျှပ်နှင့်တူတဲ့ သညာက္ခန္ဓာ အမှန်မှတ်သိမှု ဖြစ်တော့တာဘဲ။အဲဒါက ဃာနပသာဒ ရုပ်နှင့် ဂန္ဓာရုံ ပေါင်းဆုံမိသောအခါ တံလျှပ်နှင့်တူတဲ့ သညာက္ခန္ဓာ အမှားအမှန်ဖြစ်ပုံ။

ဇိဝှါပသာဒရုပ်နှင့် ရသာရုံ ပေါင်းဆုံမိ၍ ရသာရုံအမျိုးမျိုးတွင် ထန်းလျက် ချိုတယ်ချိုတယ်လို့ မှတ်သိကြသောအခါ တံလျှပ်နှင့် တူတဲ့ သညာက္ခန္ဓာအမှားမှတ်သိမှု ဖြစ်ပေါ်နေတယ်။အမှန်မှတ်သိမှု

သညာက္ခန္ဓာဖြစ်ပုံကထန်းလျက်ကသညာက္ခန္ဓာနာမ်တရား ချိုရသာက ရူပက္ခန္ဓာ ရုပ်တရား နာမ်,ရုပ်နှစ်ပါး အနိစ္စလို့ မှတ်သိတာက တံလျှပ်နှင့်တူတဲ့ အမှန်မှတ်သိမှု သညာက္ခန္ဓာ ဖြစ်တော့တာဘဲ။ အဲဒါက ဇိဝှါပသာဒရုပ်နှင့် ရသာရုံပေါင်းဆုံမိသောအခါ သညာက္ခန္ဓာ၏အမှားအမှန်ဖြစ်ပုံ။

ကာယပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံပေါင်းဆုံမိ၍ဦးခေါင်းမာတယ် နူးညံ့တယ် ပူတယ် တေယ် ထောက်ကန်လှုပ်ရှားတယ်လို့ မှတ်သိသောအခါ တံလျှပ်နှင့်တူတဲ့ သညာက္ခန္ဓာ အမှားမှတ်သိမှု ဖြစ်ပေါ်နေတယ်။ အမှန်မှတ်သိမှု သညာက္ခန္ဓာဖြစ်ပုံက ဦးခေါင်းကသညာက္ခန္ဓာနာမ်တရားမာတာနူးညံ့တာ ပူတာ တောထောက်ကန်လှုပ်ရှားတာက ရုပ်တရား နာမ်ရုပ်နှစ်ပါး အနိစ္စလို့ မှတ်သိတာက တံလျှပ်နှင့်တူတဲ့ သညာက္ခန္ဓာအမှန်မှတ်သိမှု ဖြစ်တော့တာဘဲ။အဲဒါက ကာယပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံ ပေါင်းဆုံမိသောအခါ သညာက္ခန္ဓာ၏အမှားအမှန်ဖြစ်ပုံ။

မနောအကြည်နှင့် ဓမ္မာရုံ ပေါင်းဆုံမိ၍ ဓမ္မာရုံအမျိုးမျိုးတွင် အရှေ့အရပ် အရှေ့အရပ်လို့ မှတ်သိကြသောအခါ တံလျှပ်နှင့်တူတဲ့ သညာက္ခန္ဓာ အမှားမှတ်သိမှု သညာဖြစ်ပေါ်နေတယ်။ အမှန်မှတ်သိမှုသညာက္ခန္ဓာဖြစ်ပုံက အရှေ့က သညာက္ခန္ဓာ နာမ်တရား ဟဒယဝတ္ထုက ရုပ်တရား နာမ်ရုပ် နှစ်ပါး အနိစ္စလို့သိတာက တံလျှပ်နှင့်တူတဲ့ သညာက္ခန္ဓာ အမှန်မှတ်သိမှုဖြစ်တော့တာဘဲ။ အဲဒါက မနောအကြည်နှင့်ဓမ္မာရုံ ပေါင်းဆုံမိရာ၌ သညာက္ခန္ဓာ၏ အမှားအမှန်ဖြစ်ပုံ။

အဲဒါလို ဒွါရခြောက်ပါး အာရုံခြောက်ပါးတို့၌ မရပ်မနား မတန့်စားဘဲ တဖွါးဖွါး ဖြစ်ပေါ် ၍နေသော တံလျှပ်နှင့်တူတဲ့ သညာက္ခန္ဓာ၏ အနိစ္စလက္ခဏာ ဒုက္ခသစ္စာကို ပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီး မြင်ရအောင် နေ့ရော ညဉ့်ပါ ဘယ်ခါမပြတ် ကြိုးစားအားထုတ်တော်မူကြပါ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းအပေါင်းတို့။

သညာက္ခန္ဓာကိုဟောပုံ ဝိပဿနာဆင်ခြင်ပုံ ပြီး၏။

—း၀း—

## သင်္ခါရက္ခန္ဓာကို ဟောပုံ ဝိပဿနာဆင်ခြင်ပုံ

ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တအနိစ္စ ဖြစ်သော သင်္ခါရက္ခန္ဓာကို မြတ်စွာဘုရား ဟောတော်မူတယ်။ ဘယ်လို ဟောတော်မူပါသလဲဆိုလျှင် "သင်္ခါရာ၊ဖဿ, စေတနာ အစရှိသော သင်္ခါရတို့သည်။ နိ သတ္တာ၊ သတ္တဝါမဟုတ်ကုန်။ နိ ဇီဝါ၊ အသက်မဟုတ်ကုန်" လို့ ဟောတော်မူတယ်။ အဲသည် အသက်, သတ္တဝါမဟုတ်တဲ့ သင်္ခါရက္ခန္ဓာဆိုတာ စေ့ဆော်ပြုပြင်မှုသဘောကို သင်္ခါရက္ခန္ဓာဟုဆိုတယ်။ အဲသည် စေ့ဆော်လှုံ့ဆော် ပြုပြင်တတ်တဲ့ သင်္ခါရက္ခန္ဓာကို **မြတ်စွာဘုရားက**—

စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ။
စေတယိတွာ ကမ္မံ ကရောတိ။
ကာယေန ဝါစာယ မနသာ—ဟုဟောတော်မူတယ်။

စေတနာဟံ၊စေတနာဖြင့်။စေတယိတွာ၊စေ့ဆော်၍။ကာယေန၊ ကိုယ်ဖြင့်၎င်း။ ဝါစာယ၊ နှုတ်ဖြင့်၎င်း။ မနသာ၊ စိတ်ဖြင့်၎င်း။ ကမ္မံ၊ ကံကို။ကရောတိ၊ပြု၏။ ဘိက္ခဝေ၊ရဟန်းတို့။ စေတနာ၊ စေတနာကို။ ကမ္မံ၊ကံဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

သင်္ခါရက္ခန္ဓာ စေတနာစေတသိက်၏ စေ့ဆော်လှုံ့ဆော်ပြုပြင်ပုံက ကုသိုလ်အတွက် မြင်မှုမှာ ကျောင်းဘုရား စေတီ သမုတိသံဃာ ဥပုသ်စောင့် သီတင်းသည့်တို့ကို မြင်ရပါသောကြောင့် ကုသိုလ်စေတနာသင်္ခါရက္ခန္ဓာ၏ စေ့ဆော်လှုံ့ဆော် ပြုပြင်မှုကို သိရတယ်။ အကုသိုလ်အတွက်မြင်မှုမှာ ထောင်းထု ရိုက်နှက် အသက်သတ်ခြင်းစသော အမှုအရာများကို မြင်ရပါသောကြောင့် အကုသိုလ်စေတနာ သင်္ခါရက္ခန္ဓာ၏ စေ့ဆော်လှုံ့ဆော်ပြုပြင်မှုကို သိရတယ်။ ကုသိုလ်အတွက် ကြားမှုမှာ အမျှပေးဝေသောအသံ တရားဟောသောအသံ ဘုရားရှိခိုးသောအသံ ကြေးစည်သံ ခေါင်းလောင်းသံများကို ကြားသိရပါသောကြောင့် ကုသိုလ်စေတနာ သင်္ခါရက္ခန္ဓာ၏ စေ့ဆော်လှုံ့ဆော် ပြုပြင်မှုကို သိရတယ်။ အကုသိုလ်အတွက် စေတနာသင်္ခါရက္ခန္ဓာ၏ စေ့ဆော်လှုံ့ဆော်ပြုပြင်ပုံက ကြားမှုမှာဆိုင်းတီးသောအသံ တေးဆိုသောအသံ ဆဲဆိုငေါက်ငန်း မောင်းမဲသောအသံ ငိုးချော့သောအသံ သူတပါး၏အကျိုးမဲ့ အပုပ်ရေသွန်စကားပြောသောအသံကို ကြားရ သိရပါသောကြောင့် အကုသိုလ်စေတနာသင်္ခါရက္ခန္ဓာ၏ စေ့ဆော်လှုံ့ဆော်ပြုပြင်မှုကို သိရတယ်။

**တနည်း**—စေတနာသင်္ခါရက္ခန္ဓာပြုပြင်ပုံက အကြောင်းကုသိုလ်စေတနာ သင်္ခါရက္ခန္ဓာ ပြုပြင်မှုကြောင့် အကျိုးခန္ဓာငါးပါးကတော့ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ တလှုပ်လှုပ် တရွရွ ဖြစ်ပေါ်နေသော အမှုအရာကြိယာ ဟုဆိုအပ်သော ခြေလှုပ်မှု လက်လှုပ်မှု မျက်စိမှိတ်မှု စကားပြောဆိုမှု ကိုယ်အင်္ဂါ လှုပ်ရှားမှုတို့ကို မြင်ရကြားရပါသောကြောင့် ကုသိုလ်စေတနာ သင်္ခါရက္ခန္ဓာ၏ စေ့ဆော်လှုံ့ဆော်ပြုပြင်မှုကိုသိရတယ်။

**တနည်း**—စေတနာသင်္ခါရက္ခန္ဓာ ပြုပြင်ပုံကအကြောင်းကုသိုလ် စေတနာ သင်္ခါရက္ခန္ဓာ၏ စေ့ဆော်လှုံ့ဆော်ပြုပြင်မှုကြောင့် အကျိုး ခန္ဓာငါးပါးကတော့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အပါယ် လေးဘုံကြီး၌ တလှုပ်လှုပ် တရွရွ ဖြစ်ပေါ် နေတာကို ကိုယ်တွေ့မျက် မြင် ကြားရသိရပါသောကြောင့် အကုသိုလ်စေတနာသင်္ခါရက္ခန္ဓာ၏ စေ့ဆော်လှုံ့ဆော် ပြုပြင်မှုကိုသိရတယ်။ အဲသည် ပုဂ္ဂလ,သတ္တ,အတ္တ, ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တအနိစ္စဖြစ်သော စေတနာသင်္ခါရက္ခန္ဓာကို မြတ်စွာဘုရားက ငှက်ပျောတုံးနှင့်တူတယ်လို့ "သင်္ခါရာကဒလူပမာ" ဟု ဟောတော်မူတယ်။ သင်္ခါရာ၊ဖဿ,စေတနာ အစရှိသော သင်္ခါရ တို့သည်။ကဒလူပမာ၊ ငါဟူစွဲလမ်း အားထားစရာ အနှစ်သာရ အတ္တ ဟုဆိုအပ်သော ကိုယ်၏ မရှိခြင်းကြောင့် အနှစ်မပါ အကာကိုမျှ ရှာ မရသော ငှက်ပျောတုံးနှင့် တူသော ဥပမာရှိ၏။ငှက်ပျောတုံးဆိုတာ တဖတ်စီ တဖတ်စီ ခွါလိုက်လျှင်အနှစ်အမာ အကာကိုမျှ ရှာ၍မရဘူး တဖတ်စီ တဖတ်စီသာ ရှိတော့တာဘဲ။ စေတနာ သင်္ခါရက္ခန္ဓာကိုး၊ အဲသည် ငှက်ပျောတုံးနှင့် တူတယ်လို့ မြတ်စွာဘုရားက ဟောတော် မူတယ်။ သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံးနှင့် ဘယ်လိုများတူပါသလဲ ဆိုလျှင် စက္ခုပသာဒနှင့် ရူပါရုံပေါင်းဆုံမိသောအခါ အဆင်းအမျိုး မျိုးတွင် နေရောင်အလင်း ဝဏ္ဏ အဆင်းကိုမြင်၍ နေရောင်ကောင်း သည်ကောင်းသည်ဟု သိကြသောအခါ ငှက်ပျောတုံးငှက်ပျောဖတ် နှင့်တူတဲ့ စေတနာသင်္ခါရက္ခန္ဓာတို့သည် တဖွါးဖွါးဖြစ်ပေါ်၍တဖြုတ် ဖြုတ် ချုပ်ဆုံးကွယ်ပျောက် နေတော့တာဘဲ။ နေရောင်မကောင်း လေခြင်းမကောင်းလေခြင်းဟု သိကြသောအခါ ငှက်ပျောတုံး ငှက် ပျောဖတ်နှင့်တူတဲ့ စေတနာသင်္ခါရက္ခန္ဓာတို့သည် တဖွါးဖွါးဖြစ်ပေါ် ၍ တဖြုတ်ဖြုတ် ချုပ်ဆုံးကွယ်ပျောက်နေတော့တာဘဲ။ အဲတာက

စက္ခုပသာဒနှင့် ရူပါရုံ ပေါင်းဆုံမိသောအခါ ပုဂ္ဂလ, သတ္တ, အတ္တ ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တ အနိစ္စ ဖြစ်သော စေတနာ သင်္ခါရက္ခန္ဓာ ဖြစ်ပုံ။

သောတပသာဒရုပ်နှင့်သဒ္ဒါရုံပေါင်းဆုံမိသောအခါ အသံအမျိုးမျိုးတွင် ကြက်သံ ကောင်းသည်ကောင်းသည်ဟု သိကြသောအခါ ငှက်ပျောတုံးငှက်ပျောဖတ်နှင့် တူသောစေတနာ သင်္ခါရက္ခန္ဓာတို့သည် တဖွါးဖွါးဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံး ကွယ်ပျောက်နေတော့တာဘဲ။ ကြက်သံမကောင်းလေခြင်း မကောင်းလေခြင်းဟု သိကြသောအခါ ငှက်ပျောတုံး ငှက်ပျောဖတ်နှင့်တူသော စေတနာ သင်္ခါရက္ခန္ဓာတို့သည် တဖွါးဖွါးဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံး ကွယ်ပျောက်နေတော့တာဘဲ။အဲဒါကသောတပသာဒရုပ်နှင့်သဒ္ဒါရုံ ပေါင်းဆုံမိသောအခါ ပုဂ္ဂလ,သတ္တ,အတ္တ,ဇီဝမှကင်းဆိတ်၍အနိမိတ္တ အနိစ္စ ဖြစ်သော စေတနာသင်္ခါရက္ခန္ဓာဖြစ်ပုံ။

ဃာနပသာဒရုပ်နှင့် ဂန္ဓာရုံ ပေါင်းဆုံမိ၍ အနံ့အမျိုးမျိုးတွင် ရေနံဆီနံ့ ကောင်းသည်ကောင်းသည်ဟု သိကြသောအခါ ငှက်ပျောတုံး ငှက်ပျောဖတ်နှင့်တူသော စေတနာသင်္ခါရက္ခန္ဓာတို့သည် တဖွါးဖွါးဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံး ကွယ်ပျောက်နေတော့တာဘဲ။ ရေနံဆီနံ့ မကောင်းလေခြင်း မကောင်းလေခြင်းဟု သိကြသောအခါ ငှက်ပျောတုံး ငှက်ပျောဖတ်နှင့်တူသော စေတနာ သင်္ခါရက္ခန္ဓာတို့သည် တဖွါးဖွါး ဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံး ကွယ်ပျောက် နေတော့တာဘဲ။ အဲတာက ဃာနပသာဒရုပ် နှင့် ဂန္ဓာရုံ ပေါင်းဆုံမိသောအခါ ပုဂ္ဂလ,သတ္တ,အတ္တ,ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တ အနိစ္စဖြစ်သော စေတနာ သင်္ခါရက္ခန္ဓာဖြစ်ပုံ။

ဇိဝှါပသာဒရုပ်နှင့် ရသာရုံ ပေါင်းဆုံမိ၍ ရသာရုံအမျိုးမျိုးတို့တွင် ထန်းလျက်ကို စားမိကြသောအခါ ကောင်းလေခြင်းကောင်းလေခြင်းဟု သိဆဲအခါ၌ ငှက်ပျောတုံး ငှက်ပျောဖတ်နှင့်တူသော စေတနာသင်္ခါရက္ခန္ဓာတို့သည် တဖွါးဖွါး ဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံးကွယ်ပျောက်နေတော့တာဘဲ။ ထန်းလျက် မကောင်းလေခြင်းမကောင်းလေခြင်းဟု သိကြသောအခါ ငှက်ပျောတုံးငှက်ပျောဖတ်နှင့်တူသော စေတနာသင်္ခါရက္ခန္ဓာတို့သည် တဖွါးဖွါး ဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံး ကွယ်ပျောက် နေတော့တာဘဲ။ အဲဒါက ဇိဝှါပသာဒရုပ်နှင့် ရသာရုံ ပေါင်းဆုံမိသောအခါ ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တ အနိစ္စ ဖြစ်သော စေတနာသင်္ခါရက္ခန္ဓာ ဖြစ်ပုံ။

ကာယပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံ ပေါင်းဆုံမိ၍ ဖောဋ္ဌဗ္ဗာရုံအမျိုးမျိုးတို့တွင် မာမှုအတွက်ကြမ်းထမ်းသော အဝတ်အထည်များကို ဝတ်ရုံသုံး ဆောင်ကြသောအခါ မကောင်းလေခြင်းမကောင်းလေခြင်းဟု သိဆဲအခါ၌ ငှက်ပျောတုံး ငှက်ပျောဖတ်နှင့်တူသော စေတနာ သင်္ခါရက္ခန္ဓာတို့သည် တဖွါးဖွါး ဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံး ကွယ်ပျောက် နေတော့တာဘဲ။ ကောင်းသည်ကောင်းသည်ဟု သိတိုင်းသိတိုင်း ငှက်ပျောတုံး ငှက်ပျောဖတ်နှင့်တူတဲ့ စေတနာသင်္ခါရက္ခန္ဓာတို့သည် တဖွါးဖွါးဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံး ကွယ်ပျောက်နေတော့တာဘဲ။ နူးညံ့မှုအတွက် ပိုး, ဖဲ, ကတ္တီပါများကို ဝတ်ရုံသုံးဆောင်ကြသောအခါ ကောင်းလေခြင်းကောင်းလေခြင်းဟု သိတိုင်းသိတိုင်း ငှက်ပျောတုံး ငှက်ပျောဖတ်နှင့်တူတဲ့ စေတနာသင်္ခါရက္ခန္ဓာတို့သည် တဖွါးဖွါး ဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံး ကွယ်ပျောက် နေတော့တာဘဲ။ ပူမှု မှေ့ အတွက် ရေပူပူ

ရေ၌ ကောင်းသည်ကောင်းသည်ဟု သိတိုင်းသိတိုင်း ၎င်းကပြောဆိုတွက် ၎င်းကပြောဖတ်နှင့်တူတဲ့ စေတနာသင်္ခါရက္ခန္ဓာတို့သည် တဖွါးဖွါး ဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံး ကွယ်ပျောက် နေတော့တာဘဲ။ မကောင်းလေခြင်း မကောင်းလေခြင်းဟု သိတိုင်းသိတိုင်း ၎င်းကပြော တိုး၎င်းကပြောဖတ်နှင့်တူသောစေတနာသင်္ခါရက္ခန္ဓာတို့သည်တဖွါးဖွါး ဖြစ်ပေါ်၍တဖြုတ်ဖြုတ် ချုပ်ဆုံးကွယ်ပျောက် နေတော့တာဘဲ။ ဝါယောဓာတ်ထောက်ကန် လှုပ်ရှားမှုအတွက် မီးရထား မော်တော်ကား လှေ လှည်း သင်္ဘောများကို စီးကြသောအခါ ကောင်းသည် ကောင်းသည်ဟု သိတိုင်းသိတိုင်း ၎င်းကပြောတိုး ၎င်းကပြောဖတ်နှင့်တူသော စေတနာသင်္ခါရက္ခန္ဓာတို့သည် တဖွါးဖွါး ဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံးကွယ်ပျောက် နေတော့တာဘဲ။ မကောင်းလေခြင်းမကောင်းလေခြင်းဟု သိတိုင်းသိတိုင်း ၎င်းကပြောတိုး၎င်းကပြောဖတ်နှင့် တူသောစေတနာသင်္ခါရက္ခန္ဓာတို့သည် တဖွါးဖွါးဖြစ်ပေါ်၍ တဖြုတ်ဖြုတ်ချုပ်ဆုံး ကွယ်ပျောက်နေတော့တာဘဲ။ အဲဒါက ကာယပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံ ပေါင်းဆုံမိသောအခါ ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တ အနိစ္စဖြစ်သော စေတနာသင်္ခါရက္ခန္ဓာဖြစ်ပုံ။

မနောဒွါရမှာ မနောအကြည်နှင့် ဓမ္မာရုံ ပေါင်းဆုံမိသောအခါ ဓမ္မာရုံ အမျိုးမျိုးတို့တွင် အရှေ့အရပ် ကောင်းသည်ကောင်းသည် ဟု သိတိုင်းသိတိုင်း အရှေ့အရပ် မကောင်းလေခြင်းမကောင်းလေခြင်းဟု သိတိုင်းသိတိုင်း ၎င်းကပြောတိုး ၎င်းကပြောဖတ်နှင့်တူသော စေတနာသင်္ခါရက္ခန္ဓာတို့သည် တဖွါးဖွါး ဖြစ်ပေါ်၍ တဖြုတ်ဖြုတ် ချုပ်ဆုံးကွယ်ပျောက်နေတော့တာဘဲ။ အဲဒါက မနောအကြည်နှင့် ဓမ္မာရုံ ပေါင်းဆုံမိသောအခါ ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တ အနိစ္စဖြစ်သော စေတနာသင်္ခါရက္ခန္ဓာဖြစ်ပုံ။

အဲဒါလို ဒွါရခြောက်ပါး အာရုံခြောက်ပါးတို့၌ တဖွါးဖွါး ဖြစ်ပေါ်၍နေသော ငှက်ပျောတုံး ငှက်ပျောဖတ်နှင့်တူတဲ့ စေတနာသင်္ခါရက္ခန္ဓာ၏ အနိစ္စလက္ခဏာ ဒုက္ခသစ္စာကို ပြောင်ပြောင် စင်စင် ကြောင်ကြောင်ကြီး မြင်ကြရအောင် နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် ကြိုးစား အားထုတ်တော်မူကြပါ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။

သင်္ခါရက္ခန္ဓာကို ဟောပုံ ဆင်ခြင်ပုံ ပြီး၏။

—းဝး—

**အမှာစကား**—ဤ စေတနာသင်္ခါရက္ခန္ဓာ တရားကွင်းကို ရေးခြင်းသည် ကုသိုလ်ဖြစ်မှု အကုသိုလ်ဖြစ်မှုကို သိစေလိုသောကြောင့် ရေးခြင်းမဟုတ်ပါ။စေတနာ စေတသိက်တလုံး၏ အနိစ္စလက္ခဏာကို သိစေလိုသောကြောင့် ရေးခြင်းဖြစ်ပါတယ်။ ဤ စေတနာစေတသိက်တလုံး၏ အနိစ္စကိုသိလျှင် နိဗ္ဗာန်ကို ရနိုင်၏ဟု မြတ်စွာဘုရား ဟောတော်မူသော နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်မှာ....

> မနောသဉ္စေတနာယ ဘိက္ခဝေ အာဟာရေ ပရိညာတေ တိဿော တဏှာ ပရိညာတာ ဟောန္တိ၊ တီသု တဏှာသု ပရိညာတာသု အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ။

**အနက်ကား**—ဘိက္ခဝေ၊ ရဟန်းတို့။ မနောသဉ္စေတနာယ အာဟာရေ၊ မနောသဉ္စေတနာဟာရကို။ ပရိညာတေ၊ ပိုင်ပိုင်သိသည် ရှိသော်။ ဝါ၊ ပရိညာသုံးပါးဖြင့် အဆုံးတိုင် ပိုင်နိုင်သည်ရှိသော်။ တိဿော တဏှာ၊ ကာမတဏှာ, ရူပတဏှာ, အရူပတဏှာ တည်းဟူသော သုံးပါးသော တဏှာတို့ကို။ ပရိညာတာ၊ အလိုလိုပိုင်နိုင်မှု

ကိစ္စပြီးစီးကုန်တော့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တီသု တဏှာသု၊ သုံးပါးသော တဏှာတို့သည်။ ပရိညာတာသု၊ အလိုလိုပိုင်နိုင်မှုကိစ္စ ပြီးစီးကုန်သည် ရှိသော်။ အရိယ သာဝကဿ၊ ငါဘုရား တပည့်သား အား။ ဥတ္တရိ၊ ထိုထက်အလွန်။ ကိဉ္စိ၊တစုံတခုကိုမျှ။ ကရဏီယံ၊ပြုဘွယ် လုပ်ဘွယ် အားထုတ်ဘွယ်ကိစ္စသည်။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့။ ဝဒါမိ၊ငါဘုရား ဟောတော်မူ၏။

ဤသို့ မြတ်စွာဘုရား ဟောတော်မူသောကြောင့် စေတနာစေ တသိက်တလုံးကို ကောင်းကောင်းကြီး ထင်မြင်အောင် အားထုတ် တော်မူကြပါ သူတော်ကောင်းအပေါင်းတို့။

အမှာစကားရပ်စု ပြီးပြီ။

— းဝး—

## ဝိညာဏက္ခန္ဓာကိုဟောပုံ ဝိပဿနာဆင်ခြင်ပုံ

ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝမှကင်းဆိတ်၍ အနိစ္စ အနိစ္စ ဖြစ်သော ဝိညာဏက္ခန္ဓာကို မြတ်စွာဘုရားက ဟောတော်မူတယ်။ ဘယ်လို ဟောတော်မူပါသလဲဆိုလျှင် "ဝိညာဏံ၊ ဝိညာဏက္ခန္ဓာသည်။ နိ သတ္တာ၊ သတ္တဝါမဟုတ်ကုန်။ နိဇီဝါ၊အသက်မဟုတ်ကုန်" လို့ ဟော တော်မူတယ်။ အဲသည် အသက် သတ္တဝါမဟုတ်တဲ့ ဝိညာဏက္ခန္ဓာ ဆိုတာ သဘာဝမှေ့ ခတ်ရင်းက ထွေထွေလာလာ ကြံသိတတ်တဲ့ သဘော ထွေထွေလာလာ ကြံသိပုံက လင်းလင်းဟူသော အဆင်း ဝဏ္ဏ ပရမတ်ကို မြင်ပါလျက်နှင့် နေဟူ၍သိခြင်း နေထွက်လာပြီဟူ၍ သိခြင်း နေမွန်းတဲ့ပြီဟူ၍သိခြင်း နေဝင်သွားပြီဟူ၍သိခြင်း အဆင်း ဝဏ္ဏ ပရမတ်ကို မြင်ပါလျက်နှင့် ရွှေလမင်းဟူ၍သိခြင်း ရွှေလမင်း

ထွက်လာပြီဟူ၍သိခြင်း ရွှေလမင်း ဝင်သွားပြီဟူ၍သိခြင်း အဆင်းဝဏ္ဏပရမတ်က နေမဟုတ် ရွှေလမင်း မဟုတ်သောကြောင့် ဝိညာဏက္ခန္ဓာ၏ ထွေထွေလာလာ ကြံသိမှုမည်၏။

**တနည်း**—ဝိညာဏက္ခန္ဓာ ထွေထွေလာလာ ကြံသိပုံက ဒါန, သီလ, ဘာဝနာ ကုသိုလ်တို့ကိုပြု၍လူ့ပြည်မှာလူရှိသည် နတ်ပြည်မှာ နတ်ရှိသည် ဗြဟ္မာ့ပြည်မှာ ဗြဟ္မာရှိသည်ဟု လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာများကို ရည်မှတ်တောင့်တ၍ ပြုကြသမျှသော ဒါန, သီလ, ဘာဝနာကုသိုလ်မှုများသည် ဝိညာဏက္ခန္ဓာ၏ ထွေထွေလာလာ ကြံသိမှုမည်၏။

**တနည်း**—ဝိညာဏက္ခန္ဓာ၏ ထွေထွေလာလာကြံသိပုံက ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တို့ကို ပြုမိမှားသောကြောင့် ငရဲဘုံ၌ ငရဲသတ္တဝါရှိသည် တိရစ္ဆာန်ဘုံ၌ တိရစ္ဆာန်သတ္တဝါရှိသည် ပြိတ္တာဘုံ၌ ပြိတ္တာသတ္တဝါရှိသည် အသုရကာယ်ဘုံ၌ အသုရကာယ်သတ္တဝါရှိသည်ဟု သိခြင်းသည် ဝိညာဏက္ခန္ဓာ၏ ထွေထွေလာလာ ကြံသိမှုမည်၏။ အဘယ့်ကြောင့်လဲဆိုလျှင်....

> ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿစ ဝေဒကော။
> သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝံ တံ သမ္မဒဿနံ။

**အနက်ကား**—ကမ္မဿ၊ကုသိုလ် အကုသိုလ်ကံကို။ ကာရကော၊ ပြုလုပ်တတ်သော ပုဂ္ဂိုလ်သတ္တဝါသည်။ နတ္ထိ၊မရှိ။ ဝိပါကဿ၊ကုသိုလ် အကုသိုလ်ကံ၏ အကျိုးတရားကို။ ဝေဒကောစ၊ ခံစား စံစားတတ်သောပုဂ္ဂိုလ်သတ္တဝါသည်လည်း။ နတ္ထိ၊မရှိ။ သုဒ္ဓဓမ္မာ၊ပုဂ္ဂိုလ်သတ္တဝါနှင့်မရောမယှက်သက်သက်သော ရုပ်နာမ် သင်္ခါရတို့သည်သာလျှင်။

ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဝေါကျဉ်ဆိုအပ်ခဲ့ပြီးသည့်အတိုင်း။ တံဒဿနံ၊ ထိုသို့မြင်ခြင်းသည်။ သမ္မဒဿနံ၊ မဖေါက်မပြန် ဝိပဿနာဉာဏ်ဖြင့် ဟုတ်မှန်စွာမြင်ခြင်းမည်ပေ၏။

ဤသို့လာသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ ဂါထာ၏အဓိပ္ပါယ်ကတော့ ကုသိုလ်ကံအကုသိုလ်ကံကိုပြုတတ်သောပုဂ္ဂိုလ်,သတ္တဝါမရှိ ကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးတရားကို ခံစား စံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါမရှိ၊ သက်သက်သော ရုပ်,နာမ်တရားတို့သည်သာထင်ရှားရှိ၏ဟု အဓိပ္ပါယ် လာသောကြောင့် ကုသိုလ်ကံ,အကုသိုလ်ကံကို ပြုတတ်သော ပုဂ္ဂိုလ်သတ္တဝါရှိသည် ကုသိုလ်ကံ, အကုသိုလ်ကံ၏ အကျိုးတရားကို ခံစား စံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါ ရှိသည်ဟု သိခြင်းသည် ဝိညာဏက္ခန္ဓာ၏ ထွေထွေလာလာ ကြံသိမှုမည်၏။ အဲဒါလိုထွေထွေလာလာ ကြံသိတတ်သော ဝိညာဏက္ခန္ဓာကို မြတ်စွာဘုရားက မျက်လှည့်သမားအမှုနှင့်တူတယ်လို့ "မာယူပမဉ္စ ဝိညာဏံ" ဟု ဟောတော်မူတယ်။

**အနက်ကား**—ဝိညာဏံ၊ ဝိညာဏက္ခန္ဓာသည်။ မာယူပမံ၊ ငါဟု စွဲလမ်း အားထားစရာ အနှစ်သာရ အတ္တ ဟုဆိုအပ်သော ကိုယ်၏ မရှိခြင်းကြောင့် အနှစ်အမာ ရှာ၍မရ မျက်လှည့်ပြသော အမှုကြီးနှင့်တူသော ဥပမာရှိ၏။

ဝိညာဏက္ခန္ဓာဆိုတာ ဥပမာ မျက်လှည့်သမားအမှုနှင့် တူတယ်လို့ ဟောတော်မူတယ်၊ မျက်လှည့်သမားဆိုတာ မြို့ထဲ ရွာထဲမှာ အထိုက်အလျောက်သော အဘိုး အခ ကြေးငွေများနှင့် အတတ်ပညာကိုပြ၍ အသက်ကိုမွေးမြူကြတယ်။ သူ၏အတတ်ပညာကတော့

ကျောက်ခဲတခုကိုယူခဲ့၍ မျက်လှည့်ကြည့်သော လူပရိသတ်များကို ဤကျောက်ခဲကို ရွှေဖြစ်အောင် လုပ်ပြမည်ဆို၍ ထိုကျောက်ခဲကို မျက်လှည့်ဆရာတို့၏ ပရိယာယ်ဖြင့် ပုဝါနှင့် ဖုံးအုပ်ပြီးလျှင် ရွှေဖြစ်စေဆို၍ ပုဝါကိုလှပ်လိုက်သောအခါ ကိုးမူးရေ ဆယ်မူးရေ ရွှေကဲ့သို့ ထင်ရတယ်၊ ထိုမျက်လှည့်ပြသောရွှေကို ပရိသတ်များ မြင်ကြသော အခါ မျက်လှည့်ဆရာသည် ထူးထူးဆန်းဆန်း ပြတတ်ပေသည်ဟု အံ့ဩချီးမွမ်းကြတယ်။ ထိုသို့ပင် အံ့ဩချီးမွမ်းကြသော်လည်း မျက်လှည့်ပြသောရွှေသည် အသုံးရအသုံးဝင် ရွှေမဟုတ်သောကြောင့် ရွှေအတွက်နှင့်သက်သက် အဘိုးမတန်အသုံးမကျ ကြည့်ရှု၍ကောင်းသည့်အတွက် ဝမ်းမြောက်ရုံ ဝမ်းသာရုံသာ အသုံးကျလေသည်။ ထိုမျက်လှည့်ပြသော ရွှေနှင့်အတူ ဝိညာဏက္ခန္ဓာ ပြထားသော လူ, နတ်,ဗြဟ္မာ,သတ္တဝါ ရွှေ,ငွေ,ကျောက်သံပတ္တမြား,လယ်,ယာ,ကိုင်း, ကျွန်း,တိုက်အိမ် ဘုံနန်း,သား ,မယား, ကျေး, ကျွန်တို့သည် စိတ်ထဲတွင် အထင်ကြီးထင်၍ ဝမ်းမြောက်ရုံ ဝမ်းသာရုံ စိုးရိမ်မှု ကြောင့်ကြမှုဖြစ်ရုံသာ အသုံးကျတော့သည်။ မဂ်,ဖိုလ်,နိဗ္ဗာန် ဓမ္မဝိဝတ္တာနုဉာဏ်အရာမှာ သက်သက် အသုံးမကျ အဘိုးမတန် မဂ်,ဖိုလ်, နိဗ္ဗာန် ဓမ္မဝိဝတ္တာနုအရာ၌ အသုံးကျသော ဝိညာဏက္ခန္ဓာကတော့ ဒွါရ ခြောက်ပါး အာရုံခြောက်ပါးတို့၌ တဖွါးဖွါး ဖြစ်ပေါ်၍နေတယ်။ ဘယ်လို ဖြစ်ပေါ်နေပါသလဲဆိုလျှင် စက္ခုပသာဒရုပ်နှင့် ရူပါရုံ ပေါင်းဆုံမိ၍ အရောင်အဆင်း အမျိုးမျိုးတို့တွင်မီးရောင်မီးရောင်လို့ သိကြသောအခါ မျက်လှည့်အမှုနှင့်တူသော ဝိညာဏက္ခန္ဓာ အမှားသိမှု ဖြစ်ပေါ်နေတယ်။ အမှန်သိမှုဖြစ်ပုံက မီးကဝိညာဏက္ခန္ဓာ နာမ်တရား အရောင်က ရူပက္ခန္ဓာ ရုပ်တရား နာမ်ရုပ်နှစ်ပါး အနိစ္စလို့ သိတာ ဝိညာဏက္ခန္ဓာ၏ အမှန်သိဖြစ်တော့တာဘဲ။ အဲဒါက စက္ခု

ပသာဒရုပ်နှင့် ရူပါရုံ ပေါင်းဆုံမိသောအခါ ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝမှ ကင်းဆိတ်၍ အနိမိတ္တ အနိစ္စ ဖြစ်သော ဝိညာဏက္ခန္ဓာ၏ အမှားသိ အမှန်သိဖြစ်ပုံ။

သောတပသာဒရုပ်နှင့် သဒ္ဒါရုံ ပေါင်းဆုံမိ၍ အသံအမျိုးမျိုးတို့တွင် ကြက်သံကြက်သံလို့ သိကြသောအခါ မျက်လှည့်အမှုနှင့် တူသော ဝိညာဏက္ခန္ဓာ အမှားသိဖြစ်ပေါ်နေတယ်၊ အမှန်သိဖြစ်ပုံက ကြက်က ဝိညာဏက္ခန္ဓာ နာမ်တရား အသံက ရုပ်တရား နာမ်၊ ရုပ်နှစ်ပါး အနိစ္စလို့သိတာ ဝိညာဏက္ခန္ဓာ အမှန်သိဖြစ်တော့တာဘဲ။ အဲဒါက သောတပသာဒရုပ်နှင့်သဒ္ဒါရုံ ပေါင်းဆုံမိသောအခါ ဝိညာဏက္ခန္ဓာ၏ အမှားသိ အမှန်သိဖြစ်ပုံ။

ဃာနပသာဒရုပ်နှင့် ဂန္ဓာရုံ ပေါင်းဆုံမိကြ၍ အနံ့အမျိုးမျိုးတို့တွင် ရေနံဆီနံ့ရေနံဆီနံ့လို့ သိကြသောအခါ မျက်လှည့်အမှုနှင့်တူသော ဝိညာဏက္ခန္ဓာ အမှားသိ ဖြစ်ပေါ်နေတယ်။အမှန်သိ ဖြစ်ပုံက ရေနံဆီက ဝိညာဏက္ခန္ဓာ နာမ်တရား အနံ့က ရုပ်တရား နာမ်၊ ရုပ်နှစ်ပါး အနိစ္စလို့သိတာ ဝိညာဏက္ခန္ဓာ၏ အမှန်သိ ဖြစ်တော့တာဘဲ။ အဲဒါက ဃာနပသာဒရုပ်နှင့် ဂန္ဓာရုံ ပေါင်းဆုံမိသောအခါ ဝိညာဏက္ခန္ဓာ၏ အမှားသိ အမှန်သိဖြစ်ပုံ။

ဇိဝှါပသာဒရုပ်နှင့်ရသာရုံ ပေါင်းဆုံမိ၍ ရသာရုံအမျိုးမျိုးတို့တွင် ထန်းလျက်ချိုသည်ချိုသည်ဟု သိကြသောအခါ မျက်လှည့်အမှုနှင့်တူသော ဝိညာဏက္ခန္ဓာအမှားသိဖြစ်ပေါ်နေတယ်။ အမှန်သိဖြစ်ပုံက ထန်းလျက်ကဝိညာဏက္ခန္ဓာ နာမ်တရား ချိုရသာက ရုပ်တရား နာမ်၊ရုပ်နှစ်ပါး အနိစ္စလို့သိတာ ဝိညာဏက္ခန္ဓာ အမှန်သိဖြစ်တော့တာဘဲ။ အဲဒါက ဇိဝှါပသာဒရုပ်နှင့် ရသာရုံ ပေါင်းဆုံမိသောအခါ ဝိညာဏက္ခန္ဓာ၏ အမှားသိ အမှန်သိဖြစ်ပုံ။

ကာယပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံအမျိုးမျိုးတို့တွင် ဦးခေါင်း မာတယ် နူးညံ့တယ် ပူတယ် အေးတယ် ထောက်ကန်လှုပ်ရှားတယ်လို့ သိကြသောအခါ မျက်လှည့်အမှုနှင့်တူတဲ့ ဝိညာဏက္ခန္ဓာ အမှားသိ ဖြစ်ပေါ်နေတယ်၊ အမှန်သိဖြစ်ပုံက ဦးခေါင်းက ဝိညာဏက္ခန္ဓာ နာမ်တရား မာတာ နူးညံ့တာ ပူတာ အေးတာ ထောက်ကန်လှုပ်ရှားတာက ရုပ်တရား နာမ်ရုပ်နှစ်ပါး အနိစ္စလို့သိတာ ဝိညာဏက္ခန္ဓာ အမှန်သိ ဖြစ်တော့တာဘဲ။ အဲဒါက ကာယပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံ ပေါင်း ဆုံမိသောအခါ ဝိညာဏက္ခန္ဓာ၏ အမှားသိ အမှန်သိဖြစ်ပုံ။

မနောဒွါရမှာ မနောအကြည်နှင့် ဓမ္မာရုံပေါင်းဆုံမိ၍ ကောင်း ဆိုးအပုံ ဓမ္မာရုံအမျိုးမျိုးတို့တွင် လူတွေလူတွေလို့ သိကြသောအခါ မျက်လှည့်အမှုနှင့်တူတဲ့ ဝိညာဏက္ခန္ဓာ အမှားသိဖြစ်ပေါ်နေတော့ တာဘဲ။အမှန်သိဖြစ်ပုံက လူတွေလူတွေက ဝိညာဏက္ခန္ဓာနာမ်တရား ဟဒယဝတ္ထုက ရုပ်တရား နာမ်ရုပ်နှစ်ပါး အနိစ္စလို့သိတာ ဝိညာ ဏက္ခန္ဓာ အမှန်သိဖြစ်တော့တာဘဲ။ အဲဒါက မနောအကြည်နှင့် ဓမ္မာရုံ ပေါင်းဆုံမိသောအခါ ဝိညာဏက္ခန္ဓာ၏ အမှားသိ အမှန်သိ ဖြစ်ပုံ။

အဲဒါလို ဒွါရခြောက်ပါး အာရုံခြောက်ပါးတို့၌ တဖွါးဖွါးဖြစ်ပေါ် ၍နေသော ဝိညာဏက္ခန္ဓာ နာမ်တရား ရုပ်တရားနှစ်ပါးတို့၏ အနိစ္စ လက္ခဏာ ဒုက္ခသစ္စာကို ပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီး မြင်ကြရအောင် နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် ကြိုးစားအားထုတ် တော်မူကြပါ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ “လူကဟောလျှင် သည်အတိုင်းဟောလေ”။

ရဟန်းတော်ကဟောလျှင် အဲဒါလို ဒွါရခြောက်ပါးတို့၌ တဖွါးဖွါး ဖြစ်ပေါ်၍နေသော ဝိညာဏက္ခန္ဓာကို မျက်လှည့်သမားအမှုနှင့် တူတယ်လို့ မြတ်စွာဘုရား ဟောတော်မူသော ဖေဏပိဏ္ဍောပမသုတ္တန် ဒေသနာတော်မြတ်ကို ကြားနာရခြင်း တည်းဟူသောဓမ္မဿဝနကုသိုလ်စေတနာ သရဏဂုမ်သုံးပါးနှင့်တကွ ငါးပါးသောသီလတော်မြတ်တို့ကို ကျင့်သုံးဆောက်တည်ရခြင်း တည်းဟူသော သီလကုသိုလ်ကံ စေတနာတို့ကြောင့် ဝိညာဏက္ခန္ဓာ၏ အနိစ္စလက္ခဏာ ဒုက္ခသစ္စာကို ပြောင်ပြောင် စင်စင် ကြောင်ကြောင်ကြီး မြင်ရပါလိုသောဟူ၍ ဆုတောင်းကြကုန်။

**တရားသင်နည်း ဆွေးနွေးနည်းတရား**
**တဆဲ့သုံးပုဒ်ပြီး၏။**

—းဝး—

## ကြောင်ပန်းဟောခဲ့ ဒေသနာမည်သော
# တရားသင်နည်း - ဆွေးနွေးနည်း

၁၂၉၄—ခုနှစ်တွင် ရဲထွက်ရွာ တကာဦးသာကျန်း သမီး မယ်ရွှေညွန့်တို့ ကျောင်းတင်လှူဒါန်း၍ ဝါဆိုစဉ်အခါ ရဲထွက်ရွာ ဝိပဿနာယောဂီဒါယကာ ဒါယိကာမအပေါင်းတို့ လျှောက်ထားတောင်းပန်ချက်အရ

၁ သမုတိသစ္စာ သဘာဝသစ္စာ အရိယသစ္စာဟူ၍ သစ္စာသုံးပါးတရား။

၂ သံသရာသုံးကြောင်း သုံးသွယ်တရား။

၃ ကိုယ်ပိုင် ဘုံဆိုင်တရား။
၄ သစ္စာလေးပါးတရားဟူ၍ တရားလေးပုဒ်ကို ရေးသားစီရင် အပ်ပေသတည်း။

—းဝး—

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ယနေ့ည ဟောရမည့်တရားက သမုတိ သစ္စာတရား သဘာဝ သစ္စာတရား အရိယသစ္စာတရားဟူ၍ သုံးပါးရှိတယ်။ထိုသုံးပါးသော သစ္စာတို့တွင် သမုတိသစ္စာဆိုတာ "သမုတိ—သမုတ်တာ၊သစ္စာ—မှန်တာ။ သမုတိသစ္စာ၊ သမုတ်တာ မှန်တာ"။ သဘာဝသစ္စာဆိုတာ "သဘာဝ-သဘော။သစ္စာ—မှန်တာ။ သဘာဝ သစ္စာ—သဘော မှန်တာ" အရိယသစ္စာဆိုတာ"အရိယ—မဖောက်မပြန်၊သစ္စာ-မှန်တာ၊ အရိယသစ္စာ—မဖောက်မပြန်မှန်တာ"။ ထိုသုံးပါးသော သစ္စာတို့တွင် သမုတိသစ္စာ သမုတ်တာမှန်ပုံက အကြောင်းကုသိုလ်ကံကြောင့် အကျိုးခန္ဓာငါးပါးကို လူ့နတ်ဗြဟ္မာဟု ခေါ်ဆိုမှုကြီးတခု အကြောင်း ကုသိုလ်ကံကြောင့် အကျိုးခန္ဓာငါးပါးကို ငရဲကောင် တိရစ္ဆာန်ကောင် ပြိတ္တာကောင် အသုရကာယ်ကောင်ဟု ခေါ်ဆိုမှုကြီးတခု ဤခေါ်ဆိုမှုကြီး နှစ်ခုကို သမုတိသစ္စာဆိုသည်။ အဘယ့်ကြောင့်လဲဆိုလျှင်ခန္ဓာငါးပါးကပုဂ္ဂိုလ်သတ္တဝါမဟုတ်သောကြောင့် သမုတိသစ္စာ ခေါ်ဝေါ်ရုံမျှဖြစ်လေသည်။ **တနည်း**—သမုတိသစ္စာ မှန်ပုံက ခန္ဓာငါးပါးတရားကိုပုဂ္ဂိုလ် သတ္တဝါ အသက်ရှိသည်ဟု ခေါ်ဝေါ်ပြောဆိုကြသော်လည်း မုသာဝါဒ သိက္ခာပုဒ် မပျက်မစီး ကြွေးရာ ဝါရာ မရောက်သောကြောင့် သမုတိသစ္စာ မှန်လေသည်။ဤသို့

မှန်သော သမုတိသစ္စာကို မှန်ကန်စွာ ကျင့်ကြမှ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာဟုဆိုအပ်သော လောကီသမုတိ ချမ်းသာများကိုရ၍ ခံစားစံစားနိုင်လေသည်။ သမုတိသစ္စာကို ကျူးလွန်၍ ကျင့်ကုန်သော သူတို့သည် လောကီသမုတိချမ်းသာကိုမျှ မရကြကုန်မူ၍ အပါယ်လေးဘုံ၌သာ ကြီးစွာသောဆင်းရဲကိုရကြလေကုန်၏။ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာ ဟုဆိုအပ်သော လောကီသမုတိချမ်းသာကိုမျှ မရကြလျှင် လိုရင်းဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို အဘယ်မှာ ရနိုင်တော့မည်နည်း။ အဲဒါကြောင့် နိဗ္ဗာန်ချမ်းသာကို ရလိုသောသူတို့သည် သမုတိသစ္စာဖြစ်သော ကာယကံမှု၊ ဝစီကံမှုများကို လုံခြုံအောင် အားထုတ်ကြရမည်။ ကာယကံ၊ ဝစီကံဆိုတာ မနောကံအရာ အဘိဇ္ဈာ၊ ဗျာပါဒတရားများကို လုံခြုံအောင် အားထုတ်နိုင်မှ ကာယကံ၊ ဝစီကံ ဟုဆိုအပ်သော သီလများ လုံခြုံလေသည်။ အဘိဇ္ဈာဆိုတာ သူတပါး စည်းစိမ်ဥစ္စာကို ငါ၏ဥစ္စာဖြစ်လျှင် ကောင်းလေစွဟု စိတ်ထဲတွင်ဖြစ်သော တရားမျိုးကို အဘိဇ္ဈာဟုဆိုတယ် တရားကိုယ်ရင်းမှာ လောဘ။ ဗျာပါဒဆိုတာ သူတပါး အသက်ရှည်သည်ကိုမနာလိုမှု သေစေလိုမှု စိတ်ထည်းတွင်ဖြစ်သောတရားမျိုးကို ဗျာပါဒဆိုတယ် တရားကိုယ်ရင်းမှာ ဒေါသ။ မနောကံအရာ အဘိဇ္ဈာ၊ဗျာပါဒ တရားနှစ်ပါးကို လုံခြုံအောင် လုပ်နည်းမှာ သမထ ကမ္မဋ္ဌာန်းတွင် မေတ္တာကမ္မဋ္ဌာန်းကို ပွါးများအားထုတ်ရမည်။ အားထုတ်ပုံက အပါယ်လေးဘုံကြီးတွင် ဖြစ်နေတဲ့ သန်းဥ၊ ကြမ်းပိုးဥ၊ ကြက်ဥ၊ ငှက်ဥ၊ လိပ်ဥ၊ ဖွတ်ဥ အစရှိသော အဥသတ္တဝါအကောင်တွေကို ကိုယ်တိုင်ဒိဋ္ဌတွေ့မြင်ကဲ့သော် ရင်း ဤသတ္တဝါတွေသည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တရား သုံးပါးတို့ကို ပွါးမိများသည့်အတွက် အပါယ်လေးဘုံ

ကြီး၍ ကြီးစွာသော ဆင်းရဲကို ခံနေရှာကြရတယ်၊ အပါယ်လေးဘုံသားတွေချမ်းသာပါစေ ကျန်းမာပါစေ အနာရောဂါကင်းပါစေလို့ မြင်တိုင်းမြင်တိုင်း အသံကို ကြားတိုင်းကြားတိုင်း နှုတ်ကတတွတ်တွတ် ရွတ်ဆို၍သော်၎င်း စိတ်ထည်းက အောက်မေ့၍သော်၎င်း တကြိမ်တကြိမ် မေတ္တာကမ္မဋ္ဌာန်းကို ပွါးများလိုက်ရမည်။ အဲဒါက အပါယ်လေးဘုံသားအတွက် မေတ္တာပွားပုံ။

သုဂတိဘုံသားများအတွက် မြန်မာ, ချင်း, ကသည်း, ကုလား, တရုပ် အစရှိသော သုဂတိဘုံသားများကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ကဲ့သော်၎င်း အသံကိုကြားကဲ့သော်၎င်း ဤသတ္တဝါများသည် ဒါန, သီလ, ဘာဝနာ ကုသိုလ်တရားတို့ကို ပြုမိသည့်အတွက်ကြောင့် သုဂတိဘုံ၌နေကြရတယ် သုဂတိဘုံသားများ ချမ်းသာပါစေ ကျန်းမာပါစေ အနာရောဂါ ကင်းပါစေလို့ မြင်တိုင်းမြင်တိုင်း အသံကို ကြားတိုင်းကြားတိုင်း စိတ်ထည်းကအောက်မေ့၍သော်၎င်း နှုတ်က တတွတ်တွတ် ရွတ်ဆို၍သော်၎င်း တကြိမ်တကြိမ် မေတ္တာကမ္မဋ္ဌာန်းကို ပွါးများလိုက်ရမည်။

ဤကဲ့သို့ မေတ္တာကမ္မဋ္ဌာန်းကို အောက်မေ့ ပွါးများကဲ့ပါလျှင် မနောဒွါရိက် အဘိဇ္ဈာ,ဗျာပါဒအစရှိသော အကုသိုလ်တရားတွေမှ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်အားဖြင့် ငြိမ်းလေ၏။ အဘိဇ္ဈာ, ဗျာပါဒဟူသော မနောဒွါရိက် အမိုက်ကိလေသာတရား တဒင်္ဂ ဝိက္ခမ္ဘန ငြိမ်းကဲ့လျှင် ကာယကံသုံးပါး, ဝစီကံလေးပါး ဟုဆိုအပ်သော ဝီတိက္ကမကိလေသာ ဒွါရိက်ခုနစ်ပါးတို့သည် တဒင်္ဂ ဝိက္ခမ္ဘနအားဖြင့် ငြိမ်းလေ၏။ ကာယဒွါရိက်, ဝစီဒွါရိက်, မနောဒွါရိက်ဟူသော ဒွါရိက်တရားသုံးပါးတို့ တဒင်္ဂ ဝိက္ခမ္ဘနအားဖြင့် ငြိမ်းကဲ့လျှင် သဒ္ဓါ,

သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပဟူသော လောကီသူတော်ကောင်းဥစ္စာ ခုနစ်ပါးနှင့် ပြည့်စုံမှသာ သမုတိသစ္စာကို လုံခြုံမှန်ကန်စွာ ကျင့်သောသူမည်၏။ အဲသည် သမုတိသစ္စာကို လုံခြုံမှန်ကန်စွာ ကျင့်သောသူမှသာ နိဗ္ဗာန်ရောက်ကြောင်း တရားကို အားထုတ်နိုင်လေသည်။ သမုတိသစ္စာကို လုံခြုံမှန်ကန်စွာကျင့်ကြ၍ နိဗ္ဗာန်ရောက်ကြောင်းတရားများကို အားထုတ်ကျင့်ကြံမှသာလျှင် နိဗ္ဗာန်ချမ်းသာများကို ရနိုင်လေသည်။ အဲဒါက သမုတိသစ္စာ သမုတ်တာမှန်ပုံ။

သဘာဝသစ္စာ သဘောမှန်ပုံက ကုသိုလ်ကံ အကြောင်းကြောင့် အကျိုးခန္ဓာငါးပါး သဘာဝတရားကို လူ, နတ်, ဗြဟ္မာဟု ခေါ်ဆိုပညတ် သမုတ်ကြရတယ်၊အကုသိုလ်ကံ အကြောင်းကြောင့် အကျိုးခန္ဓာငါးပါး သဘာဝတရားကို အပါယ်လေးဘုံသား သတ္တဝါဟု ခေါ်ဆိုပညတ် သမုတ်ကြရတယ်။ဤသုံးဆယ့်တဘုံ၌ရှိသော သတ္တဝါတွေကို အကုန်လုံး ပေါင်းလိုက်က ခန္ဓာငါးပါးသာ ရပေ၏။ တခြားစီထားလိုက်ပြန်လျှင် ခန္ဓာငါးပါးသာ ရလေ၏။ အဲဒါက သဘာဝသစ္စာသဘောမှန်ပုံ။**တနည်း**—သဘာဝသစ္စာ သဘောမှန်ပုံက ဂင်္ဂါသဲလုံးနှင့်အမျှ မကမက ပွင့်တော်မူကြကုန်သော မြတ်စွာဘုရားရှင်တို့၏ တဆူသောဘုရားရှင်အတွက် ကျွတ်တော်မူကြကုန်သော သာဝကအရှင်မြတ်တို့သည် နှစ်ဆယ့်လေးသင်္ချေနှင့် ကုဋေခြောက်ဆယ်ဗိုလ်ခြေတသိန်း ကျွတ်တန်းဝင်တော်မူကြသည်ဟု စာအဆိုရှိပေသည်။ တဆူသောဘုရားရှင်တွင် ဤမျှလောက်ကျွတ်ခဲ့လျှင် ဘုရားတွေက ဂင်္ဂါသဲလုံးနှင့်အမျှ မကမက အလွန်များသည့်အတွက်သတ္တဝါ အစစ်အမှန်ရှိက ကုန်လောက်ပေပြီ အဘယ့်ကြောင့် မကုန်ပါသနည်း သတ္တဝါက အစစ်အမှန်မဟုတ် သမုတိသစ္စာ သမုတ်ရုံ

မှန်သောကြောင့် မကုန်လေသည်။ အမှန်ကေန်ရှိတာက ခန္ဓာငါးပါး သဘာဝသစ္စာတရားသာ အမှန်ရှိလေသည်။ ဒါကြောင့်နှစ်ဆယ့်လေး သင်္ချေနှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေတသိန်း အစရှိသော ကျွတ်တန်းဝင် စာအဆိုသည် ပုဂ္ဂလာဓိဋ္ဌာန်မျှ ဖြစ်လေသည်၊ ဒါကြောင့် ဓမ္မာဓိဋ္ဌာန်အားဖြင့် ကျွတ်တာကလဲ ခန္ဓာငါးပါး သဘာဝသစ္စာတရား ကျန်ရှိနေတာကလဲ ခန္ဓာငါးပါး သဘာဝသစ္စာတရားရှိပေသည်။ နိဗ္ဗာန်ကို ရသည်မရသည်အတွက်နှင့် ခန္ဓာငါးပါး သဘာဝတရားကလျော့ခြင်း နည်းခြင်း တိုးခြင်း ဆုတ်ခြင်းမရှိ ခန္ဓာငါးပါးက ခန္ဓာငါးပါးအတိုင်းရှိလေသည်။ အဲသည် ခန္ဓာငါးပါး တရားများသည် ကုသိုလ်ကံ၊ အကုသိုလ်ကံ အကြောင်းကြောင့် အကျိုးတရားများဖြစ်၍ မြတ်စွာဘုရားက "ဓမ္မာ၊ နိသတ္တာနိဇီဝသဘာဝါ"ဟု ဟောတော်မူတယ်။ အဲသည် အသက်သတ္တဝါမဟုတ်တဲ့ ခန္ဓာငါးပါး သဘာဝသစ္စာတရားများကို ယခုလို သာသနာဒုလ္လဘနှင့် ကြုံရတဲ့ အခါများမှာ သိထိုက် မြင်ထိုက် ဆင်ခြင်ထိုက်ပေသည်။ အဘယ့်ကြောင့်လဲဆိုလျှင် အသက်ရှိသည် သတ္တဝါဟုတ်သည်ဟု သက္ကာယဒိဋ္ဌိ အယူမှားကြီးနှင့်သာ အစမထင် သံသရာ တလျှောက်လုံးမှာ ငါတို့တတွေ အမှားကောင်တွေဖြစ်၍ နေကြရတာများလှလေပြီ။ အဲဒါကြောင့် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို ပြုတတ်သော ပုဂ္ဂိုလ်သတ္တဝါရှိသည် ကုသိုလ်ကံ၊ အကုသိုလ်ကံ၏ အကျိုးတရားကို ခံစား၊ စံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါရှိသည်ဟု ကာရကဒိဋ္ဌိ ဝေဒကဒိဋ္ဌိ အယူမှားသက္ကာယဒိဋ္ဌိ တရားဆိုးကြီး ချုပ်ငြိမ်းရန် တရားအတွက် ခန္ဓာငါးပါးသဘာဝသစ္စာတရားများကို ယခုလိုသာသနာအခါများ ဥယောနိသော မနသိကာရနှင့်နှလုံးသွင်းထိုက်ဆင်ခြင်ထိုက်ပေသည် ကြုံကြိုက်သော လူ့ဘဝနှင့် ကြုံကြိုက်သော သာသနာတရား ခန္ဓာ

ငါးပါး သဘာဝသစ္စာများကို နှလုံးမသွင်းဘဲ ကြောင့်ကြမဲ့နေကဲ့လျှင် နောင်တတဖန် ပူပန်စိုးရိမ်ခြင်းကို ဖြစ်စေတတ်သည်ဟု မြတ်စွာဘုရား ဟောတော်မူတယ်။ ဘယ်လို ဟောတော်မူပါသလဲ ဆိုလျှင်....

မာ ဝေါ ခဏံ ဝိရာဓေထ၊ ခဏာတီတာ ဟိ သောစရေ။

တဒတ္ထေ ဝါယမေယျာထ၊ ခဏော ဝေါ ပဋိပါဒိကော။

ဟု ဟောတော်မူတယ်။

**အနက်ကား**—ဘောဇ္ဈော၊ အို သူတော်ကောင်းအပေါင်းတို့။ ဝေါ၊ သင်တို့သည်။ ခဏံ၊ အရိယသစ္စာ သာသနာဝမ္မ မြတ်ခဏကို။ မာဝိရာဓေထ၊ ချော်လွန်၍များ မသွားကြစေကုန်လင့်။ ဟိ၊ အဘယ့်ကြောင့်နည်း။ ခဏာတီတာ၊ ခဏကို လွန်ကုန်သောသူတို့သည်။ သောစရေ၊ တောက်ခေါက် နောင်တ ပူပန် စိုးရိမ်ရကုန်၏။ တဒတ္ထေ၊ ကိုယ်ကျိုး ကိုယ်စီးပွါး၌။ ဝါယမေယျာထ၊ လုံ့လမယုတ်အရအမိ ကြိုးကုတ်၍ အားထုတ်ကြကုန်ရာ၏။ ဝေါ၊ သင်တို့အား။ ခဏော၊ ဗုဒ္ဓုပ္ပါဒ မြတ်ခဏသည်။ ပဋိပါဒိကော၊ ယခုဘဝ ခုခဏ၌ ဆိုက်ရောက်ရရှိကြပြီ ဟု အပဒါန်ပါဠိတော်၌ ဟောတော်မူသည်။

ဤသို့ ဟောတော်မူသော ဒေသနာတော်မြတ်၏ အဓိပ္ပါယ်ကတော့ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့ ငါဘုရားသာသနာ တည်းဟူသော ခဏကိုလွန်၍ မသွားကြစေနှင့် အဘယ်ကြောင့်လဲ ဆိုလျှင် သာသနာခဏမြတ်သမယကိုလွန်၍ သွားသောသူတို့သည် နောင်တတဖန် ပူပန်စိုးရိမ်ရတတ်တယ်။ ကိုယ်ကျိုး ကိုယ်စီးပွါးဖြစ်သော တရားကိုအားထုတ်ကြ။ ဗုဒ္ဓုပ္ပါဒ မြတ်ခဏကြီးသည် ယခု ထင်ရှားဖြစ်ပေါ်၍ နေပြီဟု အဓိပ္ပါယ်လာသည်။ ဤသို့

မြတ်စွာဘုရား ဟောတော်မူသော ဒေသနာတော်မြတ်နှင့် အညီ မြတ်စွာဘုရား အဆုံးအမ တည်းဟူသော သာသနာတော်မြတ်ကြီးကို ချော်လွန်၍ မသွားရအောင် သဘာဝသစ္စာ ခန္ဓာငါးပါး ရုပ်တရား နာမ်တရားများကို ပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီး မြင်ရအောင် အားထုတ်ထိုက်ပေသည်။ " အဲ ဒါက သဘာဝသစ္စာ မှန်ပုံ "။

အရိယာသစ္စာဆိုတာ မဘောက်မပြန် မြဲမှန်အပ် မြတ်သော သဘောကို အရိယသစ္စာဆိုတယ်။ အဲဒီ အရိယသစ္စာသဘောကို အရိယမဂ်သို့ရောက်၍ အရိယာပုဂ္ဂိုလ်ဟု သမုတ်အပ်သော အရိယာပုဂ္ဂိုလ်မှသာ ဤအရိယသစ္စာကို ကိုယ်တိုင်ဒိဋ္ဌ မဂ်ဉာဏ်ဖြင့် မြင်နိုင်လေသည် ဒါကြောင့် သဘောအားဖြင့်မြတ်သော အရိယသစ္စာ ခန္ဓာငါးပါး အနိစ္စလက္ခဏာ ဒုက္ခသစ္စာကို အရိယာဖြစ်ပြီးသော မြတ်စွာဘုရားက ဟောတော်မူတယ်။ ဘယ်လို ဟောတော်မူပါသလဲ ဆိုလျှင်....

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

ဟူ၍ ဟောတော်မူတယ်။

**အနက်ကား**—ဝတ ဧကန္တေန၊ စင်စစ်သဖြင့်။ သင်္ခါရာ၊ ခန္ဓာငါးပါး သင်္ခါရတရားတို့သည်။ အနိစ္စာ၊ မြဲခြင်းသဘောမရှိကုန်။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်တတ် ပျက်တတ်သော သဘောရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ရှေးကမရှိ ယခုမှ ဖြစ်တဲ့၍။ နိရုဇ္ဈန္တိ၊ အကြွင်းအကျန်မရှိ သောအားဖြင့် ချုပ်ဆုံးကုန်၏။ တေသံ၊ ထိုခန္ဓာငါးပါး သင်္ခါရတို့၏။ ဝူပသမော၊ ငြိမ်းရာဖြစ်သောနိဗ္ဗာန်သည်။ သုခေါ၊ ချမ်းသာ၏။

အဲသည် ဒေသနာ အဓိပ္ပါယ်ကတော့ စင်စစ်အားဖြင့် ခန္ဓာငါး ပါးဆိုတာ အနိစ္စတဲ့။ အနိစ္စကို ခန္ဓာငါးပါးလို့ဆိုတာ. အနိစ္စပြင်မှ တပါး ခန္ဓာငါးပါး တခြားမရှိ အနိစ္စသာရှိသည်။ အဲသည် အနိစ္စ ဖြစ်သော ခန္ဓာငါးပါးသည် ဖြစ်ချေ ပျက်ချေ ပျက်ချေ ဖြစ်ချေ အားဖြင့် အမြဲဖြစ်နေတယ်။ အနိစ္စ ဖြစ်နေသော ခန္ဓာငါးပါးသည် ရှေးက မရှိပါဘဲနှင့် ယခုမှဖြစ်တဲ့၍ အကြွင်းအကျန် မရှိသောအား ဖြင့် ချုပ်ဆုံးကွယ်ပျောက်ကုန်၏။ ဤကဲ့သို့ ပျက်စီးတဲ့ချေ ဖြစ်ပေါ် တဲ့ချေ နိစ္စ ဇီဝမှ ကင်းဆိတ်သော ခန္ဓာငါးပါးသည် နိဗ္ဗာန်သို့ရောက် မှ အငြိမ်းကြီးငြိမ်းတော့သည်ဟု အဓိပ္ပါယ်လာသည်။ "အဲဒါက အရိယသစ္စာ မဘောက်ပြန်မှန်ပုံ"။

ဤယခုဟောခဲ့သော သမုတိသစ္စာ, သဘာဝသစ္စာ, အရိယ သစ္စာတရားသုံးပါးတို့ကို ပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီး မြင်ရအောင် နေ့ရော ညဥ့်ပါ ဘယ်ခါမပြတ် ကြိုးစားအားထုတ် တော်မူကြပါ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ "လူကဟောလျှင် သည်အတိုင်းဟော"။

**ရဟန်းတော်ဟောရာ၌ ဆက်ရန်** ဤသို့ ယခုဟောကဲ့သော သမုတိသစ္စာ, သဘာဝသစ္စာ,အရိယသစ္စာတရားသုံးပါးတို့ကို ကြား နာရခြင်း တည်းဟူသော ဓမ္မသဝနကုသိုလ်စေတနာ သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသော သီလတော်မြတ်တို့ကို ကျင့်သုံး ဆောက်တည်ရခြင်း တည်းဟူသော သီလကုသိုလ်စေတနာ ဤသို့ ပေါင်းအပ် များမြတ်သော ကုသိုလ်စေတနာတို့ကြောင့် သမုတိ

သစ္စာ, သဘာဝသစ္စာ, အရိယသစ္စာတရားသုံးပါးတို့ကို ပြောင်ပြောင် စင်စင် ကြောင်ကြောင်ကြီး မြင်ရပါလိုသောဟူ၍ ဆုတောင်ကြကုန်၏။

သစ္စာသုံးပါးတရား ပြီး၏

—း၀း—

## သံသရာသုံးကြောင်းသုံးသွယ် ဥဒယဗ္ဗယဇဉ်တရား

ယောစ ၀ဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ဓမ္မပဒပါဠိတော်

**အနက်ကား**—ယောစ၊ ရဟန်းရှင်လူ ဘယ်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ ဥဒယဗ္ဗယံ၊ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို။ အပဿံ အပဿန္တော၊ မရှုမမြင် မဆင်ခြင်ဘဲ။ ၀ဿသတံ၊ အနှစ်တရာ ကာလပတ်လုံး။ ဇီဝေ၊ အသက်ရှည်ငြားအံ့။ နသေယျော၊ မမြတ်။ ဥဒယဗ္ဗယံ၊ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို။ ပဿတော၊ ရှုမြင်သောပုဂ္ဂိုလ်၏။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

ဤသို့မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော် မြတ်၏ အဓိပ္ပါယ်ကတော့ ခန္ဓာငါးပါးတို့၏ ဖြစ်မှု ပျက်မှု အနိစ္စကို မမြင်သောသူသည် ယုတ်မာတယ်။ ခန္ဓာငါးပါးတို့၏ ဖြစ်မှု ပျက်မှုကို သိသော သူမှသာမြတ်၏ဟု အဓိပ္ပါယ်လာသည်။

အယုတ်, အမြတ်အဓိပ္ပါယ်နှစ်ရပ်တွင် ခန္ဓာငါးပါးတို့၏ ဖြစ်မှု ပျက်မှုကိုသိမှ မြတ်၏ဟု အဘယ့်ကြောင့် ဆိုပါသလဲဆိုလျှင် ခန္ဓာငါးပါးတို့၏ ဖြစ်မှု ပျက်မှုကိုသိ၍ မြတ်ပုံက အစမထင် သံသရာ ကမ္ဘာဘာက ဂင်္ဂါသဲလုံးနှင့်အမျှ မက မက ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့တွင် တဆူသောဘုရားရှင်၏ ခြေတော်ရင်း၌ နှစ်ဆဲ့လေး သင်္ချေနှင့် ကုဋေ ခြောက်ဆယ် ဗိုလ်ချေတသိန်း အကျွတ်တရားကို ရကြကုန်သော အရိယာသာဝကတို့သည် ခန္ဓာငါးပါးတို့၏ အနိစ္စလက္ခဏာ ဒုက္ခသစ္စာကို သိမြင်၍သာ သမုဒယသစ္စာ အနုသယကိလေသာ ကုန်ငြိမ်းရာ နိရောဓသစ္စာ နိဗ္ဗာနဓာတ် ဖြစ်၍ ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ တည်းဟူသော သံသရာဝဋ်ဒုက္ခကြီး လေးပါးမှ ကျွတ်လွတ် ထွက်မြောက်တာကိုပင် မြတ်၏ဟု ဟောတော်မူတယ်။ အဲဒါက ခန္ဓာငါးပါးတို့၏ ဖြစ်မှု, ပျက်မှုကို သိသောသူတို့၏ မြတ်ပုံ။ ခန္ဓာငါးပါးတို့၏ ဖြစ်မှု, ပျက်မှုတို့ကို မသိသောသူသည် ယုတ်မာ၏ဟု ဆိုသော အဓိပ္ပါယ်၏ ယုတ်မာပုံကတော့ အစမထင်သံသရာ ကမ္ဘာဘာက ဂင်္ဂါသဲလုံးမျှ မက မက ပွင့်တော်မူကြကုန်သော ဘုရားသခင်တို့၏ အထံတော်တို့၌ နိဗ္ဗာန်ကိုမရကြကုန်မူ၍ ယခုထက်ထိ သံသရာထဲတွင် ပဋိသန္ဓေ နေမှုဘေးတန်းလန်း အိုမှုဘေးတန်းလန်း နာမှုဘေးတန်းလန်း သေမှုဘေးတန်းလန်း ခံနေရသောသူများကိုသာ ယုတ်မာတယ်လို့ ဟောတော်မူတယ်။ အဲဒါက ခန္ဓာငါးပါးတို့၏ ဖြစ်မှု, ပျက်မှု အနိစ္စဓာတ်ပရမတ်ကို မသိကြသောသူတို့၏ ယုတ်မာ၍နေပုံ။ အဲဒါလို ခန္ဓာငါးပါးတို့၏ အနိစ္စတရားကို မသိကြသည့်အတွက် ငါတို့တတွေ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ် အားဖြင့် ဝဋ်သုံးပါး သံသရာ သုံးကြောင်းသုံးသွယ်၌ ကျင်လည်၍နေကြရလေသည်။ သံသရာ သုံး

ကြောင်းသုံးသွယ်ဆိုတာ အထက် ဗြဟ္မာပြည်နှစ်ဆယ်ကို အထက်သံသရာထား နတ်ပြည်ခြောက်ထပ် လူ့ပြည် ကာမသုဂတိခုနစ်ဘုံကို အလယ်သံသရာထား ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်လေးဘုံကြီးကို အောက်ဆုံး သံသရာထား သံသရာသုံးကြောင်းသုံးသွယ်ပြီး၏။ သံသရာသုံးကြောင်းသုံးသွယ်တွင် အောက်ဆုံးသံသရာ အပါယ်လေးဘုံကြီး၌ အစမထင်သံသရာက အစဉ်မပြတ်ဖြစ်ပေါ်၍နေသော ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်သုံးပါးတို့တွင် ကိလေသဝဋ် ဘယ်တရားလဲဆိုလျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ တရားနှစ်ပါးသည် ကိလေသဝဋ်မည်၏။ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကိလေသဝဋ်ရှိခဲ့လျှင် ကမ္မဝဋ် ဘာကိုလုပ်မလဲဆိုတော့ သပ္ပုရိသုပနိဿယ သူတော်ကောင်း အဆုံးအမကို မရသောသူသည် ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားများကိုပြုမိ၍ ကမ္မဝဋ်ဖြစ်လေ၏။ ကမ္မဝဋ်ဒုစရိုက်ဆယ်ပါး တပါးပါးကို ပြုမိလျှင် ဝိပါကဝဋ် ဘယ်မှာအကျိုးပေးမလဲဆိုတော့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် တည်းဟူသော အပါယ်လေးဘုံကြီးတွင် ကံအားလျော်စွာ ခန္ဓာငါးပါးရုပ်တရား နာမ်တရားများဖြစ်ရလေ၏။ ယခုအပါယ်လေးဘုံကြီးတွင် ဖြစ်နေရတဲ့ ခန္ဓာငါးပါး ရုပ်တရားနာမ်တရားများသည် ဒုစရိုက်ဆယ်ပါး ကမ္မဝဋ်အကြောင်းတရားကြောင့် အကျိုးဝိပါကဝဋ် ဖြစ်ရလေသည်၊ အဲဒါက အောက်ဆုံးသံသရာ အပါယ်လေးဘုံကြီး၌ ဖြစ်နေတဲ့ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ် တရားသုံးပါး။

အလယ်သံသရာ လူ့ပြည် နတ်ပြည် ဟုဆိုအပ်သော ကာမသုဂတိ ခုနစ်ဘုံ၌ဖြစ်ပုံ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တရားသုံးပါးတို့တွင် ကိလေသဝဋ် ဘယ်တရားလဲဆိုလျှင် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော ကာမဂုဏ်ငါးပါး အာရုံတရား

တို့၌ သာယာ ခင်မင် လိုချင် တောင့်တသော သမုဒယသစ္စာ လောဘသည် ကိလေသဝဋ်မည်၏။ ကိလေသဝဋ်ရှိခဲ့လျှင် ကမ္မဝဋ်ဘာကို လုပ်မလဲဆိုတော့ သပ္ပုရိသုပနိဿယ သူတော်ကောင်း အဆုံးအမကို မရသောသူသည် ဒါန,သီလ,ဘာဝနာတရားတို့ကို ပြုကျင့်သောအခါ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာရှိသည်ဟု စိတ်ထဲတွင် အထင်ကြီးထင်၍ လောကီချမ်းသာ ဝဋ်ဆင်းရဲကို တောင့်တ၍ ပြုမိလေသောကြောင့် ပုညာဘိသင်္ခါရကုသိုလ် ကမ္မဝဋ်တရား ဖြစ်လေ၏။ ဝဋ္ဋနိဿိတပုညာဘိသင်္ခါရ ကမ္မဝဋ်ဖြစ်ခဲ့လျှင် ဝိပါကဝဋ် ဘယ်မှာအကျိုးပေးမှာလဲဆိုတော့ လူ့ပြည် နတ်ပြည် ဟုဆိုအပ်သော ကာမသုဂတိခုနစ်ဘုံတွင် ကံအားလျော်စွာ ခန္ဓာငါးပါး ရုပ်တရား နာမ်တရားများ ဖြစ်ရလေသည်။ ယခုလူ့ပြည် နတ်ပြည် ဟုဆိုအပ်သော ကာမသုဂတိ ခုနစ်ဘုံတွင်ဖြစ်နေရတဲ့ ခန္ဓာငါးပါး ရုပ်တရား နာမ်တရားများသည် ဒါန, သီလ, ဘာဝနာကမ္မဝဋ် အကြောင်းကြောင့် အကျိုးဝိပါကဝဋ် ဖြစ်လေ၏။ အဲဒါက လူ့ပြည် နတ်ပြည် ဟုဆိုအပ်သော ကာမသုဂတိ ခုနစ်ဘုံအလယ်သံသရာကြီး၌ ဖြစ်နေတဲ့ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ် တရားသုံးပါး။

အထက်သံသရာ ဗြဟ္မာ့ပြည်နှစ်ဆယ်၌ဖြစ်ရန် ကိလေသဝဋ် ကမ္မဝဋ်,ဝိပါကဝဋ် တရာသုံးပါးတို့တွင် ကိလေသဝဋ် ဘယ်တရားလဲ ဆိုလျှင် ဗြဟ္မာ့ဘုံ ဗြဟ္မာ့ဘဝ ဗြဟ္မာ့ခန္ဓာကို သာယာခင်မင် လိုချင် တောင့်တသော ဘဝတဏှာ, သမုဒယသစ္စာလေးပါးသည် ကိလေသဝဋ်မည်၏။ ကိလေသဝဋ်ရှိခဲ့လျှင် ကမ္မဝဋ် ဘာကိုလုပ်မှာလဲဆိုတော့ သပ္ပုရိသုပနိဿယ သူတော်ကောင်း အဆုံးအမကို မရသောသူသည် ဝဋ်ဆင်းရဲကို တောင့်တလျက် ဝဋ္ဋနိဿိတဖြစ်သော ဘာဝနာလေးဆယ် အစရှိသော သမထကမ္မဋ္ဌာန်း တရားများကို အား

ထုတ်မိ၍ မဟာဂုတ်ကုသိုလ် ကမ္မဝဋ်ဖြစ်လေတော့သည်၊ ကမ္မဝဋ်ဖြစ်က ဝိပါကဝဋ် ဘယ်မှာအကျိုးပေးမှာလဲဆိုတော့ အထက်ဗြဟ္မာ့ပြည်နှစ်ဆယ်တွင် ကံအားလျော်စွာ ဝိပါကဝဋ် ခန္ဓာငါးပါး ရုပ်တရား နာမ်တရားများ ဖြစ်ရလေတော့သည်။ ယခုဗြဟ္မာ့ပြည် နှစ်ဆယ်မှာ ဖြစ်နေရတဲ့ ခန္ဓာငါးပါး ရုပ်တရား နာမ်တရားများသည် မဟာဂုတ်ကုသိုလ် ကမ္မဝဋ်အကြောင်းကြောင့် အကျိုးဝိပါကဝဋ်မည်၏။အဲဒါက အထက်သံသရာဗြဟ္မာ့ပြည် နှစ်ဆယ်တွင် ဖြစ်နေတဲ့ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တရားသုံးပါး။

ထိုဝဋ်သုံးပါး တရားတို့တွင် ဝိပါကဝဋ်တရားသည် သံသရာ သုံးကြောင်း သုံးသွယ်တွင် ဖြစ်ပေါ်နေသော အကျိုးဝိပါကဝဋ်ချင်းတူသောကြောင့်" ဓမ္မာ နိသတ္တာ နိဇီဝ သဘာဝါ"ဟု မြတ်စွာဘုရား ဟောတော်မူသည်။ထိုသို့ ဟောတော်မူသည့်အတိုင်း ခန္ဓာငါးပါးတို့၏ အနိစ္စလက္ခဏာ ဒုက္ခသစ္စာများကို မသိအောင် ဖုံးလွှမ်းကွယ်ကာ၍နေသော အဝိဇ္ဇာထင်ရှားရှိကြောင်းကို သိသာအောင် မဂ္ဂင်ရှစ်ပါးတွင် သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် စစ်ပြမည်၊ စစ်ဆေးပုံက သံသရာသုံးကြောင်းသုံးသွယ်တွင် အကျိုးဝိပါကဝဋ် ခန္ဓာငါးပါးရုပ်, နာမ်တရား လူ့ဘုံ,နတ်ဘုံ,ဗြဟ္မာ့ဘုံ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အပါယ်လေးဘုံတို့၌ ပဋိသန္ဓေနေတဲ့ချေ့, အိုတဲ့ချေ့, နာတဲ့ချေ့, သေတဲ့ချေ့, အဘယ့်ကြောင့် ဖြစ်ရသနည်းဟု သမ္မာဒိဋ္ဌိကစစ်ဆေးလိုက်သောအခါ ခန္ဓာငါးပါး ရုပ်, နာမ်တရားတို့က အစစ်ခံထွက်သည်မှာ အရှင်သမ္မာဒိဋ္ဌိ ကျွန်တော်ကျွန်ဘော်တို့မှာ အကျိုးဝိပါကဝဋ်ဖြစ်၍ ဘယ်လိုဘယ်လိုဖြစ်သည် ဟု မသိနိုင်ပါ ကျွန်တော်တို့၏ အကြောင်းတရားဖြစ်သော ကမ္မဝဋ်ကိုသာ မေးပါတော့ဟု အစစ်ခံထွက်လေ၏။ ထိုသို့ အစစ်ခံထွက်သောအခါ ကောင်းပြီအကျိုး

ဝိပါကဝဋ္ဋ နှင့်တို့အသာနေ ကမ္မဝဋ္ဋ်ကိုစစ်မည်ဆို၍ သံသရာ သုံးကြောင်းသုံးသွယ် ဟုဆိုအပ်သော ဘုံသုံးပါး၌ အကျိုးဝိပါကဝဋ္ဋကို တည်ထောင်ပြုပြင်၍နေသော ကမ္မဝဋ္ဋ ဘယ်တရားတုံးဟု စစ်ဆေးလိုက်သောအခါ အောက်ဆုံး သံသရာ အပါယ်လေးဘုံကြီးတွင် အကျိုးဝိပါကဝဋ္ဋကို ဖြစ်စေတတ်သော အကုသိုလ်စေတနာကံ တဆယ်၊လူ့ဘုံ နတ်ဘုံ ဟုဆိုအပ်သော အလယ်သံသရာကြီး၌ အကျိုးဝိပါကဝဋ္ဋကို ဖြစ်စေတတ်သော ကုသလကမ္မပထ တရားဆယ်ပါး ဟုဆိုအပ်သော ကုသိုလ်ကံစေတနာတဆယ်။ ဗြဟ္မာ့ပြည်နှစ်ဆယ် ဟုဆိုအပ်သော အထက်သံသရာကြီး၌ အကျိုးဝိပါကဝဋ္ဋကို ဖြစ်စေတတ်သော မဟဂ္ဂုတ်ကုသိုလ်ကံ ကိုးခုအားဖြင့် ကံနှစ်ဆဲ့ကိုးပါး ဖြစ်ပါသည်ဟု အစစ်ခံထွက်လေ၏။ ဟဲ့ ကံနှစ်ဆဲ့ကိုးပါး သံသရာ သုံးကြောင်းသုံးသွယ် ဟုဆိုအပ်သော ဘုံသုံးပါး၌ အကျိုးဝိပါကဝဋ္ဋကို အဘယ့်ကြောင့် တည်ထောင်ပြုပြင်၍ နေသနည်းဟု သမ္မာဒိဋ္ဌိက စစ်ဆေးလိုက်သောအခါ ကမ္မဝဋ္ဋ အစစ်ခံသည်မှာ အရှင်သမ္မာဒိဋ္ဌိအကျိုးဝိပါကဝဋ္ဋကို စာရင်သော ကျွန်တော်တို့ ကံနှစ်ဆဲ့ကိုးပါးများသည် အကြောင်းဖြစ်ရပါသည်။ ကျွန်တော်တို့ ကံနှစ်ဆဲ့ကိုးပါးများမှာလဲ အကျိုးတရားများဖြစ်၍ ဝိပါကဝဋ္ဋတရားတို့၏ ဖြစ်မှုပျက်မှုများကို ကျွန်တော်ကျွန်တော်တို့ ကမ္မဝဋ္ဋတရားများက ဘယ်လို ဘယ်လို ဖြစ်သည်ဟု မသိနိုင်ပါ ကျွန်တော်တို့၏ အကြောင်းတရားဖြစ်သော ကိလေသဝဋ္ဋကိုသာ မေးပါတော့ဟု အစစ်ခံထွက်လေ၏။ထိုသို့ အစစ်ခံထွက်သောအခါ သမ္မာဒိဋ္ဌိက ကောင်းပြီကံနှစ်ဆဲ့ကိုးပါး ကမ္မဝဋ္ဋတရား နှင့်တို့အသာနေ ကိလေသဝဋ္ဋကို စစ်မည်ဆို၍ သံသရာ သုံးကြောင်းသုံးသွယ် ဟုဆိုအပ်သော ဘုံသုံးပါး၌ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ တရားများကို တည်ထောင်ပြုပြင်၍ နေသော

ကိလေသဝဋ် ဘယ်တရားတုံးဟုစစ်မေးလိုက်သောအခါအောက်ဆုံး သံသရာအပါယ်လေးဘုံကြီးမှာ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ကိလေသဝဋ်တရား အလယ်သံသရာ လူ့ဘုံနှင့် နတ်ဘုံမှာ ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဟုဆိုအပ်သော ကာမဂုဏ်တရားငါးပါးတို့၌ သာယာ ခင်မင် လိုချင်သော သမုဒယသစ္စာလောဘသည် ကိလေသဝဋ်မည်၏။အထက် သံသရာ ဗြဟ္မာ့ပြည် နှစ်ဆယ်မှာ ကိလေသဝဋ်တရားက ဗြဟ္မာ့ဘုံ ဗြဟ္မာ့ဘဝ ဗြဟ္မာ့ခန္ဓာများကို သာယာခင်မင်လိုချင်သော သမုဒယသစ္စာလောဘသည် ကိလေသဝဋ်တရား ဖြစ်ပါသည် ဟု အစစ်ခံထွက်လေ၏။ ထိုသို့ အစစ်ခံ ထွက်သောအခါ ဟဲ့ ကိလေသဝဋ် လောဘသမုဒယသစ္စာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာအဘယ့်ကြောင့် သံသရာ သုံးကြောင်းသုံးသွယ် ဟုဆိုအပ်သော ဘုံသုံးပါး၌ ကမ္မဝဋ် ဝိပါကဝဋ် တရားများကို ပြုပြင်တည်ထောင်၍နေရသနည်းဟု စစ်ဆေးလိုက်သောအခါ ကိလေသဝဋ်က အစစ်ခံထွက်သည်မှာ အရှင်သမ္မာဒိဋ္ဌိ ကမ္မဝဋ်,ဝိပါကဝဋ်တရားများကို တည်ထောင်ပြုပြင်မှုကိစ္စသည် ကျွန်တော်တို့ချည်း ဖြစ်နိုင်သည်မဟုတ်ပါ အဝိဇ္ဇာက ဘုံသုံးပါး ကောင်းသည်ကောင်းသည်ဟု ပြောပြသောကြောင့် အမြင် အယူမှားခြင်း ဒိဋ္ဌိ ယုံမှားခြင်း ဝိစိကိစ္ဆာ လိုချင်မှု သာယာမှု သမုဒယသစ္စာ လောဘကိလေသဝဋ် တရားများဖြစ်ပါတော့သည်။ ထိုသို့ အမြင်အယူမှားဒိဋ္ဌိ ယုံမှားခြင်းဝိစိကိစ္ဆာ သမုဒယသစ္စာ လောဘကိလေသဝဋ်တရားများဖြစ်သောကြောင့် ကမ္မဝဋ်,ဝိပါကဝဋ်တရားများဖြစ်တော့သည်။ ဟုတ်မဟုတ် မှန်မမှန်ကို အဝိဇ္ဇာကိုသာ မေးပါတော့ဟု ကိလေသဝဋ်တို့က အစစ်ခံ ထွက်လေသည်။ထိုသို့ အစစ်ခံထွက်သောအခါ သမ္မာဒိဋ္ဌိက ကိလေသဝဋ် အသာနေ၊ အဝိဇ္ဇာကို စစ်မည်ဆို၍ သံသရာ သုံးကြောင်းသုံးသွယ် ဟုဆိုအပ်သော ဘုံသုံး

ပါး၌ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တရားသုံးပါးကို တည်ထောင် ပြုပြင်၍နေသော တရားကား အဘယ်တရားနည်းဟု သမ္မာဒိဋ္ဌိက စစ်ဆေးလိုက်သောအခါ အကျိုးတရား၊ အကြောင်းတရားကိုမသိ သစ္စာလေးပါးတရားတို့ကို ဖုံးလွှမ်းကွယ်ကာတတ်သော အဝိဇ္ဇာမောဟဖြစ်ပါသည်ဟု အစစ်ခံထွက်လေ၏။ ထိုသို့ အစစ်ခံ ထွက်သော အခါ သမ္မာဒိဋ္ဌိက ဟဲ့ အဝိဇ္ဇာမောဟ သံသရာသုံးကြောင်းသုံးသွယ် ဟုဆိုအပ်သော ဘုံသုံးပါး၌ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တရား သုံးပါးကို အဘယ့်ကြောင့် တည်ထောင်ပြုပြင်၍ နေရပါသနည်းဟု သမ္မာဒိဋ္ဌိကစစ်ဆေးလိုက်သောအခါ အဝိဇ္ဇာက သမ္မာဒိဋ္ဌိ သံသရာ သုံးကြောင်းသုံးသွယ် ဟုဆိုအပ်သော ဘုံသုံးပါး၌ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် တရားသုံးပါးကို ငါတည်ထောင် ပြုပြင်၍ထား ပါသည်။ ဘုံသုံးပါးတရားနှင့် သင်သမ္မာဒိဋ္ဌိနှင့် ဘာမျှ မဆိုင်ပါက လား သင်ဆိုင်ကည့်တရားကတော့ သုညတ တရား အနိမိတ္တတရား အပဏိဟိတတရား အသင်္ခတ တရားများသာ သင်၏ဆိုင်ရာ တရား များဖြစ်ပါသည်ဟု အဝိဇ္ဇာက စကားဆိုလေသည်။ ထိုသို့ စကားဆို သောအခါ သမ္မာဒိဋ္ဌိက အဝိဇ္ဇာတရားဆိုတာ သင်္ခတ တရား အသင်္ခ တ တရားဟူ၍ တရားနှစ်မျိုးသာ ရှိသောကြောင့် သင်္ခတ ဖြစ်သော ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် တရားများကို စစ်ဆေးရမည်ဆို၍ အဝိဇ္ဇာကိုစစ်၏။ စစ်ပုံက အဝိဇ္ဇာ ဘုံသုံးပါး၌ အကောင်းရှိသည် အကောင်းရှိသည်ဟု သင်ပြောပြခြင်းသည် ဘာများ အကောင်းရှိ ပါသနည်းဟု သမ္မာဒိဋ္ဌိက စစ်ဆေးလိုက်သောအခါ အဝိဇ္ဇာပြော ပြသည်မှာ အမောင်သမ္မာဒိဋ္ဌိ ဘုံသုံးပါး အကောင်း ပုံကို ပြောပြ ပါမည် နားထောင်ပါဦးဆို၍ ဘုံသုံးပါး၌ အထက်ဗြဟ္မာ့ပြည်နှင့် ဆယ်တွင် "စုလ္လာသီတိ သဟဿာနိ ကပ္ပံ" ကမ္ဘာကြီးရှစ်သောင်း

လေးထောင်တို့တိုင်တိုင် အသက်ရှည်သော ဗြဟ္မာလည်းရှိပါသည် ကမ္ဘာထက်ဝက် အသက်ရှည်သော ဗြဟ္မာလည်းရှိပါသည် ကမ္ဘာ့သုံးပုံတပုံ အသက်ရှည်သော ဗြဟ္မာလည်း ရှိပါသည် ဤမျှလောက် အသက်ရှည်သောဗြဟ္မာ့ပြည်သို့ ရောက်လာသော ဗြဟ္မာများသည် ဗြဟ္မာ့ပြည်သို့ ရောက်သည်မှစ၍ ဘာမျှပူပန်ခြင်း ကြောင့်ကြစိုက်ခြင်းမရှိကြဘဲ ဈာနသုခကိုသာ ခံစား၍နေရပါသည်။ အဲဒါက ဘုံသုံးပါးတွင် အထက် သံသရာ ဗြဟ္မာ့ပြည်နှစ်ဆယ်၌ အကောင်းရှိပုံကို ပြောပြပါသည်။

အလယ်သံသရာတွင် နတ်ပြည်ကြီး၌ အကောင်းရှိပုံကို ပြောပြဦးမည် နားထောင်ပါဦးဆို၍ စာတုမဟာရာဇ်, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတ ဝသဝတ္တိနတ်ပြည်ခြောက်ထပ်သို့ ရောက်လာသော နတ်သ္မီး နတ်သားများသည် နတ်ပြည်သို့ ရောက်လာသည်မှစ၍ ကိုးဆယ့်ခြောက်ပါးသော အနာရောဂါတို့မှ ကင်းရှင်းပါသဖြင့် နတ်၌ဖြစ်သောဘုံဗိမာန်ပဒေသာပင် ဥယျာဉ်ရေကန် နတ်သဒ္ဓါများကို သုံးဆောင်ခံစား၍ ချမ်းသာစွာနေရပါသည် အဲဒါက ဘုံသုံးပါးတွင် နတ်ပြည်ကြီး၌ အကောင်းရှိပုံ။ အလည်သံသရာ လူ့ပြည်ကြီး၌ အကောင်းရှိပုံကို ပြောပြဦးမည် အမောင်သမ္မာဒိဋ္ဌိ နားထောင်ပါဦးဆို၍ လူ့ပြည်ကြီးတွင် စကြဝတေးမင်း မန္ဓာတ်မင်း ဧကရာဇ်မင်း ပဒေသရာဇ်မင်း သူဌေးသူကြွယ် ကုန်သည် လယ်လုပ်အားဖြင့် ကံအားလျော်စွာ လူ့စည်းစိမ် လူ့ချမ်းသာများကို ခံစားသုံးဆောင်၍ နေကြရပါသည်။အဲဒါက ဘုံသုံးပါးတွင် လူ့ပြည်ကြီး၌ အကောင်းရှိပုံကို အဝိဇ္ဇာက ပြောပြလေသည်။

သမ္မာဒိဋ္ဌိက အပါယ်လေးဘုံကြီး၌ ဘာများ ကောင်းတာရှိပါ သေးသလဲဟုမေးသောအခါ အဝိဇ္ဇာက အပါယ်လေးဘုံကြီး၌ အ ကောင်းရှိပုံကို ပြောပြပါဦးမည် အမောင်သမ္မာဒိဋ္ဌိ နားထောင်ပါဦး ဆို၍ ပြောပြသည်မှာ သူ့အသက်ကိုသတ်သောသူတို့သည် သူတပါး အသက်သေပြီးနောက် အသက်သေမှုအတွက် ဘာမျှပြန်၍ မပေးရ သောကြောင့် အလကားရတာကို အကောင်းဟုဆိုပါသည်၊ သူ တပါးဥစ္စာကို ခိုးကြသောသူတို့ ခိုး၍ရပြီးနောက် ဘာမျှပြန်၍မပေး ရသောကြောင့် အလကားရတာမျိုးဖြစ်၍ အကောင်းဟုဆိုပါသည် အဲဒါလို ဤလောကကြီးမှာ များသောအားဖြင့် ဒုစရိုက်ဆယ်ပါးကို ပြုပြီးကြသောအခါဖြစ်စေ ပြုဆဲ ပြုတုံးအခါဖြစ်စေ မပြုခင် ပြု တော့မည်ဟု ကြံစည်သောအခါဖြစ်စေ ငိုငြင်ပင်းပန်း မအီမသာ ပြုရသည်မဟုတ်ပါ၊ ရွှင်ရွှင်လန်းလန်း အားရဝမ်းသာ ပြုကြသော အမှုမျိုးဖြစ်၍ အကောင်းဟုဆိုပါသည် အမောင်သမ္မာဒိဋ္ဌိ အဲဒါက အပါယ်လေးဘုံကြီး၌ အကောင်းရှိပုံကို ပြောပြသည်။ အကောင်း ထင်မှုသာ အဝိဇ္ဇာမဟုတ်ဘူး မကောင်းထင်မှုကြီးကလဲ အဝိဇ္ဇာဘဲ အဘယ့်ကြောင့်လဲဆိုလျှင် ဤကမ္ဘာလောကကြီးမှာ ကိုယ့်ကိုယ်ကို သတ်၍ သေရသောသူများလဲရှိသေးတယ်။ ဘယ်လိုလဲဆိုလျှင် ကြိုး ဆွဲချ၍သေမှု စိန်စား၍သေမှု အစရှိသော ကိုယ့်ကိုယ်ကိုသတ်၍သေ မှုသည် အလွန်များပြား၏။ ဤကဲ့သို့ ကိုယ့်ကိုယ်ကိုသတ်၍ သေခြင်း များသည် လူ့ပြည်မှာနေရခြင်းသည် မကောင်းဘူးဟု ထင်ကြ၍ သေရခြင်းသာ ကောင်းသည်မြတ်သည်ဟု စိတ်ထဲတွင် ထွေထွေလာ လာအထင်ကြီးထင်၍ ဘယ်နည်းနှင့် ငါသေမည် ပြုကြရသော အမှု ကြီးသည် အကောင်းထင်မှု မကောင်းထင်မှု အဝိဇ္ဇာ၏ အမှုကြီးပေ တည်း။ ကောင်း, မကောင်း လွတ်သောတရားက မြတ်စွာဘုရား

ဟောတော်မူသော သံယုတ်ပါဠိတော်၌ ဖေဏပိဏ္ဍော ပမသုတ်၌ ရုပ်ကို ရေမြှုပ်နှင့်တူသည်ဟု ဟောတော်မူသောကြောင့် ရေမြှုပ်ကို မြင်ကြသောအခါ မည်သူတဦးတယောက်မျှ ချစ်ခြင်း မုံးခြင်းမရှိကြဘူး ကောင်း, မကောင်းလွတ်လေ၏။ဘုံသုံးပါးထွင် ယခုရှိနေတဲ့ ရုပက္ခန္ဓာကိုလဲ အဲသည် ရေမြှုပ်နှင့်တူတယ်လို့ ဟောတော်မူတယ်။ အဲဒါကြောင့် သံသရာသုံးကြောင်းသုံးသွယ် ဟုဆိုအပ်သော ဘုံသုံးပါးမှာ ကောင်း, မကောင်းထင်မှုကြီးကို အဝိဇ္ဇာ၏သတ္တိဟု သိရတယ်။ အဲသည် အဝိဇ္ဇာတရားကြီးကို တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်အားဖြင့်မပယ်နိုင်ဘဲ ဒါန, သီလ, ဘာဝနာကုသိုလ်တရားများကို ပုဗ္ဗ မိ ချေ က ကိ လေ သ ဝဋ္ဋ်, ကမ္မ ဝဋ္ဋ်, ဝိပါကဝဋ္ဋ် တရားသုံးပါး။ ဖြစ်မြဲတိုင်း ဖြစ်ပြန်လေတော့သည်။ အဲဒါကြောင့် မြတ်စွာဘုရားက "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဟု ဟောတော်မူတယ်။ အဝိဇ္ဇာနယ်ကြီးက ကျွတ်လွတ်ရန် တရားမှာခန္ဓာငါးပါးတို့၏ အနိစ္စလက္ခဏာကို ကိုယ်တိုင်ဉာဏ်အမြင် ပေါက်ရောက်အောင် အားထုတ်နိုင်မှသာ အဝိဇ္ဇာနယ်က လွတ်နိုင်ကြောင်းကို ဓမ္မပဒပါဠိတော်၌....

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ဟူ၍ ဟောတော်မူသည်။

ဤသို့ ဟောတော်မူသော ပါဠိတော်မြတ်၏ အဓိပ္ပါယ်ကတော့ ခန္ဓာငါးပါးတို့၏ အနိစ္စကိုသိသောသူမှသာ မြတ်သည်ဟု အဓိပ္ပါယ်လာသောကြောင့် ခန္ဓာငါးပါးတို့၏ အနိစ္စ လက္ခဏာ ဒုက္ခသစ္စာကို

ပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီး မြင်ကြအောင် နေ့ရောညပါ ဘယ်ခါမပြတ် ကြိုးစားအားထုတ်တော်မူကြပါ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။

သံသရာ သုံးကြောင်းသုံးသွယ်တရား ပြီး၏။

—ဝ—

## ဘုံဆိုင် ကိုယ်ပိုင်တရား

ယခုညဟောရန်တရားက ဘုံဆိုင်ပစ္စည်း ကိုယ်ပိုင်ပစ္စည်း တရားနှစ်ပါးကို ဟောရလိမ့်မည် ဘုံဆိုင်ပစ္စည်းဆိုတာ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဟူသော အာရုံငါးပါး ကာမဂုဏ်တရားများကို ဘုံဆိုင်ပစ္စည်းလို့ဆိုရသည်။ အဘယ့်ကြောင့်လဲဆိုလျှင် မနုဿတ္တ လူ့ဘဝကို ရကြသော မင်း, ပုဏ္ဏား, သူဌေး သူကြွယ်, ကုန်သွယ်, လယ်လုပ်, အအ, အရူး, သုဘရာဇာ, သူတောင်းစားမှစ၍ အသုံးပြုကြသော ရွှေ, ငွေ, ကျောက်သံ, ပတ္တမြား အစရှိသော အထည်ဝတ္ထုမျိုးတွင် ငွေ ဟူသော ဝတ္ထုတခု၌ မျက်စိဖြင့် မြင်ကောင်းသော ဝဏ္ဏ အဆင်းဓာတ်သည် ရူပ ကာမဂုဏ်မည်၏။ တီးခတ်လိုက်သောအခါ ဖြစ်ပေါ်လာသော အသံဓာတ်သည် သဒ္ဒ ကာမဂုဏ်မည်၏။ ထိုဝတ္ထုကို နှာခေါင်းဖြင့် နမ်းမိသောအခါ အမွှေးနံ့, အပုပ်နံ့ အစရှိသော အနံ့ဓာတ်သည် ဂန္ဓကာမဂုဏ်မည်၏။ ထိုဝတ္ထုကို လျှာဖြင့်လျက်မိသောအခါ ချို, ချဉ်, စပ်, ငန်, ဖန်, ခါး အစရှိသော ရသဓာတ်သည် ရသ ကာမဂုဏ်မည်၏။ ထိုဝတ္ထုကို ကိုယ်အင်္ဂါတို့ဖြင့် တွေ့ထိ ကိုင်စမ်းမိသောအခါ မာသဘော နူးညံ့သဘော ပူသဘော အေးသဘော ထောက်ကန်လှုပ်ရှားသဘောများသည်။

ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ်မည်၏။ ခြုံရုံ ဝတ်ဆင်ကြသော ပိုး၊ ဖဲ၊ ကတ္တီပါ စားသောက် မျိုသွင်းကြသော ဝက်သား၊ ကြက်သား၊ ထမင်း၊ ရေ၊ မုံ့ပဲသရေစာ စသည်တို့၌လည်း ငွေ ဟူသော ဝတ္ထုနှင့်အတူ အာရုံငါးပါးတရားတို့သည် ဒင်းကြမ်းအပြည့်ရှိကုန်၏။ အ ဝိညာဏကသင်္ခါရဖြစ်သော ဝတ္ထု၌သာရှိသည်မဟုတ် သဝိညာဏကသင်္ခါရ ဟု ဆိုအပ်သော လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာ့ခန္ဓာ၊ အပါယ်လေးဘုံ ခန္ဓာတို့၌လည်း အာရုံငါးပါးတရားတို့သည် ဒင်းကြမ်းအပြည့်ရှိကြကုန်၏။ ထိုအာရုံငါးပါးတို့ကို အလိုရှိကြ တောင့်တကြသောကြောင့် ကာမဂုဏ် ဟု ဆိုပေသည်။ ထိုကာမဂုဏ်တရားတို့ကို ခွေး၊ ကျီး၊ လင်းတ၊ ငါး၊ လိပ်၊ မကာရ်း အစရှိသော အပါယ်လေးပုံသားတွေမှာလဲ ရူပါရုံ အစရှိသော ကာမဂုဏ်ငါးပါး အာရုံတရားတို့နှင့်သာ နေ့ရှိသမျှ ပျော်ပါးခံစား၍နေကြလေသည်။ အရိယာကို ချန်လှပ်၍ သုဂတိဘုံသား ဟုဆိုအပ်သော လူ့လောကကြီးမှာလည်း ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဟူသော ကာမဂုဏ်ငါးပါးတို့နှင့်သာ နေ့ရှိသမျှ ခံစားစံစား၍နေကြသူ များချေသည် သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းများကို အားထုတ်၍ နေသောသူက နည်းချေသည်။ အရိယာကို ချန်လှပ်၍ အထက်နတ်ပြည် ဟုဆိုအပ်သော သုဂတိဘုံကြီးမှာလဲ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဟူသော ကာမဂုဏ်ငါးပါး အာရုံတရားတွေကိုသာ ခံစားစံစား၍ နေသောသူ များချေသည်။ အဲဒါကြောင့် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဟူသော ကာမဂုဏ်ငါးပါးတရားများကို ဘုံဆိုင်ပစ္စည်း ဟုဆိုထိုက်ပေသည်။

ကိုယ်ပိုင်ပစ္စည်းဆိုတာက "သဗ္ဗေသတ္တာ ကမ္မသကာ" ဟု မြတ်စွာဘုရား ဟောတော်မူတယ်။

**အနုက်**—သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မသကာ၊ မိမိတို့ပြုကြသော ကောင်းမှု မကောင်းမှု နှစ်ပါးသည်သာလျှင် ဘဝများစွာ ကမ္ဘာများစွာ သွားလေရာရာမိမိတို့သန္တာန်မှာ အစဉ်ပါသော ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏။

အဲသည် ဒေသနာအမိပ္ပါယ်ကတော့ သတ္တဝါတို့၏ ကိုယ်ပိုင်ပစ္စည်းကတော့ မိမိတို့ပြုမိကြသော ကုသိုလ်ကံ၊ အကုသိုလ်ကံ နှစ်ပါးသည်သာလျှင် သတ္တဝါတို့၏ ကိုယ်ပိုင်ပစ္စည်းဟု အမိပ္ပါယ်လာသည်။ ဒါကြောင့် သတ္တဝါတို့သန္တာန်၌ ကမ္မပထ မြောက်ပြီးဖြစ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံများသည် ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူဟူ၍ ရန်သူမျိုးငါးပါး သတ္တဝါ တဦးတယောက်နှင့် အမွေမဆိုင်သောကြောင့် ခွဲဝေခြင်းငှါ မတတ်ကောင်း မရကောင်း ပြုမိသောသတ္တဝါသည်သာ အကျိုးအာနိသံသ မဟာဖလများကို ခံစားရလေသည်။ အဲဒါကြောင့် ကုသိုလ်ကံ၊ အကုသိုလ်ကံများသည် ကိုယ်ပိုင်ပစ္စည်းဖြစ်လေသည်။

ဘုံဆိုင်ပစ္စည်းဆိုတာက မသွားသာ မလာသာ အကြပ်အတည်း သိမ်းဆည်း စောင့်ရှောက်၍ နေကြရသော ရွှေ၊ ငွေ၊ ကျောက်၊ သံ၊ ပတ္တမြား၊ လယ်ယာ၊ ကိုင်း၊ ကျွန်း၊ သား၊ မယား၊ ကျေးကျွန် တိုက် အိမ် ဘုံနန်း အစရှိသော ကာမဝတ္ထုဟူသမျှသည် သတ္တဝါတို့၏ ဘုံဆိုင်ပစ္စည်းများ ဖြစ်လေသည်။ အဘယ့်ကြောင့်လဲ ဆိုလျှင် ရွှေ၊ ငွေ၊ ကျောက်၊ သံ၊ ပတ္တမြား အစရှိသော ကာမဝတ္ထုများသည် အမွေဆိုင်သားချင်း ဆွေမျိုးတို့နှင့် တွေ့ကဲ့သော်ငြင်း ရေ၊ မီး၊ မင်း၊ ခိုးသူ မချစ်မနှစ်လိုသောသူတို့နှင့် တွေ့ကဲ့သော်ငြင်း ခွဲခြမ်း ဝေဘန်ခြင်း သောက်ပြန်ပျက်စီးခြင်းသို့ ရောက်နိုင်လေသောကြောင့် ရွှေ၊ ငွေ၊

ကျောက်,သံ,ပတ္တမြား,လယ်,ယာ,ကိုင်း,ကျွန်း,သား,မယား, ကျေးကျွန်,တိုက်,အိမ်,ဘုံနန်း အစရှိသော ကာမဝတ္ထုများသည် သတ္တဝါတို့၏ ဘုံဆိုင်ပစ္စည်းမည်၏။

အဲသည် ဘုံဆိုင်ပစ္စည်းအတွက် ကိုယ်ပိုင်ပစ္စည်း အကုသိုလ်ဖြစ်တတ်သည်၊ ဘယ်လိုဖြစ်ပါသလဲဆိုလျှင် လယ်,ယာ, ကိုင်း,ကျွန်းအပြင်များ၌ စပါး,ပြောင်း,ပဲ, နှမ်း စသည်တို့ကို ကြဲဖြန့် စိုက်ပျိုး၍ထားကြရာ ဂျိုး, ငှက်, ကျွဲ, နွား စသော သတ္တဝါများသည် ဘုံဆိုင်ပစ္စည်းဖြစ်၍ စားသောက်မှီဝဲကြသောအခါ ဘုံဆိုင်ကိုစောင့်ရှောက်ထိန်းသိမ်း၍နေသော ဘုံဆိုင်စောင့် ပစ္စည်းရှင်တို့က စားသောက်မှီဝဲကြသော ဂျိုး,ငှက်,ကျွဲ, နွား အစရှိသော သတ္တဝါများအပေါ်၌ ဗျာပါဒ သူတပါးအသက် ရှည်သည်ကို မနာလိုမှု သေစေလိုမှု ဟူသော ကြံစည်မှု မနောကံဒုစရိုက် ဆဲရေးတိုင်းထွာခြင်း ဝစီကံ ဒုစရိုက် ရိုက်နှက် ပုတ်ခတ် အသက်သတ်ခြင်း ဟူသော ကာယကံဒုစရိုက်ဟူ၍ ကံသုံးပါး ဒုစရိုက်တရားတို့ကို ကြူးလွန် ပြစ်မှားမိခဲ့လျှင် ဘုံဆိုင်စောင့် ပစ္စည်းရှင်မှာ ဘုံဆိုင်ပစ္စည်းအတွက်နှင့် ကိုယ်ပိုင်ပစ္စည်း အကုသိုလ် ဖြစ်လေတော့သည်။

**တနည်း**—ဘုံဆိုင်ပစ္စည်းအတွက်နှင့် ကိုယ်ပိုင်ပစ္စည်း အကုသိုလ်ဖြစ်ပုံက အိမ်,ယာ,ဝင်း,ခြံ အတွင်းတွင် သိမ်းဆည်းစောင့်ရှောက်၍ထားရသော ရွှေ, ငွေ, ကျောက်, သံ, ပတ္တမြား, တိုက်,အိမ်,ဘုံနန်း, သား, သမီး, မယား စသော ဘုံဆိုင်များကို တပါးသောသူတို့က ဘုံဆိုင်သည့်အတွက် အသုံးပြုကြသောအခါ ဘုံဆိုင်စောင့် ပစ္စည်းရှင်တို့သည် ငါ၏ပစ္စည်း သား,သမီး,သားမယားကို စော်ကားရသလားနှိပ်စက်ရသလားဟု ဆဲရေးတိုင်းထွာခြင်း အပိန်အဖျင်း ပြောဆို

ခြင်း ဝစီကံဒုစရိုက် ရိုက်နှက် ပုတ်ခတ် အသက်သတ်ခြင်း ကာယဒုစရိုက် ဗျာပါဒ သူတပါးအသက်ရှည်သည်ကို မနှာလိုမှု သေစေလိုမှု ဟူသော မနောကံ ဒုစရိုက်ဟူ၍ ကံသုံးပါး ဒုစရိုက် တရားများကို ပြုမှား ကြံစည်ခဲ့မိလျှင် ထိုအကုသိုလ်ကံ တရားများသည် ဘုံဆိုင် စောင့် ပစ္စည်းရှင်မှာသာ ကိုယ်ပိုင်ပစ္စည်းဖြစ်၍ ထို အကုသိုလ်ကံ တရားများသည် မိမိမှ တပါး အခြားသောသူများကို အလကား ပေးသော်လည်း မရောက် အဘိုးပေး၍ ရောင်းသော်လည်း မပါ လေ။ ပြုမိသော် ဘုံဆိုင်စောင့် ပစ္စည်းရှင်မှာသာ အကျိုးပေးရန် ကာလကိုဆိုင်းငံ့၍နေလေသည်။ အဲဒါလဲ ဘုံဆိုင်ပစ္စည်းအတွက် နှင့် ကိုယ်ပိုင်ပစ္စည်း အကုသိုလ်ဖြစ်ပုံ။

ဘုံဆိုင်ပစ္စည်းအတွက်နှင့် ကိုယ်ပိုင်ပစ္စည်း ကုသိုလ်ဖြစ်အောင် အားထုတ်ရမည်။ ဘုံဆိုင်ပစ္စည်း အတွက်နှင့် ကိုယ်ပိုင်ပစ္စည်း ကုသိုလ် ဖြစ်ပုံက လယ်, ယာ, လုပ်ခင်း, ကိုင်း, ကျွန်းတခွင် မြေအပြင်၌ ပဲ, စပါး, ပြောင်း, နှမ်းများကို ကြဲဖြန့်စိုက်ပျိုး၍ ထားကြသောအခါ ဂျိုး, ငှက်, ကျွဲ, နွား သတ္တဝါများသည် ဘုံဆိုင်ပစ္စည်းဖြစ်၍ မို့ဝဲ စား သောက်ကြရာ ဘုံဆိုင်ပစ္စည်းများကို စောင့်ရှောက်၍နေကြသော ဘုံဆိုင်စောင့် ပစ္စည်းရှင်တို့က ဗြဟ္မာ့ဝိဟာရ တရားများကို လုံခြုံ အောင် စောင့်ရှောက်ထိုက်ပေသည်။ ဗြဟ္မာ့ဝိဟာရ တရားပွါးများ ပုံက ငါတို့ ဘုံဆိုင်ပစ္စည်းကို စားသောက် မို့ဝဲရှာကြသော တိရစ္ဆာန် သတ္တဝါများသည် ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက် သည်း ဟူသော ဒုစရိုက်တရား သုံးပါးတို့ကို အတိတ်ဘဝက ပြုမှားမိကြ၍ အပါယ်လေးဘုံကြီး၌ ကြီးစွာသောဆင်းရဲကို ခံနေရှာကြရတယ်။ ငါတို့၏ဘုံဆိုင်ပစ္စည်းများကိုလည်း စားသောက် မို့ဝဲကြပါစေတော့ ဟု စွန့်လွှတ်ခြင်း စားသောက်မို့ဝဲသော အခါမှစ၍ ကိုယ်စိတ် နှစ်

ဖြာ ချမ်းသာကြပါစေ ကျန်းမာကြပါစေဟု ယောနိသော မနသိကာရဖြင့် နှလုံးသွင်း၍ မေတ္တာပို့ရမယ်။ ဤကဲ့သို့ မကောင်းသော အကျိုးကိုပေးသော အကုသိုလ်ကံကို မြင်ခြင်းသည် ဒိဋ္ဌိဇုကမ္မ ဘာဝနာကုသိုလ်မည်၏။ ဘုံဆိုင်ပစ္စည်းများကို စွန့်ခြင်းသည် ဒါနကုသိုလ်မည်၏။မေတ္တာကိုပွါးများခြင်းသည် မေတ္တာဘာဝနာ ကုသိုလ်မည်၏။ အဲဒါက ဘုံဆိုင်ပစ္စည်းအတွက် ကိုယ်ပိုင်ပစ္စည်း ကုသိုလ်ဖြစ်ပုံတမျိုး။

**တနည်း**— ဘုံဆိုင်ပစ္စည်းအတွက်နှင့် ကိုယ်ပိုင်ပစ္စည်းကုသိုလ်ဖြစ်ပုံက ဘုံဆိုင်ပစ္စည်းဖြစ်သော ရွှေ, ငွေ, ကျောက်, သံ, ပတ္တမြား, လယ်ယာ, ကိုင်းကျွန်း, သား, မယား, ကျေးကျွန်, တိုက်, အိမ်, ဘုံနန်းအစရှိသော ကာမဝတ္ထုများကို သူတပါးတို့က လုန်ကျူးစော်ကားပြစ်မှားဖျက်ဆီးခဲ့သည်ရှိသော် ဘုံဆိုင်စောင့်ပစ္စည်းရှင်မှာ အပြစ်မှလွတ်ကင်းအောင် နှလုံးသွင်းရန်တရားက သတ္တဝါတို့မည်သည်မှာ ကံသာလျှင် မိမိဥစ္စာဖြစ်သည်ဟု ဘုရားဟောတော်မူသောကြောင့် မကောင်းသော အကုသိုလ်ကံတရားသည် မကောင်းသောအကျိုးကိုသာပေးချေသည်။ကောင်းသောကုသိုလ်ကံတရားသည် ကောင်းသောအကျိုးကိုသာ ပေးချေသည်။ ထိုကြောင့်-အနုဘိဇ္ဈာ, အဗျာပါဒ ဆိုတဲ့ မေတ္တာကုသိုလ်ကံတရားများသည်သာ ငါတို့၏ကိုးကွယ်ရာ လည်းလျှောင်းရာဖြစ်တော့သည်၊ ဒိဋ္ဌိဇုကမ္မ ဘာဝနာတရားအဒေါသ မေတ္တာတရားများကိုသာ ကြိုးစားအားစိုက်၍ များများကြီး ပွါးများလိုက်ကြရမည်။ ပွါးများပုံက ဘုံဆိုင်ပစ္စည်းများကိုလည်း အလိုရှိရာ သုံးကြပါစေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟု မေတ္တာဘာဝနာကို ပွါးများရမည်။ ဤကဲ့သို့ ကံကိုယုံကြည်ခြင်း

ဟူသော ဒိဋ္ဌဇုကမ္မဘာဝနာကုသိုလ် ဘုံဆိုင်ပစ္စည်းကို စွန့်လွှတ်ခြင်းက ဒါနကုသိုလ်၊မေတ္တာကို ပွါးများခြင်းက မေတ္တာဘာဝနာကုသိုလ် အဲဒါက ဘုံဆိုင်ပစ္စည်းအတွက် ကုသိုလ်ဖြစ်ပုံတမျိုး။

**တနည်း**—ဘုံဆိုင်ပစ္စည်းအတွက်နှင့် ကိုယ်ပိုင်ပစ္စည်း ကုသိုလ်ဖြစ်ပုံက သဗ္ဗသန္တက ဗဟုသာဓာရဏ လောကီရတနာ စည်းစိမ်ဟုဆိုအပ်သော ဘုံဆိုင်ပစ္စည်းများတွင် သား, သမီး, သား, မယားများကို အလှူခံပုဂ္ဂိုလ်အား မုတ္တစာဂ အဖြစ်ဖြင့် စွန့်လွှတ်လှူဒါန်းခြင်းသည် ဒါနကုသိုလ် ကိုယ်ပိုင်ပစ္စည်းဖြစ်လေ၏။

**တနည်း**—ဘုံဆိုင်ပစ္စည်းအတွက် ကိုယ်ပိုင်ပစ္စည်း ကုသိုလ်ဖြစ်ပုံက ဤရူပကာယ ခန္ဓာကိုယ်ကြီးသည်လည်း ဘုံဆိုင်ပစ္စည်းဖြစ်နေတယ်။ ဘယ်လိုဖြစ်နေပါသလဲဆိုလျှင်....

အသီတိ ကိမိကုလာနံ၊ ရောဂါနန္တရ ဗာဟိရံ။
သာဓာရဏော ဝသာ တေသံ၊ ကာယော မစ္စု နိဂစ္ဆတိ။
ဟု ဟောတော်မူသည်။

ကာယော၊ ကိုယ်သည်။ အသီတိကိမိကုလာနံ၊ အရေထူ ပါး အသား ကျောရိုး ရိုးတွင်း ခြင်ဆီ ကပ်မှီစားသောက် သေပျောက်မွေးဖွါး ဖျားနာကြီးငယ် ကြဉ်စွန့် ပယ်သည် ရှစ်ဆယ်များတောင်းပိုးအပေါင်းတို့နှင့်လည်း။ သာဓာရဏော၊ ဆက်ဆန်ချေ၏။ တေသံ၊ ထို ပိုးမျိုးရှစ်ဆယ်တို့၏။ ဝသာ၊ ပျက်စီးခြင်းဟူသော အကြောင်းကြောင့်လည်း။ ကာယော၊ကိုယ်သည်။ မစ္စု၊ သေခြင်းသို့။ နိဂစ္ဆတိ၊ ရောက်တတ်ချေ၏။ အန္တရဗာဟိရံ အန္တရဗာဟိရာနံ၊ ကိုယ်တွင်းကိုယ်ပ၌ ဖြစ်ကုန်သော။ ရောဂါနံ ရောဂါဘယာနံ၊ စက္ခုရောဂါ စသော အရာမကသော အနာ မြွေ, ကင်း, သန်း စသော အရာမက

သော ဘေးတို့နှင့်လည်း။ သာဓာရဏော၊ ဆက်ဆံချေ၏။ တေသံ၊ ထိုရောဂါ ဘေးတို့၏။ ဝသာ၊ အစွမ်းအားဖြင့်လည်း။ ကာယော၊ ကိုယ်သည်။ မစ္စုံ၊ သေခြင်းသို့။ နိဂစ္ဆတိ၊ ရောက်တတ်ချေ၏။

ဟူ၍ ဟောတော်မူသောကြောင့် ဤရူပကာယ ခန္ဓာကိုယ်ကြီး အတွင်း၌ ပိုးမျိုး ရှစ်ဆယ် ရှိသည် ဟု ဟောတော်မူသည်၊ ပိုးမျိုး ရှစ်ဆယ်ဆိုတာ တုံဏ်ပိုး, မဟာတုံဏ်ပိုး, ဇဝါပိုး· အစ ရှိသည်ဖြင့် အမျိုးအမည် ရှစ်ဆယ်ကိုဆိုတယ်။ တမျိုးတမျိုး သော ပိုးအတွက် မှန်းခြေအားဖြင့် အနည်းဆုံး တရာကျထားပါ လျှင် ပိုးကောင်ပေါင်း ရှစ်ထောင်လောက် ဤရူပကာယ ခန္ဓာကိုယ် ကြီးအတွင်း၌ရှိနေတယ်။ ဤရှစ်ထောင်လောက်ရှိနေတဲ့ အပါယ်ဘုံ သား ပိုးကောင်တွေကလဲ ငါ့ကိုယ်ငါ့ကိုယ်လို့ စွဲဆိုသမူ အတွင်ပြု ကြတယ်။ ယခု တရားနာနေတဲ့ သုဂတိ ဘုံသားတွေကလဲ ငါ့ကိုယ် ငါ့ကိုယ်လို့ စွဲဆိုသမူ အတွင်ပြုနေကြတယ်။ ဤခန္ဓာကိုယ်ကြီးကို အပါယ်ဘုံသား ပိုးကောင်တွေက ပိုင်လေသလား သို့မဟုတ် သုဂတိ ဘုံသား လူတွေက ပိုင်လေသလားဟု စဉ်းစားဆင်ခြင်လိုက်လျှင် သုဂတိဘုံသား လူအခေါ်ခံနေသော နာမ်တရား လောဘ၏ ပျော် ပါးရန်အတွက် ကုသိုလ်ကံပြုပြင်၍ ဖြစ်ပေါ်သောအကျိုးဝိပါကဝဋ် တရား ဤရူပကာယ ခန္ဓာကိုယ်ကြီးသည် သုဂတိဘုံသား လူများ နှင့်လည်း ဆိုင်ပေသည်။ အပါယ်ဘုံသား ပိုးမျိုးရှစ်ဆယ်တို့ကလည်း ဤအကျိုးဝိပါကတရား ရူပကာယခန္ဓာကိုယ်ကြီး၏ အဇ္ဈတ္တအတွင်း မှာ ကံပို့၍ရောက်သောကြောင့် ဒုဂ္ဂတိဘုံသား ပိုးကောင်များနှင့် လည်း ဆိုင်ပေသည်။ ထို့ကြောင့် စားသောက်မှုကိစ္စ ပျော်ပါးနေ ထိုင်ရန်ကိစ္စ အလုံးစုံ လိုသမျှကို ဤရူပကာယ ခန္ဓာကိုယ်ကြီး၌ အသုံးပြုကြလေသည်။ ရံခါရံခါ ဗဟိဒ္ဓမှာ တွေ့ကြတဲ့ ကျား, ငါး,

မိကျောင်း၊ ဘီလူးအပေါင်းတို့၏ရင်း ဖြုတ်၊ မှက်၊ ခြင်၊ သန်း၊ ကြမ်းပိုး တို့၏ရင်း စားသုံးရန် ကိစ္စကို မခံချင်မနေရ ဘုံဆိုင်သည့်ပစ္စည်းမို့ အာမခံအနေနှင့် အသုံးပြုခံကြရလေသည်။ ထိုသို့ အသုံးပြုခံရသော အခါ၌ ဤရုပကာယ ခန္ဓာကိုယ်ကြီးကို စားပါတော့ သုံးပါတော့ဟု စွန့်လိုက်ကြရမည်။ ဤသို့ စွန့်လိုက်သောအခါ အလောဘ ကုသိုလ် စေတနာ တဖွါးဖွါး ဖြစ်ပေါ်၍လာ၏။ ဘုံဆိုင်စောင့် ခန္ဓာရှင်မှာ ဘုံဆိုင်ပစ္စည်းအတွက်နှင့် ကိုယ်ပိုင် ပစ္စည်း ကုသိုလ် ဖြစ်လေတော့ သည်။

ဤသို့ ယခုကြားနာရသော ဘုံဆိုင်ပစ္စည်း ကိုယ်ပိုင်ပစ္စည်း တရားတော်မြတ်ကို ယောနိသော မနသိကာရဖြင့် အသင့်အတင့် နှလုံးသွင်းမိကြကုန်သည်ဖြစ်၍ ဘုံဆိုင်ပစ္စည်းအတွက်နှင့် ကိုယ်ပိုင် ပစ္စည်း ကုသိုလ်ဖြစ်အောင် နေ့ရော ညဉ့်ပါ ဘယ်ခါမပြတ် ကြိုးစား အားထုတ်တော်မူကြပါ တရားနာပရိသတ်အပေါင်း သူတော် ကောင်းတို့။ "လူကဟောလျှင် သည်အတိုင်းဟောလေ"။

**ရဟန်းကဟောလျှင်**—ဤယခုဟောသော ဘုံဆိုင်ပစ္စည်း ကိုယ် ပိုင်ပစ္စည်း တရားတော်မြတ်ကို ကြားနာရခြင်း တည်းဟူသော ဓမ္မ သဝန ကုသိုလ်စေတနာ သရဏဂုမ် သုံးပါးနှင့်တကွ ငါးပါးသော သီလတော်မြတ်တို့ကို ကျင့်သုံးဆောက်တည်ရခြင်း တည်းဟူသော သီလကုသိုလ်စေတနာ ဤသို့ ပေါင်းအပ် များမြတ်သောကုသိုလ်ကံ စေတနာတို့ကြောင့် ဘုံဆိုင်ပစ္စည်းများကို ကိုယ်ပိုင်ပစ္စည်း ကုသိုလ် ပြု၍ သစ္စာလေးပါး တရားတော်မြတ်ကို ပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီး မြင်ရပါလိုသောဟူ၍ ဆုတောင်းကြကုန်။

ဘုံဆိုင်ပစ္စည်း ကိုယ်ပိုင်ပစ္စည်းတရား ပြီး၏။

—:o:—

## ရုပ်ဒုက္ခသစ္စာတရား ဝိပဿနာဆင်ခြင်ပုံ

ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿစ အတိက္ကမံ။
အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။
ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏ မုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။ ဓမ္မပဒပါဠိတော်။

**အနက်ကား**—ဒုက္ခံ၊ ဒုက္ခသစ္စာကိုလည်း။ ပဿတိ၊ မြင်၏။ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခ၏ ဖြစ်ပွါးကြောင်း သမုဒယသစ္စာကိုလည်း။ ပဿတိ၊ မြင်၏။ ဒုက္ခဿ၊ ဒုက္ခ၏။ အတိက္ကမံ၊ လွန်မြောက် ချုပ်ငြိမ်းမှုကိုလည်း။ ပဿတိ၊ မြင်၏။ ဒုက္ခူပသမဂါမိနံ၊ ဒုက္ခ၏ချုပ်ငြိမ်းခြင်းသို့ ဆိုက်ရောက်စေတတ်သော။ အရိယံအဋ္ဌင်္ဂိကံမဂ္ဂံ၊ အဋ္ဌင်္ဂိကအရိယမဂ်ကိုလည်း။ ပဿတိ၊ မြင်၏။

ဧတံ၊ ဤ အမြင်လေးချက်သည်သာလျှင်။ ခေါ၊ စင်စစ်။ ခေမံ၊ ဘေးရန် ကင်းသော။ သရဏံ၊ ကိုးကွယ်ရာကြီးပေတည်း။ ဧတံ၊ ဤ အမြင်လေးချက်သည်သာလျှင်။ ဥတ္တမံ၊ အမြတ်ဆုံးသော။ သရဏံ၊ ကိုးကွယ်ရာကြီးပေတည်း။ ဧတံသရဏံ၊ ဤအမြင် လေးချက်သို့။ အာဂမ္မ၊ ဆည်းကပ်၍။ ဝါ၊ ရောက်၍ ရ၍။ သဗ္ဗ ဒုက္ခာ၊ အလုံးစုံသော သံသရာ ဝဋ်ဒုက္ခမှ။ ပမုစ္စတိ၊ ကင်းလွတ်နိုင်၏။

အဲသည် ဒေသနာအဓိပ္ပါယ်ကတော့ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ တည်းဟူသော သစ္စာလေးပါး တရားကို သိမြင်ခြင်းသည်သာလျှင် ဘေးရန်ကင်းသော ကိုးကွယ်ရာကို မြင်ခြင်းကြီးဘဲတဲ့၊ ဤသစ္စာလေးပါး တရားကြီးကို မြင်ခြင်းသည်သာလျှင် အမြတ်ဆုံးသော ကိုးကွယ်ရာကို မြင်ခြင်းကြီးဘဲတဲ့၊ ဤသစ္စာ

လေးပါး တရားကြီးကို စိန္တာမယဉာဏ်ဖြင့် ကိုယ်တိုင်သိ၍ အကြိမ်
များစွာ အားထုတ်မှသာလျှင် သံသရာဝဋ်ကြီးမှ ကျွတ်လွတ် ထွက်
မြောက် နိုင်တော့တာဘဲတဲ့၊သံသရာဝဋ်ဆင်းရဲကြီးဆိုတာ ခန္ဓာငါးပါး
တို့၏ဖြစ်မှု,ပျက်မှုအစဉ်ကို သံသရာဝဋ်ဆင်းရဲဟု ဆိုတယ်။ခန္ဓာတို့၏
ဖြစ်ပုံက ရူပက္ခန္ဓာ၌ ပထဝီ မာမှု နူးညံ့မှု မြေဓာတ် ရူပက္ခန္ဓာတွေ
တကိုယ်လုံး ခြေဖျားက ဆံဖျားတိုင် ဆံဖျားက ခြေဖျားတိုင် လက်
နှင့် စမ်းကြည့်ပါလျှင် မာမှု, နူးညံ့မှု မြေဓာတ်တွေ တကိုယ်လုံး
ဒင်းကြမ်းအပြည့် အပ်ဖျားတထောက်စာလောက်မျှ အကြား အ
လတ် မရှိဘဲ စိတ်တွေ့ ဉာဏ်ဖြင့် ပထဝီကာယ ရုပ်အပေါင်း ရုပ်အစု
ကြီးကို တွေ့ရှိနေရတယ်။ ယခု တွေ့ရှိသော ပထဝီဓာတ်ရူပက္ခန္ဓာ
သည် အကြိတ်အခဲ အဆန်အမာ ဆိုလျှင် ဥပမာ မှန်ပြင် ရေပြင်
မြေပြင်မှာ ထင်သော အရိပ်ကဲ့သို့ အနုမြူတလုံးကို အစိတ် တသန်း
စိတ်၍ တစိတ်စာမျှ အနှစ်သာရမရှိ မာမှု နူးညံ့မှု သဘောအမူအရာ
ကြိယာမျှသာရှိလေသည်။ ထိုသဘောအမူအရာ ကြိယာမျှသာ
ရှိသော ပထဝီဓာတ် ရူပက္ခန္ဓာသည် မျက်စိတမှိတ် လျှပ်တပျက်ခန့်
ခဏကာလမျှ ရပ်နားခြင်းမရှိ ဖြစ်မှု ပျက်မှု ရုပ်သန္တတိ အစဉ်မျှသာ
ဖြစ်၍ ဥပမာ မီးတောက်နှင့်တူ၏။ မီးတို့မည်သည် အဆီကို စွဲရမှ
သာ မီးတောက်ဟု ပြောဆိုရန်ဖြစ်ပေါ် နိုင်လေသည်။ထိုမီးတောက်
သည် အဆီ အားကောင်းသလောက် မီးတောက် အားကောင်းလေ
သည်။ အဆီ အားနည်းလျှင် မီးတောက် အားနည်းလေသည်။ ရေ
နံဆီခွက်၌ရှိသော မီးတောက်သည် ရှေးဦး အစ ပဌမ မီးမတောက်မီ
မီးစာထိပ်ဖျား၌ ရှေးဦးစွာရှိနှင့်သောရေနံဆီကို မီးညှိလိုက်သည်နှင့်
တပြိုင်နက် ပဌမ ရေနံဆီနှင့် ပဌမမီးတောက် ကုံဆုံးလေ၏။ ပဌမ
ရေနံဆီနှင့် ပဌမမီးတောက်အကုံတွင် ပဌမမီးတောက်ကို အမှီပြု၍

ဒုတိယတက်လာသော ရေနံဆီမှ ဒုတိယ မီးတောက် အသစ်ဖြစ်ပေါ် လေသည်။ အဲသည်လို တတိယာ ရေနံဆီနှင့် တတိယမီးတောက် စတုတ္ထ ရေနံဆီနှင့် စတုတ္ထ မီးတောက် ပဉ္စမ ရေနံဆီနှင့် ပဉ္စမ မီး တောက် အစရှိသည်ဖြင့် သူ့ရေနံဆီနှင့် သူ့မီးတောက် အပိုင်း အပိုင်း အပြတ်အပြတ်ဖြစ်၍ အတွင်းက ရေနံဆီ ကုံသောအခါ မီး တောက်လည်း ကုံငြိမ်းလေ၏။

အဲသည် ရေနံဆီနှင့် မီးတောက် ဥပမာ အတူ အဇ္ဈတ္တ ဗဟိဒ္ဓ မခြား သီတဥတု ဥဏှဥတု ဟုဆိုအပ်သော ဧမှု ပူမှု ဥတုသခါရ ဧချေ ပူချေ ပြုပြင်မှု ကိစ္စသည် ရေနံဆီနှင့် တူ၏။ အဇ္ဈတ္တ ဗဟိဒ္ဓ မခြား ဩကာသလောကကြီးနှင့် ဒင်းကြမ်းအပြည့်ရှိနေသော မာမှု နူးညံ့မှု ပထဝီဓာတ်ရူပက္ခန္ဓာကြီးသည် မီးတောက်နှင့် အလားတူ ၏။ ရှေးရှေး ပထဝီဓာတ် ရုပ်ဟောင်းတွေ ချုပ်ဆုံးကွယ်ပျောက် ရာတွင် နောက်မှ အသစ်အသစ် ဖြစ်ပေါ်လာသော ပထဝီဓာတ် ရူပက္ခန္ဓာတို့သည် အပိုင်းအပိုင်း အပြတ်အပြတ်အားဖြင့် မီးတောက် ဥပမာနှင့်အတူ မျက်စိတမှိတ် လျှပ်တပျက်ခန့်မျှ မရပ်မနား မတန့် စားဘဲ အမြဲ ဖြစ်ပျက်၍နေသည်ကို ဒုက္ခသစ္စာဆိုသည်။

## သွားခြင်းရှုနိုင်သောပထဝီ၌ ဝိပဿနာဆင်ခြင်ပုံ

သွားမည်ဟု စိတ်ထဲ၌ဖြစ်ပေါ်၍ ပဌမခြေလှမ်း၌ ခြေဖျားက ဆံဖျားတိုင် ဖြစ်ပေါ်သော မာမှု နူးညံ့မှု ပထဝီဓာတ် ရူပက္ခန္ဓာတို့ သည် ပဌမခြေလှမ်း အဆုံးတွင် ချုပ်ဆုံးကွယ်ပျောက် အနိစ္စ ရောက်လေကုန်၏။ ဒုတိယခြေလှမ်း၌ ခြေဖျားက ဆံဖျားတိုင် အသစ်အသစ် ဖြစ်ပေါ်သော ပထဝီဓာတ် ရူပက္ခန္ဓာတို့သည် ဒုတိယ ခြေလှမ်းအဆုံးတွင် ချုပ်ဆုံးကွယ်ပျောက် အနိစ္စရောက်လေကုန်၏။

အဲဒါလို သူ့ခြေလှမ်းနှင့် သူ့ပထဝီဓာတ် အပိုင်းအပိုင်း အပြတ်အပြတ် အစဉ်အတိုင်း အမြဲဖြစ်ပျက်၍ နေလေ၏။

## ရပ်ခြင်းဣရိယာပုထ်၌ ဝိပဿနာဆင်ခြင်ပုံ

ရပ်လိုသော စိတ်ဖြစ်ပေါ်၍ ရူပက္ခန္ဓာကြီးကို မတ်မတ်ရပ်လိုက်သောအခါ သွားဆဲအခါ၌ ဖြစ်ပေါ်သောပထဝီဓာတ် ရူပက္ခန္ဓာတို့သည် ချုပ်ဆုံး ကွယ်ပျောက် အနိစ္စရောက်လေကုန်၏။ရပ်မိသည်နှင့် တပြိုင်နက် ခြေဘဝါး အပြင်မှစ၍ အထက် ဆံဖျားတိုင်အောင် တကိုယ်လုံး အနှံ့အပြား အသစ်အသစ်သော မာမှု နူးညံ့မှု ပထဝီဓာတ်တို့သည် ဒင်းကြမ်းအပြည့် ခဏခြင်း ဖြစ်ပေါ်၍ ရပ်မှု ဣရိယာပုထ်ကို မဖျက်မခြင်း တကိုယ်လုံး၌ မာမှု နူးညံ့မှု ပထဝီဓာတ်တို့သည် ကွယ်ပျောက်မှုကလည်း မရပ်မနား ကွယ်ပျောက်၍နေ၏။ အသစ်အသစ် ဖြစ်ပေါ်သော ပထဝီဓာတ်တို့ကလည်း အသစ်အသစ်မစဲ ဖြစ်ပေါ်၍နေ၏။

## ထိုင်ခြင်းဣရိယာပုထ်၌ ဝိပဿနာဆင်ခြင်ပုံ

ရပ်ခြင်း ဣရိယာပုထ်မှ ထိုင်လိုသောစိတ်ဖြစ်ပေါ်၍ ထိုင်ခြင်း ဣရိယာပုထ်ကို ပြုကြသောအခါ ရပ်ခြင်း ဣရိယာပုထ်၌ဖြစ်သော မာမှု နူးညံ့မှု ပထဝီဓာတ် ရူပက္ခန္ဓာတို့သည် ချုပ်ဆုံး ကွယ်ပျောက် အနိစ္စ ရောက်ပေကုန်၏။ ထိုင်ခြင်း ဣရိယာပုထ် ဖြစ်ပေါ်သည်နှင့် တပြိုင်နက် အသစ်အသစ်သော ပထဝီဓာတ်တို့သည် ခဏခြင်း ဖြစ်ပေါ်လေ၏။ ထိုင်မှုဣရိယာပုထ်ကို မဖျက်မခြင်း တကိုယ်လုံး ခြေဖျားက ဆံဖျားတိုင် ဆံဖျားက ခြေဖျားတိုင် မာမှု နူးညံ့မှု ပထဝီဓာတ် ရူပက္ခန္ဓာတို့သည် ကွယ်ပျောက်မှုကလည်း မရပ်မနား ကွယ်

ပျောက်၍နေ၏၊ အသစ်အသစ် ဖြစ်ပေါ်သော ပထဝီဓာတ်တို့က လည်း အသစ်အသစ်မစဲ ဖြစ်ပေါ်လေသည်။

## လျောင်းခြင်းဣရိယာပုထ်၌ ဝိပဿနာဆင်ခြင်ပုံ

ထိုင်သောဣရိယာပုထ်မှ လျောင်းလိုသော စိတ်ဖြစ်ပေါ်၍ လျောင်းခြင်း ဣရိယာပုထ်ကို ပြုကြသောအခါ ထိုင်သော ဣရိယာ ပုထ်၌ဖြစ်သော မာမှု နူးညံ့မှု ပထဝီဓာတ် ရူပက္ခန္ဓာတို့သည် ချုပ် ဆုံးကွယ်ပျောက် အနိစ္စရောက်လေကုန်၏။ လျောင်းခြင်း ဣရိယာ ပုထ် ဖြစ်ပေါ်သည်နှင့်တပြိုင်နက် အသစ်အသစ်သော ပထဝီဓာတ် တို့သည် ခဏခြင်းဖြစ်ပေါ်လေ၏။ လျောင်းသော ဣရိယာပုထ်ကို မဖျက်မခြင်း တကိုယ်လုံး အနှံ့အပြား မာမှု နူးညံ့မှု ပထဝီဓာတ် ရူပက္ခန္ဓာတို့သည် ကွယ်ပျောက်မှုကလည်း မရပ်မနား ကွယ်ပျောက် ၍နေ၏။ အသစ်အသစ် ဖြစ်ပေါ်သော ပထဝီဓာတ်တို့ကလည်း အသစ်အသစ်မစဲ ဖြစ်ပေါ်လေသည်။

သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း ဟူသော ဣရိယာ ပုထ် လေးပါး၌ ဖွဲ့စီးမှု ယိုစီးမှု ရေဓာတ် ပူမှု အေးမှု မီးဓာတ် ထောက် ကန်မှု လှုပ်ရှားမှု လေဓာတ်တို့သည် မိမိတို့ သဘောလက္ခဏာ အ တိုင်း ပထဝီဓာတ်နှင့်အတူ အဟောင်းဓာတ်စု ချုပ်ဆုံးကွယ်ပျောက် မှုကလည်း မရပ်မနား ကွယ်ပျောက်၍နေ၏။ အသစ်အသစ် ဖြစ် ပေါ်မှုကလည်း အသစ်အသစ်မစဲ ဖြစ်ပေါ်လေသည်။ ဤကဲ့သို့ ဣရိယာပုထ် လေးပါးတို့၌ မဟာဘုတ် ရုပ်ဓာတ်တို့၏ ဖြစ်မှု ပျက်မှု တရားကြီးတခုကို မြတ်စွာဘုရားက "ရုပ္ပံ၊ရုပ်သည်။ဝိပရိဏာမ ဓမ္မာ၊ ဘောက်ပြန်တတ်သော သဘောရှိကုန်၏" ဟု ဟောတော်မူတယ်။ ယခု မြတ်စွာဘုရား ဟောတော်မူသော ဝိပရိဏာမ ဓမ္မ ရုပ်အနိစ္စ

လက္ခဏာ ဒုက္ခသစ္စာကို ပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီး မြင်ကြအောင် နေ့ရော ညဥ့်ပါ ဘယ်ခါမပြတ် ကြိုးစား အားထုတ်တော်မူကြပါ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ "လူက ဟောလျှင် သည်အတိုင်းဟောလေ"။

**ရဟန်းကဟောလျှင်**—ဝိပရိဏာမဓမ္မာ၊ဘောက်ပြန်တတ်သော သဘောရှိကုန်၏ဟု ဟောတော်မူသော တရားတော်မြတ်ကို ကြားနာရခြင်း တည်းဟူသော ဓမ္မသဝနကုသိုလ်စေတနာ သရဏဂုဏ် သုံးပါးနှင့်တကွ ငါးပါးသော သီလတော်မြတ်တို့ကို ကျင့်သုံး ဆောက်တည်ရခြင်း တည်းဟူသော သီလကုသိုလ်စေတနာ ဤသို့ပေါင်း အပ် များမြတ်သော ကုသိုလ်စေတနာတို့ကြောင့် ဝိပရိဏာမဓမ္မ ရုပ်အနိစ္စလက္ခဏာ ဒုက္ခသစ္စာတရားကိုပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီး မြင်ရပါလိုသောဟူ၍ ဆုတောင်းကြကုန်။

ရုပ်ဒုက္ခသစ္စာတရား ပြီး၏။

—း၀း—

## နာမ်ဒုက္ခသစ္စာတရားဟောပုံ ဝိပဿနာဆင်ခြင်ပုံ

ရှေးရုပ်ဒုက္ခသစ္စာတရားကွင်း၌ "ဒုက္ခံ ဒုက္ခသမုပ္ပါဒံ" အစရှိသော ပါဠိတော် အနက် အဓိပ္ပါယ်ကို အကုန်အရကျက်၍ နာမ်ဒုက္ခသစ္စာ တရားနှင့် ဆက်၍ဟောလေ။ **ဆက်၍ဟောရန်**—သံသရာ ဝဋ်ဆင်း ရဲကြီးဆိုတာ ခန္ဓာငါးပါးတို့၏ ဖြစ်မှု ပျက်မှု အစဉ်ကို သံသရာ ဝဋ်ဆင်းရဲဟု ဆိုတယ်။ ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်ပုံက ရုပ်ခန္ဓာ ဟူ၍ လည်းကောင်း နာမ်ခန္ဓာ ဟူ၍လည်းကောင်း နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် နာမ်ခန္ဓာဆိုတာ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါ

ရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟူ၍ နာမ်ခန္ဓာလေးပါးရှိတယ်။ ထိုလေးပါးတို့တွင် စိတ်ဟူသော ဝိညာဏက္ခန္ဓာ တပါး၏ အနိစ္စလက္ခဏာကို မြင်လျှင် ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဟူသော နာမက္ခန္ဓာ သုံးပါးတို့၏ အနိစ္စလက္ခဏာကိုလည်း မြင်နိုင်လေတော့သည်။ အဘယ်ကြောင့်လဲဆိုလျှင် ဝေဒနာ, သညာ, သင်္ခါရ အစရှိသော စေတသိက် နာမ်ခန္ဓာတို့သည် စိတ်ဟူသော ဝိညာဏက္ခန္ဓာကို မှီရမှ ဖြစ်နိုင်လေသည်။ ထို့ကြောင့် စိတ်ဟူသော ဝိညာဏက္ခန္ဓာ၏ အနိစ္စကိုမြင်ပါလျှင် စေတသိက် နာမ်ခန္ဓာသုံးပါးတို့၏ အနိစ္စကို မြင်နိုင်လေ၏။ ထို့ကြောင့် ဝိညာဏက္ခန္ဓာ၏ အနိစ္စကိုပြမည်။

• စိတ်တို့မည်သည် အာရုံကို သိခြင်းလက္ခဏာရှိသည်ဟု ဘုရားဟောတော်မူသောကြောင့် အာရုံဆိုတာ လင်းလင်းအဆင်း စိမ်းစိမ်းအဆင်း ဝါဝါ ဖြူဖြူ မဲမဲ နီနီ အစရှိသော မျက်စိဖြင့်မြင်သမျှသည် ရူပါရုံမည်၏။ ရူပါရုံအဆင်း လင်းလင်းကိုမြင်၍ နေထွက်ပြီ နေထွက်ပြီဟု သိတိုင်းသိတိုင်း စိတ်ဟူသော ဝိညာဏက္ခန္ဓာ နာမ်တရား၏ ဖြစ်မှု ပျက်မှု အနိစ္စတို့သည်ဖြစ်ပေါ်လေကုန်၏။ စိမ်းစိမ်းအဆင်းကို မြင်၍ ဘာလဲဘာလဲဟု သိတိုင်းသိတိုင်း စိတ်ဟူသော ဝိညာဏက္ခန္ဓာ နာမ်တရား၏ ဖြစ်မှု ပျက်မှု အနိစ္စတို့သည် ဖြစ်ပေါ်လေကုန်၏၊ တမာပင် တမာပင်ဟု သိတိုင်းသိတိုင်း စိတ်ဟူသော ဝိညာဏက္ခန္ဓာ နာမ်တရား၏ ဖြစ်မှု ပျက်မှု အနိစ္စတို့သည် ဖြစ်ပေါ်၍နေ၏ နွားနွားဟု သိတိုင်း သိတိုင်းလူလူဟု သိတိုင်းသိတိုင်း စိတ်ဟူသော ဝိညာဏက္ခန္ဓာနာမ်တရား၏ ဖြစ်မှု ပျက်မှု အနိစ္စတို့သည် ဖြစ်ပေါ်၍ နေ၏။ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်းဟူသော ဣရိယာပုထ်လေးပါးတို့တွင် သွားခြင်းဣရိယာပုထ်၌ သွားလိုသောစိတ်

ဖြစ်၍ ပဌမခြေလှမ်း၌ဖြစ်ပေါ်သော စိတ်တို့သည် ပဌမခြေလှမ်း အဆုံးတွင် ချုပ်ဆုံးကွယ်ပျောက် အနိစ္စရောက်လေကုန်၏။ ဒုတိယ ခြေလှမ်း၌ ဖြစ်ပေါ်သောစိတ်တို့သည် ဒုတိယခြေလှမ်းအဆုံးတွင် ချုပ်ဆုံးကွယ်ပျောက် အနိစ္စရောက်လေကုန်၏။အဲဒါလို သူ့စိတ်နှင့် သူ့ခြေလှမ်းအဆုံးအဆုံးတွင် စိတ်ဟူသော ဝိညာဏက္ခန္ဓာ နာမ်တ ရား၏ အနိစ္စဖြစ်ပုံကို အပိုင်းအပိုင်းအပြတ်အပြတ် မြင်အောင်ကြည့် ခြေတလှမ်းတွင် အကြွ၌ဖြစ်သောစိတ် ရှေ့သို့အငင်တွင် ဖြစ်သော စိတ် အချတွင် ဖြစ်သောစိတ် ဤသုံးချက်မြင်လျှင် သာ၍ကောင်း သည်။

**ရပ်ခြင်းဣရိယာပုထ်၌**—သွားလိုသောစိတ် အနိစ္စဖြစ်ပြီးမှ ရပ် မည်ရပ်မည်ဟု ရပ်လိုသောစိတ်ဖြစ်ပေါ်၍ မတ်မတ်ရပ်မှု ဣရိယာ ပုထ် ဖြစ်ပေါ်လေသည်။ ရပ်မှုဣရိယာပုထ်၌ ရပ်သည်ရပ်သည်ဟု သိသောစိတ်တို့သည် ရပ်မှုဣရိယာပုထ်ကို မဖျက်မခြင်း အဟောင်း အဟောင်း ချုပ်ဆုံးကွယ်ပျောက်၍ အသစ်အသစ် ရပ်သည် ရပ် သည်ဟု သိမှုစိတ်အစဉ်တို့သည် ဖြစ်ပေါ်၍နေ၏ ။ထိုင်ခြင်းဣရိယာ ပုထ်၌ ရပ်လိုသောစိတ်အနိစ္စရောက်ပြီးမှ ထိုင်မည်ထိုင်မည်ဟု ထိုင်လို သောစိတ် ဖြစ်ပေါ်၍ ထိုင်မှုဣရိယာပုထ်ဖြစ်ပေါ်လေသည်။ ထိုင်မှု ဣရိယာပုထ်၌ ထိုင်သည်ထိုင်သည်ဟု သိသောစိတ်တို့သည် ထိုင်မှု ဣရိယာပုထ်ကို မဖျက်မခြင်း အဟောင်းအဟောင်း ချုပ်ဆုံးကွယ် ပျောက်၍ အသစ်အသစ်ထိုင်သည်ဟု သိသောစိတ်တို့သည် ဖြစ် ပေါ်၍နေ၏။

**လျောင်းခြင်းဣရိယာပုထ်၌**—ထိုင်လိုသောစိတ် အနိစ္စဖြစ်ပြီးမှ အိပ်မည်အိပ်မည်ဟု အိပ်လိုသောစိတ်ဖြစ်ပေါ်၍ အိပ်မှု ဣရိယာ ပုထ် ဖြစ်ပေါ်လေသည်။ အိပ်မှု ဣရိယာပုထ်၌ အိပ်သည်အိပ်သည်

ရုပ္ပက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟူ၍ နာမ်ခန္ဓာလေးပါးရှိတယ်။ ထိုလေးပါးတို့တွင် စိတ်ဟူသော ဝိညာဏက္ခန္ဓာ တပါး၏ အနိစ္စလက္ခဏာကို မြင်လျှင် ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဟူသော နာမက္ခန္ဓာ သုံးပါးတို့၏ အနိစ္စလက္ခဏာကိုလည်း မြင်နိုင်လေတော့သည်။ အဘယ်ကြောင့်လဲဆိုလျှင် ဝေဒနာ, သညာ, သင်္ခါရ အစရှိသော စေတသိက် နာမ်ခန္ဓာတို့သည် စိတ်ဟူသော ဝိညာဏက္ခန္ဓာကို မှီရမှ ဖြစ်နိုင်လေသည်။ ထို့ကြောင့် စိတ်ဟူသော ဝိညာဏက္ခန္ဓာ၏ အနိစ္စကိုမြင်ပါလျှင် စေတသိက် နာမ်ခန္ဓာသုံးပါးတို့၏ အနိစ္စကို မြင်နိုင်လေ၏။ ထို့ကြောင့် ဝိညာဏက္ခန္ဓာ၏ အနိစ္စကိုပြမည်။

စိတ်တို့မည်သည် အာရုံကို သိခြင်းလက္ခဏာရှိသည်ဟု ဘုရားဟောတော်မူသောကြောင့် အာရုံဆိုတာ လင်းလင်းအဆင်း စိမ်းစိမ်းအဆင်း ဝါဝါ ဖြူဖြူ မဲမဲ နီနီ အစရှိသော မျက်စိဖြင့်မြင်သမျှသည် ရူပါရုံမည်၏။ ရူပါရုံအဆင်း လင်းလင်းကိုမြင်၍ နေထွက်ပြီ နေထွက်ပြီဟု သိတိုင်းသိတိုင်း စိတ်ဟူသော ဝိညာဏက္ခန္ဓာ နာမ်တရား၏ ဖြစ်မှု ပျက်မှု အနိစ္စတို့သည်ဖြစ်ပေါ်လေကုန်၏။ စိမ်းစိမ်းအဆင်းကို မြင်၍ ဘာလဲဘာလဲဟု သိတိုင်းသိတိုင်း စိတ်ဟူသော ဝိညာဏက္ခန္ဓာ နာမ်တရား၏ ဖြစ်မှု ပျက်မှု အနိစ္စတို့သည် ဖြစ်ပေါ်လေကုန်၏၊ တမာပင် တမာပင်ဟု သိတိုင်းသိတိုင်း စိတ်ဟူသော ဝိညာဏက္ခန္ဓာ နာမ်တရား၏ ဖြစ်မှု ပျက်မှု အနိစ္စတို့သည် ဖြစ်ပေါ်၍နေ၏ သွားသွားဟု သိတိုင်း သိတိုင်းလူလူဟု သိတိုင်းသိတိုင်း စိတ်ဟူသော ဝိညာဏက္ခန္ဓာနာမ်တရား၏ ဖြစ်မှု ပျက်မှု အနိစ္စတို့သည် ဖြစ်ပေါ်၍ နေ၏။ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်းဟူသော ဣရိယာပုထ်လေးပါးတို့တွင် သွားခြင်းဣရိယာပုထ်၌ သွားလိုသောစိတ်

ဖြစ်၍ ပဌမခြေလှမ်း၌ဖြစ်ပေါ်သော စိတ်တို့သည် ပဌမခြေလှမ်း အဆုံးတွင် ချုပ်ဆုံးကွယ်ပျောက် အနိစ္စရောက်လေကုန်၏။ ဒုတိယ ခြေလှမ်း၌ ဖြစ်ပေါ်သောစိတ်တို့သည် ဒုတိယခြေလှမ်းအဆုံးတွင် ချုပ်ဆုံးကွယ်ပျောက် အနိစ္စရောက်လေကုန်၏။အဲဒါလို သူ့စိတ်နှင့် သူ့ခြေလှမ်းအဆုံးအဆုံးတွင် စိတ်ဟူသော ဝိညာဏက္ခန္ဓာ နာမ်တရား၏ အနိစ္စဖြစ်ပုံကို အပိုင်းအပိုင်းအပြတ်အပြတ် မြင်အောင်ကြည့် ခြေတလှမ်းတွင် အကြွ၌ဖြစ်သောစိတ် ရှေ့သို့အငင်တွင် ဖြစ်သော စိတ် အချတွင် ဖြစ်သောစိတ် ဤသုံးချက်မြင်လျှင် သာ၍ကောင်း သည်။

**ရပ်ခြင်းဣရိယာပုထ်၌**—သွားလိုသောစိတ် အနိစ္စဖြစ်ပြီးမှ ရပ်မည်ရပ်မည်ဟု ရပ်လိုသောစိတ်ဖြစ်ပေါ်၍ မတ်မတ်ရပ်မှု ဣရိယာပုထ် ဖြစ်ပေါ်လေသည်။ ရပ်မှုဣရိယာပုထ်၌ ရပ်သည်ရပ်သည်ဟု သိသောစိတ်တို့သည် ရပ်မှုဣရိယာပုထ်ကို မဖျက်မခြင်း အဟောင်း အဟောင်း ချုပ်ဆုံးကွယ်ပျောက်၍ အသစ်အသစ် ရပ်သည် ရပ်သည်ဟု သိမှုစိတ်အစဉ်တို့သည် ဖြစ်ပေါ်၍နေ၏ ။ထိုင်ခြင်းဣရိယာပုထ်၌ ရပ်လိုသောစိတ်အနိစ္စရောက်ပြီးမှ ထိုင်မည်ထိုင်မည်ဟု ထိုင်လိုသောစိတ် ဖြစ်ပေါ်၍ ထိုင်မှုဣရိယာပုထ်ဖြစ်ပေါ်လေသည်။ ထိုင်မှုဣရိယာပုထ်၌ ထိုင်သည်ထိုင်သည်ဟု သိသောစိတ်တို့သည် ထိုင်မှုဣရိယာပုထ်ကို မဖျက်မခြင်း အဟောင်းအဟောင်း ချုပ်ဆုံးကွယ်ပျောက်၍ အသစ်အသစ်ထိုင်သည်ဟု သိသောစိတ်တို့သည် ဖြစ်ပေါ်၍နေ၏။

**လျောင်းခြင်းဣရိယာပုထ်၌**—ထိုင်လိုသောစိတ် အနိစ္စဖြစ်ပြီးမှ အိပ်မည်အိပ်မည်ဟု အိပ်လိုသောစိတ်ဖြစ်ပေါ်၍ အိပ်မှု ဣရိယာပုထ် ဖြစ်ပေါ်လေသည်။ အိပ်မှု ဣရိယာပုထ်၌ အိပ်သည်အိပ်သည်

ဟု သိသောစိတ်တို့သည် အိပ်မှု ဣရိယာပုထ်ကို မဖျက်မခြင်း အ ဟောင်းအဟောင်း ချုပ်ဆုံးကွယ်ပျောက်၍ အသစ်အသစ် အိပ် သည်အိပ်သည်ဟု သိမှုစိတ်အစဉ်တို့သည် ဖြစ်ပေါ်၍နေ၏။ဤကဲ့သို့ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း ဣရိယာပုထ် လေးပါး တို့၌ ဝိညာဏက္ခန္ဓာ နာမ်တရား၏ အဟောင်းအဟောင်း ချုပ်ဆုံး ကွယ်ပျောက်မှု အသစ်အသစ် ဖြစ်ပေါ်မှု၌ အတူတကွ ဖြစ်ကြကုန် သော နာမ်ခန္ဓာသုံးပါးတို့တွင် ဝေဒနာက္ခန္ဓာသည် ဝိညာဏ်စိတ် ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း ကောင်းသည်ကောင်းသည်ဟု သိ၍ စိတ်ချမ်းသာမှု စိတ်ပျော်ပါးမှု စိတ်ရွှင်လန်းမှု များသည် သုခဝေဒ နာမည်၏။မကောင်းလေခြင်းမကောင်းလေခြင်းဟု သိ၍ စိတ်ပင် ပန်းမှု စိတ်မသာမှု စိတ်မပျော်မပါးမှု စိတ်ပျင်းမှု စိတ်နွမ်းမှု စိတ် မချိမှုများသည် ဒုက္ခဝေဒနာမည်၏။ ဥပေက္ခာဝေဒနာဆိုတာ အာ ရုံခြောက်ပါးတို့၌ သုခဝေဒနာ, ဒုက္ခဝေဒနာမှ အလွတ်ဖြစ်၍ မြင် ကာမျှနှင့် ချုပ်ဆုံးမှု ကြားကာမျှနှင့်ချုပ်ဆုံးမှု အစရှိသည်ဖြင့် သုခ ဝေဒနာ, ဒုက္ခဝေဒနာတို့၏ အကြားအကြား၌ များသောအားဖြင့် ဥပေက္ခာဝေဒနာသာ များလေသည်။

**သညာက္ခန္ဓာဆိုတာ** — စိတ်ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း လွန် လေပြီးသော ရက်,လ,နှစ် သေဆုံးပြီးသော မိ,ဘ,ဘိုး,ဘွား အမျိုး အမည်များကို မမေ့မလျော့ အမှတ်ပြု၍ သိမှုကြီးတခုသည် သညာ က္ခန္ဓာမည်၏။

**သင်္ခါရက္ခန္ဓာဆိုတာ** — စိတ်ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း အကု သိုလ်ဖြစ်ရန် ကုသိုလ်ဖြစ်ရန် စေ့ဆော်မှု လှုံ့ဆော်မှု ပြုပြင်မှုအတွက် အကုသိုလ်ကံ,ကုသိုလ်ကံ ဖြစ်မှုသည် စေတနာသင်္ခါရက္ခန္ဓာမည်၏။

ဤဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ ဟူသော နာမ်ခန္ဓာလေးပါးတို့သည် တပြိုင်နက် မရှေးမနှောင်း ဖြစ်ကုန်၏။ ပျက်သောအခါလည်း တပြိုင်နက် အတူတကွ ပျက်ကြကုန်၏။

ထို့ကြောင့်"**ကောဓမ္မော**"အရ စိတ်ဟူသော ဝိညာဏက္ခန္ဓာ တပါးကို အနိစ္စ ကောင်းကောင်းထင်လျှင် နာမ်ဟူသမျှ အနိစ္စ ထင်နိုင်လေတော့သည်။ အနိစ္စ ထင်ပြီးသော ဝိညာဏက္ခန္ဓာကို ဆင်ခြင်ရာ၌ "ဝိညာဏံ၊ ဝိညာဏက္ခန္ဓာစိတ်သည်။ အနိစ္စာ၊ မြဲခြင်းသဘော မရှိကုန်"။ အဘယ့်ကြောင့်လဲဆိုလျှင် ဝိညာဏက္ခန္ဓာစိတ်ဆိုတဲ့ နာမ်တရား မမြဲသည့်အတွက် သွားခြင်း ဣရိယာပုထ်မှ ရပ်လိုသော စိတ်ဖြစ်ပေါ်၍ ရပ်သည်နှင့် တပြိုင်နက် သွားလိုသောစိတ် နာမ်တရားတို့သည် ကောင်းကင်အပြင်၌ လျှပ်ပြက်သကဲ့သို့ ချုပ်ဆုံးကွယ်ပျောက် အနိစ္စရောက်လေကုန်၏။ အဲဒါကြောင့် "ဝိညာဏံ၊ ဝိညာဏက္ခန္ဓာ နာမ်တရားသည်။ အနိစ္စာ၊ မြဲခြင်းသဘောမရှိကုန် "ဟု ဟောတော်မူတယ်။

ရပ်ခြင်းဣရိယာပုထ်မှ ထိုင်လိုသော စိတ်ဖြစ်ပေါ်၍ ထိုင်လိုက်သောအခါ ထိုင်ခြင်းဣရိယာပုထ်မှ လျောင်းလိုသောစိတ်ဖြစ်ပေါ်၍ လျောင်းလိုက်သောအခါ လျောင်းသော ဣရိယာပုထ်မှ ထိုင်လိုသောစိတ် ဖြစ်ပေါ်၍ အစရှိသည်ဖြင့် ဣရိယာပုထ်လေးပါး ပြောင်းတိုင်း ပြောင်းတိုင်း စိတ်ဟူသော ဝိညာဏက္ခန္ဓာ နာမ်တရားသည် ကောင်းကင်အပြင်၌ လျှပ်ပြက်သကဲ့သို့ အသစ်အသစ် ဖြစ်ပေါ်၍ ချုပ်ဆုံးကွယ်ပျောက် အနိစ္စရောက်လေကုန်၏။ ဤကဲ့သို့ မရပ်မနား မတန့်စားဘဲ အမြဲဖြစ်ပျက်၍နေသော ဝိညာဏက္ခန္ဓာနာမ်တရားကို မြတ်စွာဘုရားက ဒုက္ခဟုဟောတော်မူတယ်။ ဘယ်လိုဟောတော်

မူပါသလဲဆိုလျှင်"ဝိညာဏံ၊ဝိညာဏက္ခန္ဓာ နာမ်တရားသည်။ဒုက္ခာ၊ ယုတ်မာညစ်ဆိုး ဒုက္ခမျိုးတို့သည်သာတည်း"ဟု ဟောတော်မူတယ်။ ဝိညာဏက္ခန္ဓာဆိုတာ ဒုက္ခမျိုးတဲ့ အဘယ့်ကြောင့်လဲဆိုလျှင် စိတ်ဟူသော ဝိညာဏက္ခန္ဓာ နာမ်တရားသည် လူပဋိသန္ဓေ ဝိညာဏ်စိတ် နတ်ပဋိသန္ဓေ ဝိညာဏ်စိတ် ဗြဟ္မာပဋိသန္ဓေ ဝိညာဏ်စိတ် ငရဲပဋိသန္ဓေ ဝိညာဏ်စိတ် တိရစ္ဆာန်ပဋိသန္ဓေ ဝိညာဏ်စိတ် ပြိတ္တာပဋိသန္ဓေ ဝိညာဏ်စိတ် အသုရကာယ်ပဋိသန္ဓေ ဝိညာဏ်စိတ် အသီးအသီးဖြစ်ပေါ်၍ အိုမှုဒုက္ခအနန္တ နာမှုဒုက္ခအနန္တ သေမှုဒုက္ခအနန္တတို့နှင့် ဘယ်အခါမှ လွတ်မည်ဟု မသိနိုင်ကြဘူး။ ဒါကြောင့် မြတ်စွာဘုရားက ဒုက္ခမျိုးမှန်နေသော ဝိညာဏက္ခန္ဓာကို "ဝိညာဏံ၊ ဝိညာဏက္ခန္ဓာသည်။သလ္လာ၊စူးဝင်ညစ်ဆိုး မြားငြောင့်မျိုးတို့သာတည်း" ဟု ဟောတော်မူတယ်။ ဝိညာဏက္ခန္ဓာ၊ စိတ်ဟူသော နာမ်တရားကို မြားငြောင့်စူးဝင်သော ဥပမာနှင့်တူတယ်ဟု ဟောတော်မူတယ်။ မြားငြောင့်ဥပမာ နှစ်မျိုးတွင် မြားစူးဝင်သော ဥပမာပြမည်၊ သတ္တဝါတယောက်မှာ ရင်ဝမှကြောပြင်သို့ ထိုးလျှိုပေါက် မြားတန်းလန်းရှိနေသော သတ္တဝါတယောက်သည် ထိုမြားကို နှုတ်ပယ်လိုက်က သေမည်ကေန္တ၊ ထိုမြားကိုမနှုတ်မပယ်ဘဲ ထားပြန်လျှင်လည်း သေမည် ကေန္တဖြစ်သကဲ့သို့ ငါ, သူတပါး, ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာဟု အာရုံနှင့်တွေ့တိုင်းတွေ့တိုင်း သိ၍သိ၍နေသော ဝိညာဏက္ခန္ဓာ နာမ်တရားကိုလည်း မြားနှုတ်ရန်ခက်သကဲ့သို့ မပယ်မသတ်ထားပြန်လျှင်လည်း သေမည်ကေန္တ။ အဘယ့်ကြောင့်လဲဆိုလျှင် အစမထင်သော အတိတ်သံသရာ ကမ္ဘာဘာက အဲသည် ဝိညာဏက္ခန္ဓာ စိတ်ဟူသော နာမ်တရားနှင့် သေလို့ချည်းလာကဲ့ရသောကြောင့် ဤစိတ်ဟူသော နာမ်တရားကို ဘယ်နည်းနှင့် နှုတ်ပစ်မည်

ဟု အကြံအစည်ပြုထိုက်ပေသည်။ နှုတ်ပယ်ရန် အရေးက ပေါ့ပေါ့ နေ့းနေ့း သေးသေးအကြံ ဉာဏ်သာမန်များနှင့် မတန်မရာသကဲ့သို့ ရှိ၏။နှုတ်ပယ်ရန် နည်းလမ်းကို မြတ်စွာဘုရားက ဟောတော်မူသည် မှာ....

အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ။
အနတ္တသညိနော အသ္မိမာနော သမုဂ္ဃာတံ ပါပုဏာတိ။
ဒိဋ္ဌေဝဓမ္မေ နိဗ္ဗာနံ—ဟုဟောတော်မူသည်။

**အနက်**—မေဃိယ၊ မေဃိယရဟန်း။ အနိစ္စသညိနော၊ အနိစ္စ သညာ စွဲမြဲထင်မြင်သောသူအား။ အနတ္တသညာ၊ အနတ္တ သညာ သည်။ သဏ္ဌာတိ၊ အလိုလို တည်လေတော့၏။ အနတ္တသညိနော၊ အနတ္တသညာ စွဲမြဲထင်မြင်သောသူအား။ အသ္မိမာနော၊ ငါငါဟု အထင်ကြီးသော မာနသည်။ သမုဂ္ဃာတံ၊ ပျက်စီးခြင်းသို့။ပါပုဏာ တိ၊ရောက်တော့၏။ဒိဋ္ဌေဝဓမ္မေ၊မျက်မှောက်သော ကိုယ်၏အဖြစ်၌။ နိဗ္ဗာနံ၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာနိဗ္ဗာန်သို့။ပါပုဏာတိ၊ရောက်လေ တော့၏။

ဤသို့ မြတ်စွာဘုရား ဟောတော်မူသောမေဃိယသုတ္တန် တရား တော်မြတ်ကို ကြားနာရခြင်း တည်းဟူသော ဓမ္မသဝန ကုသိုလ်စေ တနာ,သရဏဂုဏ်သုံးပါးနှင့်တကွ ငါးပါးသော သီလတော်မြတ်တို့ကို ကျင့်သုံးဆောက်တည်ရခြင်း တည်းဟူသော သီလကုသိုလ်စေတနာ ဤသို့ပေါင်းအပ် များမြတ်သော ကုသိုလ်စေတနာတို့ကြောင့် စိတ် ဟူသော ဝိညာဏက္ခန္ဓာနာမ်တရား၏ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ တရားကို ပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီး မြင်ရပါလို သောဟု ဆုတောင်းကြကုန်။ “ ရဟန်းတော်ကဟောလျှင် သည် အတိုင်းဟောလေ”။

**လူကဟောလျှင်**—ဤသို့ မြတ်စွာဘုရား ဟောတော်မူသော ဝိညာဏက္ခန္ဓာနာမ်တရား၏ အနိစ္စလက္ခဏာ ဒုက္ခသစ္စာကို ပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီး မြင်ကြအောင် နေ့ရော ညဉ့်ပါ ဘယ်ခါမပြတ် ကြိုးစားအားထုတ်တော်မူကြပါ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။

နာမ်ဒုက္ခသစ္စာတရား ပြီး၏။

ပြီး ပြီ

—း၀း—

# ဘုရားရှိခိုး အမျိုးမျိုး

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

---

## ဘုရားဂုဏ်တော် ၉ ပါး ပါဠိအနက်

ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရောပုရိသဒမ္မသာရထိ, သတ္ထာဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။

**အရဟံဂုဏ်တော်**

၁။ သော ဘဂဝါ၊ ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ ဤသို့လျှင် ဗြဟ္မာ, နတ်, လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံထိုက်ကြောင်းဖြစ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူပေသောကြောင့်။ အရဟံ၊ အရဟံဟူသည့် ဂုဏ်အမည်ဖြင့် လူ့ပြည်နတ်ရပ် နှံ့စပ်ဆူဘိ ဗြဟ္မာထိအောင် နှံ့သိကျော်စောတော်မူပါပေ၏။

## သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

၂။ သောဘဂဝါ၊ ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ဣတိပိ၊ဤသို့လျှင်သစ္စာလေး ယျမမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော်မူပေသောကြောင့်။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ ဟူသည့် ဂုဏ်အမည်ဖြင့် လူ့ပြည်နတ်ရပ် နှံ့စပ်ဆူဘိ ဗြဟ္မာထိအောင် နှံ့သိကျော်စောတော်မူပါပေ၏။

## ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

၃။ သောဘဂဝါ၊ ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ဣတိပိ၊ ဤသို့လျှင် ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ဒိဗ္ဗစက္ခုဉာဏ် အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါး, ဒိဗ္ဗစက္ခုဉာဏ် ဒိဗ္ဗသောတဉာဏ် ဣဒ္ဓိဝိဓဉာဏ် စေတောပရိယဉာဏ် ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ဝိပဿနာဉာဏ် မနောမယိဒ္ဓိဉာဏ် အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာရှစ်ပါး, သီလကို စောင့်ရှောက်ခြင်း တည်းဟူသော သီလသံဝရ စက္ခုစသော ဣန္ဒြေတို့၌ လုံခြုံသောတံခါးရှိခြင်း တည်းဟူသော ဣန္ဒြိယဂုတ္တဒွါရ ဘောဇဉ်တို့၌ အတိုင်းအရှည်ကိုသိခြင်း တည်းဟူသော ဘောဇနေမတ္တညုတာ နိုးကြားထကြွ လုံ့လရှိခြင်း တည်းဟူသော ဇာဂရိယာနုယောဂ သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, ပညာ တည်းဟူသော သူတော်ကောင်းတရား ခုနစ်ပါး စတုက္ကနည်းဖြင့် ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ဟုဆိုအပ်သော ရူပါဝစရ ကြိယာဈာန်လေးပါး ဤသို့ဆိုအပ်ခဲ့ပြီးသော သီလသံဝရမှစ၍ စတုတ္ထဈာန်တိုင်အောင် စရဏတဆဲ့ငါးပါး ဤအလုံးစုံသော ဝိဇ္ဇာသုံးပါး,

ဝိဇ္ဇာ၃ ရှစ်ပါး, စရဏတဆဲ့ငါးပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့်။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္နဟူသည် ဂုဏ်အမည်ဖြင့် လူ့ပြည်နတ်ရပ် နှစ်ပ်ဆူဘိ ပြဟ္မာထိအောင် နှံ့သိကျော်စောတော်မူပါပေ၏။

**သုဂတဂုဏ်တော်**

၄။ သောဘဂဝါ၊ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ ဤသို့လျှင် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ မကပ်ငြိဘဲ မဇ္ဈိမပဋိပတ် ကောင်းမြတ်ဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် ရွှေနန်းပူရီ ဘေးမဲ့ပြည်သို့ ကြွချီ ဆိုက်ရောက်တော် မူပေသောကြောင့်။ သုဂတော၊ သုဂတ ဟူသည် ဂုဏ်အမည်ဖြင့် လူ့ပြည်နတ်ရပ် နှစ်ပ်ဆူဘိ ပြဟ္မာထိအောင် နှံ့သိကျော်စောတော်မူပါပေ၏။

**လောကဝိဒူဂုဏ်တော်**

၅။ သောဘဂဝါ၊ ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ ဤသို့လျှင် သတ္တလောက သင်္ခါရလောက ဩကာသ လောက တည်းဟူသော လောကသုံးပါး, ကာမလောက ရူပလောက အရူပလောက တည်းဟူသော လောကသုံးခွင် ဘုံအပြင်ကို ကုန်စင်ခပင်း မကျန်ကြွင်းအောင် အလင်းထင်ပေါ် သိမြင်တော် မူပေသောကြောင့်။ လောကဝိဒူ၊ လောကဝိဒူ ဟူသည် ဂုဏ်အမည်ဖြင့် လူ့ပြည်နတ်ရပ် နှစ်ပ်ဆူဘိ ပြဟ္မာထိအောင် နှံ့သိကျော်စောတော်မူပါပေ၏။

**အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်**

၆။ သောဘဂဝါ၊ ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ ဤသို့လျှင် ဇာတိမာန် ပုညမာန် ဂုဏ

မာန် ဗလမာန် ဣဒ္ဓိမာန် ပညာမာန်တို့ဖြင့် မိုးစွန်ကြွားကြွား ငါတကားဟု ကြုံးဝါးခက်ထန် အဆိပ်လျှံသည့် နန္ဒောပနန္ဒ အင်္ဂုလိမာလ သစ္စကနှင့် ဗကဗြဟ္မာ သတ္တဝါတို့ကိုဒေသနာဉာဏ် အဆိပ်ငြိမ်းဆေး အမြန်ပေး၍ ယဉ်ကျေးအောင်ပြု ဆုံးမမှုဝယ် အတုမရှိ လွန်ကဲဘိသောကြောင့်။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရောပုရိသဒမ္မသာရထိဟူသည် ဂုဏ်အမည်ဖြင့် လူ့ပြည်နတ်ရပ် နှံ့စပ်ဆူဘိ ဗြဟ္မာထိအောင် နှံ့သိကျော်စောတော်မူပါပေ၏။

**သတ္ထာဒေဝမနုဿာနံဂုဏ်တော်**

၇။ သောဘဂဝါ၊ ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ဣတိပိ၊ ဤသို့လျှင် ပစ္စုပ္ပန်၌ဖြစ်သော အကျိုးစီးပွါး တမလွန်၌ဖြစ်သော အကျိုးစီးပွါး မဂ်ဖိုလ်နိဗ္ဗာန် တည်းဟူသော အကျိုးစီးပွါးတို့ဖြင့် ထိုက်သည်အားလျော်စွာ ပေးတော်မူတတ်သည်ဖြစ်၍ နတ်,လူ,တို့၏ဆရာ ဖြစ်တော်မူပေသောကြောင့်။ သတ္ထာဒေဝမနုဿာနံ၊သတ္ထာဒေဝမနုဿာနဟူသည် ဂုဏ်အမည်ဖြင့် လူ့ပြည်နတ်ရပ် နှံ့စပ်ဆူဘိ ဗြဟ္မာထိအောင် နှံ့သိကျော်စောတော်မူပါပေ၏။

**တနည်း**—သောဘဂဝါ၊ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ဣတိပိ၊ဤသို့လျှင် ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ တန်းခိုးတော်အနန္တ ကြီးမြတ်လှ၍ သတ္တဝါအများ သောင်းထိုက်သားတို့၏ ဝပ်တွားရှိပျောင်း ညွတ်ညောင်းခယ ဆုံးမခံရာ ဆရာသခင် ဦးထိပ်တင်ကြီး ဖြစ်တော်မူပေသောကြောင့်။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာန ဟူသည် ဂုဏ်အမည်ဖြင့် လူ့ပြည်နတ်ရပ် နှံ့စပ်ဆူဘိ ဗြဟ္မာထိအောင် နှံ့သိကျော်စောတော်မူပါပေ၏။

## ဗုဒ္ဓဂုဏ်တော်

ဂ။ သောဘဂဝါ၊ ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ဣတိပိ၊ဤသို့လျှင် သစ္စာလေးပါး တရားတို့ကို သူတပါးအား သိစေတော်မူပေသောကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓဟူသည် ဂုဏ်အမည်ဖြင့် လူ့ပြည်နတ်ရပ် နှံ့စပ်ဆူဘိ ပြဟ္မာထိအောင် နှံ့သိကျော်စောတော်မူပါပေ၏။

## ဘဂဝါ ဂုဏ်တော်

ဇ။ သောဘဂဝါ၊ ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ဣတိပိ၊ ဤသို့လျှင် စိတ်တော်ကို အစိုးရခြင်း တည်းဟူသော ဣဿရိယ လောကုတ္တရာတရား တည်းဟူသော ဓမ္မ ဘုံသုံးပါး၌ ပျံ့နှံ့ကျော်စောခြင်း တည်းဟူသော ယသ ရူပကာယ တော်၏ အတုမရှိ တင့်တယ်ကောင်းမြတ်ခြင်း တည်းဟူသော သိရီ ကိုယ်တော်၏ အကျိုးစီးပွါး သူတပါး၏ အကျိုးစီးပွါးတို့ကို အလို ရှိတိုင်း တောင့်တတိုင်း ပြီးစီး ပြည့်စုံစေနိုင်ခြင်း တည်းဟူသော ကာမ ကောင်းမြတ်သော လုံ့လတော် တည်းဟူသော ပယတ္တ ဟုဆိုအပ်သော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူပေသော ကြောင့်။ ဘဂဝါ၊ ဘဂဝါ ဟူသည် ဂုဏ်အမည်ဖြင့် လူ့ပြည်နတ်ရပ် နှံ့စပ်ဆူဘိ ပြဟ္မာထိအောင် နှံ့သိကျော်စောတော် မူပါပေ၏။

တံ၊ ထိုအရဟံအစ ဘဂဝါအဆုံး ဘဝဂ်ချိုးမျှ ဘုန်းရှိန်ကြီးမား ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ကိုယ်တော် မြတ်ကြီးကို။ အဟံ၊ ကေသာလောမ စသည်စုဝေး ပြည်သွေး ပြည့် နှက်မြေညက်အလောင်း ရွှံ့ဘွယ်ကောင်းသည် အပေါင်းမှန်စွာခန္ဓာ အာယတန ဓာတ်စုမျှကို အတ္တမှည့်ခေါ် ဘုရားတပည့်တော်သည်။

နမေ နမာမိ၊ ဘယလာဘ ကုလစာရာ မိစ္ဆာဒိဋ္ဌိ မသိမောဟ ကင်းစင်ပလျက် လောကဝုန်ခြောက် ဂုဏ်တလျှောက်ကို အောက်မေ့သဖြင့် အသင့်နှလုံး ဆို့ပိတ်ဖုံးလျက် သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆွမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

—း၀း—

# တရားဂုဏ်တော် ၆ ပါး

## ပါဠိအနက်

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ။

**သွာက္ခာတဂုဏ်တော်**

၁။ ဘဂဝတာ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ ဓမ္မော၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ္တိ ဟုဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကို။ သွာက္ခာတော၊ အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံစွာ ဟောကြားတော်မူအပ်သော။ ဓမ္မော၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ္တိ ဟုဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်သည်။

**သန္ဒိဋ္ဌိကဂုဏ်တော်**

၂။ သန္ဒိဋ္ဌိကော၊ ကျင့်ဆောင်သူတို့အား ယခုဘဝ ပစ္စက္ခဥပင် ဒိဋ္ဌကိုယ်တွင် တွေ့မြင် ယုံကြည်ရသော ဂုဏ်ကျေးဇူး အထူးနှင့် ပြည့်စုံတော်မူပါပေ၏။

**အကာလိကဂုဏ်တော်**

၃။ အကာလိကော၊ ကာလမရွေ့ ကျင့်သည့်နေ့ပင် တွေ့မြင် ခံစားရသော ဂုဏ်ကျေးဇူး အထူးနှင့် ပြည့်စုံတော်မူပါပေ၏။

**ဟေဝိပဿိကဂုဏ်တော်**

၄။ ဟေဝိပဿိကော၊ လာရောက်ရှုမြင် အကျိုးထင်မြဲဖြစ်၍ လာပါရှုပါ ကျင့်ကြံပါဟု မပါ ပါအောင် ခေါ်ဆောင်သွတ်သွင်း တိုက်တွန်းခြင်းငှါ ထိုက်တန်စွာသော ဂုဏ်ကျေးဇူး အထူးနှင့် ပြည့်စုံတော်မူပါပေ၏။

**ဩပနေယျိကဂုဏ်တော်**

၅။ ဩပါနေယိကော၊ မိမိကာယ အဇ္ဈတ္တ၌ ရရှိပေါက်ရောက် ကိုယ်တွေ့မြောက်အောင် ကပ်၍ဆောင်ထိုက်သော ဂုဏ်ကျေးဇူး အထူးနှင့် ပြည့်စုံတော်မူပါပေ၏။

**ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိဂုဏ်တော်**

၆။ ဝိညူဟိ၊ ပညာရှိသူ ရှင် လူ အပေါင်း သူတော်ကောင်းတို့ သည်။ ပစ္စတ္တံ၊ အသီးအသီးသော မိမိတို့သန္တာန်၌။ ဝေဒိတဗ္ဗော၊ ချမ်းသာလေစွ ကောင်းလေစွဟု ကာယစိတ္တ သုခ နှစ်ပြင် ထင်ထင် လျှားလျှား ခံစားသိမြင်အပ်သော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံ တော်မူပါပေ၏။

တံ၊ ထိုသွာက္ခာတ အစ ဝေဒိတဗ္ဗောအဆုံး ဘဝဂ်ချုံးမျှ ဘုန်း ရှိန်ကြီးမား ဂုဏ်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ္တိ ဟုဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကို။ အဟံ၊ ကေသာ လောမ စသည်စုဝေး ပြည့် သွေးပြည့်နှက် မြေညက် အလောင်း ရွှံဘွယ်ကောင်းသည် အပေါင်း မှန်စွာ ခန္ဓာ အာယတန ဓာတ်စုမျှကို အတ္တမှည့်ခေါ် ဘုရားတပည့် တော်သည်။ နမေ နမာမိ၊ ဘယလာဘ ဂုလ စာရ မိစ္ဆာဒိဋ္ဌိ မသိ မောဟ ကင်းစင်ပလျက် လောကဝှန်ခြောက် ဂုဏ်တလျောက်ကို

အောက်မေ့သဖြင့် အသင့်နှလုံး ဆို့ပိတ်ဖုံးလျက် သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆွမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

—း၀း—

# သံဃာဂုဏ်တော် ၉ ပါး

## ပါဠိအနက်

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

### သုပ္ပဋိပန္နဂုဏ်တော်

၁။ ဘဂဝတော၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏။ သာဝကသံဃော၊ ကလျာဏပုထုဇန် သီလဝန် ပညာဝန်အရှင်မွန်အရှင်မြတ်တို့နှင့်တကွသော အရိယာရှစ်ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ သုပ္ပဋိပန္နော၊ အမိသီလ အမိစိတ္တ အမိပညာ သိက္ခာသုံးရပ် လွန်ကောင်းမြတ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

### ဥဇုပ္ပဋိပန္နဂုဏ်တော်

၂။ ဘဂဝတော၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏။ သာဝကသံဃော၊ ကလျာဏပုထုဇန် သီလဝန် ပညာဝန် အရှင်မွန် အရှင်မြတ်တို့နှင့် တကွသော အရိယာရှစ်ပါး တပည့်သား သံဃာတော်

မြတ် အပေါင်းသည်။ ဥဇုပ္ပဋိပန္နော၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် လွန်ဖြောင့်မတ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

## ဉာယပ္ပဋိပန္နဂုဏ်တော်

၃။ ဘဂဝတော၊မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏။သာဝကသံဃော၊ ကလျာဏပုထုဇဉ်န် သီလဝန် ပညာဝန် အရှင်မွန် အရှင်မြတ်တို့နှင့် တကွသော အရိယာရှစ်ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ဉာယပ္ပဋိပန္နော၊အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် လွန်သင့်မြတ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

## သာမိစိပ္ပဋိပန္နဂုဏ်တော်

၄။ ဘဂဝတော၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏။ သာဝကသံဃော၊ ကလျာဏပုထုဇဉ်န် သီလဝန် ပညာဝန် အရှင်မွန် အရှင်မြတ်တို့နှင့် တကွသော အရိယာရှစ်ပါး သံဃာတော်မြတ် အပေါင်းသည်။ သာမိစိပ္ပဋိပန္နော၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် ရိုသေအပ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

ယဒိဒံယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ၊အကြင်လေးယောက်သော ယောကျာ်းမြတ် အစုံတို့သည်။ သန္တိ၊ ရှိကုန်၏။ ယဒိဒံ ယေ ဣမေ အဋ္ဌပုရိသပုဂ္ဂလာ၊ အကြင် အသီးအသီး ရှစ်ယောက်သော ယောကျာ်းမြတ်ပုဂ္ဂိုလ်တို့သည်။ သန္တိ၊ရှိကုန်၏။ သေသော သာဝကသံဃော၊ ဤလေးစုံ ရှစ်ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။

## အာဟုနေယျဂုဏ်တော်

၅။ အာဟုနေယျော၊ အဝေးမှဆောင်၍သီလဝန္တပုဂ္ဂိုလ်တို့အား ပေးအပ်သော အလှူဝတ္ထုမျိုးကို ခံယူခြင်းငှါ ထိုက်တန်စွာသော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံတော်မူပါပေ၏။

## ပါဟုနေယျဂုဏ်တော်

၆။ ပါဟုနေယျော၊ အထူးထူးသော အရပ်မှ လာကုန်သော ချစ်နှစ်လိုအပ်သော ဧည့်သည်တို့ အကျိုးငှါ ရှိသေစွာ စီရင်အပ်သော အလှူဝတ္ထုမျိုးကို ခံယူခြင်းငှါ ထိုက်တန်စွာသော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံတော်မူပါပေ၏။

## ဒက္ခိဏေယျဂုဏ်တော်

၇။ ဒက္ခိဏေယျော၊ နောက်နောက်ဘဝ အကျိုးရဘို့ ပျိုးချတိုလတ် မြတ်သောအလှူဝတ္ထုမျိုးကို ခံယူခြင်းငှါ ထိုက်တန်စွာသော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံတော်မူပါပေ၏။

## အဉ္ဇလိကရဏီယဂုဏ်တော်

၈။ အဉ္ဇလိကရဏီယော၊ ကောင်းမှုကို အလိုရှိသောသူတို့၏ လက်အုပ်ချီခြင်းကို ခံယူခြင်းငှါ ထိုက်တန်စွာသော ဂုဏ်ကျေးဇူး အထူးနှင့် ပြည့်စုံတော် မူပါပေ၏။

## အနုတ္တရံပုညက္ခေတ္တဂုဏ်တော်

၉။ လောကဿ၊ သတ္တလောက တဝှမ်းလုံး၏။ အနုတ္တရံ၊ အတုမရှိမြင့်မြတ်သော။ ပုညက္ခေတ္တံ၊ ကောင်းမှု တည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာ လယ်ဘာ မြေကောင်းသဘွယ် ဖြစ်တော်မူပါပေ၏။

တံ၊ ထိုသုပ္ပဋိပန္နအစ ပုညက္ခေတ္တံအဆုံး ဘဝဂ်ချုံးမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူသော ကလျာဏပုထုဇန် သီလဝန် ပညာဝန် အရှင်မွန် အရှင်မြတ်တို့နှင့် တကွသော အရိယာရှစ်ပါး တပည့်သား သံဃာတော်မြတ်အပေါင်းကို။ အဟံ၊ ကေသာ လောမ စသည်စုဝေး ပြည်သွေး ပြည့်နှက် မြေညက်အလောင်း ရွံဘွယ်ကောင်းသည့် အပေါင်းမှန်စွာ ခန္ဓာ အာယတန ဓာတ်စုမျှကို အတ္တမှည့်ခေါ် ဘုရားတပည့်တော်သည်။ နမေနမာမိ၊ ဘယလာဘ ကုလ စာရာ မိစ္ဆာဒိဋ္ဌိ မသိမောဟ ကင်းစင်ပလျက် လောကဝှန်ခြောက် ဂုဏ်တလျှောက်ကို အောက်မေ့သဖြင့် အသင့်နှလုံး ဆို ပိတ်ဖုံးလျက် သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆွမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

**မှာထားချက်**—အကျယ်ကိုအလိုရှိပါက လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသော **သာသနသမ္ပတ္တိဒီပနီ** ကျမ်းကြီးကို ကြည့်ကြပါ။

ဘုရားရှိခိုး ပြီး၏။

—ႏဝႏ—

# တရားသင်နည်း-ဆွေးနွေးနည်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အာရုံ အာရုံမှတ်ကြောင်းနည်း အမေး အဖြေ

စက္ခုအကြည်၊ သောတအကြည်၊ ဃာနအကြည်၊ ဇိဝှါအကြည်၊ ကာယအကြည်၊ မနောအကြည်။

**မေး** စက္ခုအကြည်မှာ ဘယ်အာရုံထင်သလဲ။
**ဖြေ** ရူပါရုံ ထင်ပါသည်။
**မေး** ရူပါရုံထင်သောအခါ ဘယ်ဝိညာဏ်ပေါ်သလဲ။
**ဖြေ** စက္ခုဝိညာဏ်ပေါ်ပါသည်။
**မေး** စက္ခုဝိညာဏ်ပေါ်သောအခါ အာရုံက ဘယ်တရားလဲ။
**ဖြေ** ရူပါရုံ ဖြစ်ပါသည်။
**မေး** အာရမ္မဏိက က ဘယ်တရားလဲ။
**ဖြေ** စက္ခုဝိညာဏ်ဖြစ်ပါသည်။

သောတ သဒ္ဒါရုံ၊ဃာန ဂန္ဓာရုံ၊ဇိဝှါ ရသာရုံ၊ ကာယ ဖောဋ္ဌဗ္ဗာရုံ၊ မနောဝိညာဏ် ဓမ္မာရုံ။

**မှာထားချက်**—စက္ခုအကြည်ပြထားသော သဘောအတိုင်း ကျန်ဒွါရများကို ယူပါလေ။

—:o:—

## စက္ခုအကြည် စုံစေ့အောင်မှီနည်း အမေး အဖြေ

**မေး** စက္ခုအကြည်သည် ဘယ်ကိုမှီ၍ ဖြစ်သလဲ။
**ဖြေ** မျက်လုံးအိမ်တွင်းမှာ မှီ၍ဖြစ်ပါသည်။

| | |
|---|---|
| သောတအကြည် | နားအိမ်တွင်း။ |
| ဃာနအကြည် | နှာခေါင်း။ |
| ဇိဝှါအကြည် | လျှာအလည်မှာ။ |
| ကာယအကြည် | ခြေသည်း လက်သည်း။ |

သွား ဆံဖျားကို ချန်လှပ်၍ အတွင်း အပြင်မလပ် တကိုယ်လုံး အနှံ့မှီ၍ဖြစ်ပါသည်။

| | |
|---|---|
| မနောအကြည် | နှလုံးအိမ်တွင်း။ |

## ပညတ် ပရမတ် ခွဲနည်း

လူထင်လို့ ကြည့်သောအခါ အဆင်းကိုသာ မြင်ပါသည် ၎င်းအဆင်းက ရူပါရုံ။

လူထင်လို့ တီးကြည့်သောအခါ အသံကိုသာ ကြားရပါသည် ၎င်းအသံက သဒ္ဒါရုံ။

လူထင်လို့ နမ်းကြည့်သောအခါ အနံ့ကိုသာ နမ်းမိပါသည် ၎င်းအနံ့က ဂန္ဓာရုံ။

လူထင်လို့ လျက်ကြည့်သောအခါ အရသာကိုသာ တွေ့ရပါသည် ၎င်းအရသာက ရသာရုံ။

လူထင်လို့ စမ်းကြည့်သောအခါ မာသဘော နူးညံ့သဘောကိုသာ တွေ့ပါသည် ၎င်းမာသဘော နူးညံ့သဘောက ဖောဋ္ဌဗ္ဗာရုံ။

လူ့ပုံ လူဟန် လူသဏ္ဌာန်က အဟုတ်မရှိတဲ့ အတ္တပညတ် မေ့ာရုံ။

အဟုတ်မရှိ သမုတ်ရှိကို ပညတ်ဆို မသမုတ်ဘဲ အဟုတ်ရှိလတ် ပရမတ် ပညတ်ပေါ် -ပရမတ်ငုတ် ပရမတ်ပေါ် -ပညတ်ပျောက်။

—း၀း—

## အကျိုးအကြောင်းခွဲနည်း အမေးအဖြေ

မေး စက္ခုဝိညာဉ်သည် အကြောင်းတရားလား အကျိုးတရားလား။

ဖြေ အကျိုးတရားဖြစ်ပါသည်။

မေး အကြောင်းက ဘယ်တရားလဲ။

ဖြေ စက္ခုပသာဒရုပ်နှင့်ရူပါရုံဖြစ်ပါသည်။ " သောတဝိညာဉ်နှင့် သဒ္ဒါ၊ ဃာနဝိညာဉ်နှင့် ဂန္ဓာ၊ ဇိဝှါဝိညာဉ်နှင့်ရသ၊ ကာယဝိညာဉ်နှင့် ဖောဋ္ဌဗ္ဗ "။

မေး မနောဝိညာဉ်သည် အကြောင်းတရားလား အကျိုးတရား လား။

ဖြေ အကျိုးတရားဖြစ်ပါသည်။

မေး အကြောင်းက ဘယ်တရားလဲ။

ဖြေ မနောအကြည်နှင့် ဓမ္မာရုံ ဖြစ်ပါသည်။

ရုပ်ခေတ်တို့အစဉ် တံလျှပ်လို ဘယ်ခါတွင်မှ ဥဒယ်ဗ္ဗယ်ဉာဏ်ကာ သမ္မ ဇဉာဏ်ရယ်နှင့် ဒဿနာ ကေန္တကိုလ မြင်ရမယ်လို့။

—း၀း—

## လေးဝိတ်ခွဲနည်း အမေး အဖြေ

မေး လူဆိုတဲ့ အမည်က ဘာနာမ်လဲ။

ဖြေ သမုတိနာမ်ဖြစ်ပါသည်။

မေး လူ့ ပုံဟန်သဏ္ဌာန်က ဘာအနက်လဲ။

ဖြေ သမုတိအနက် ဖြစ်ပါသည်။

မေး လူထင်လို့ကြည့်သောအခါ ဘာသဘောကို တွေ့သလဲ။

ဖြေ အဆင်းသဘောကို တွေ့ပါသည်။

မေး ၎င်းအဆင်းက ဘာအနက်လဲ။

ဖြေ ပရမတ်အနက် ဖြစ်ပါသည်။

မေး အဆင်းသဘောရဲ့အမည် ဝဏ္ဏက ဘာနာမ်လဲ။

ဖြေ ပရမတ်နာမ် ဖြစ်ပါသည်။

မေး ကောင်းမကောင်းက ဘာအနက်လဲ။

ဖြေ ပရမတ်အနက် ဖြစ်ပါသည်။

မေး ကောင်း မကောင်းရဲ့ အမည်ဝေဒနာက ဘာနာမ်လဲ။

ဖြေ ပရမတ်နာမ် ဖြစ်ပါသည်။

မေး လူဆိုတဲ့ အမည်က ထင်ရှားရှိတဲ့ တရား၏အမည်လား ထင်ရှားမရှိတဲ့ တရား၏အမည်လား။

ဖြေ ထင်ရှားမရှိတဲ့ တရား၏ အမည်ဖြစ်ပါသည်။

မေး ဝဏ္ဏဆိုတဲ့ အမည်က ထင်ရှားရှိတဲ့တရား၏ အမည်လား ထင်ရှားမရှိတဲ့ တရား၏အမည်လား။

ဖြေ ထင်ရှားရှိတဲ့ တရား၏ အမည်ဖြစ်ပါသည်။

မေး ဝေဒနာဆိုတဲ့ အမည်က ထင်ရှားရှိတဲ့ တရား၏ အမည်လား ထင်ရှားမရှိတဲ့ တရား၏ အမည်လား။

ဖြေ ထင်ရှားရှိတဲ့ တရား၏ အမည်ဖြစ်ပါသည်။

မေး လူကိုကြည့်မြင်သောအခါ ဘယ်အနက်နှင့် ကြည့်ရမည်လဲ။

ဖြေ သမုတိအနက်နှင့် ကြည့်ရပါသည်။

မေး အနိစ္စတရားကို ဆင်ခြင်သောအခါ ဘယ်အနက်နှင့်ကြည့်၍ ဆင်ခြင်ရမည်လဲ။

ဖြေ ပရမတ်အနက်နှင့် ကြည့်၍ဆင်ခြင်ရပါသည်။

နာမ်စိတ်ဘို့အစဉ်၊ မှန်ရိပ်လိုဘယ်ခါတွင်မှ၊ ဉာဏ်ယှဉ်
ကာ သမ္မာဒိဋ္ဌိရယ်နှင့်၊ဒဿနာကေန္တကိုလ မြင်ရမယ်လို့။ ။
အသွင်ငယ်တူ၊ အရင်မူ ဘယ်မပျက်ပါလ၊ သဘောဉာဏ်
ပြောရန်ခက်ပါဘိ စိတ်ထဲတွင်သုံး။

—း၀း—

## အဝိဇ္ဇာပျောက်အောင်ရှေးဦးစွာအားထုတ်ပုံ

မေး ငရဲ ဘာကြောင့်ကျ။

ဖြေ အကုသိုလ်ကံကြောင့်ကျ။

မေး အကုသိုလ်ကံ ဘာကြောင့်ဖြစ်။

ဖြေ သက္ကာယဒိဋ္ဌိကြောင့်ဖြစ်။
မေး သက္ကာယဒိဋ္ဌိ ဘာကြောင့်စွဲ။
ဖြေ အနတ္တအချက်ကို ဖုံးလွှမ်းသော အဝိဇ္ဇာကြောင့်စွဲ။
မေး အနတ္တအချက်ကို ဖုံးလွှမ်းသော အဝိဇ္ဇာ ဘာ့ကြောင့်ဖြစ်။
ဖြေ ဒုက္ခ အချက်ကို ဖုံးလွှမ်းသော အဝိဇ္ဇာကြောင့်ဖြစ်။
မေး ဒုက္ခအချက်ကို ဖုံးလွှမ်းသော အဝိဇ္ဇာ ဘာကြောင့်ဖြစ်။
ဖြေ အနိစ္စအချက်ကို ဖုံးလွှမ်းသော အဝိဇ္ဇာကြောင့်ဖြစ်။
မေး အနိစ္စအချက်ကို ဖုံးလွှမ်းသော အဝိဇ္ဇာပျောက်အောင် ဘာကို အားထုတ်ရမှာလဲ။
ဖြေ မသိတာကို သိအောင် အားထုတ်။
မေး ဘာမသိတာကို သိအောင် အားထုတ်ရမှာလဲ။
ဖြေ မမြဲတာကို သိအောင် အားထုတ်။
မေး ဘာမမြဲတာကို သိအောင် အားထုတ်ရမှာလဲ။
ဖြေ ရုပ်,နာမ် မမြဲတာကို သိအောင် အားထုတ်။
မေး ရုပ်,နာမ် မမြဲတာကို သိအောင် ရှေးဦးစွာ ဘာကို အားထုတ်ရမှာလဲ။
ဖြေ ပညတ်, ပရမတ်ကို သိအောင် အားထုတ်။

—းဝး—

## အကြောင်းအကျိုး အမေးအဖြေ

မေး ခေတ်ရှစ်ပါးနှင့်တကွ စက္ခုပသာဒစသော ရုပ်အပေါင်းတို့သည် အကြောင်းတရားလား အကျိုးတရားလား။
ဖြေ အကျိုးတရားဖြစ်ပါသည်။
မေး အကြောင်းတရားက ဘယ်တရားလဲ။

ဖြေ ကံ,စိတ်,ဥတု,အာဟာရ လေးပါးဖြစ်ပါသည်။
"သောတ, ဃာန,ဇိဝှါ,ကာယ"။

မေး ခတ်ရှစ်ပါးနှင့် တကွ ဟာဒယဝတ္ထု စသော ရုပ်အပေါင်းတို့သည် အကြောင်းတရားလား အကျိုးတရားလား။

ဖြေ အကျိုးတရား ဖြစ်ပါသည်။

မေး အကြောင်းတရားက ဘယ်တရားလဲ။

ဖြေ ကံ,စိတ်,ဥတု,အာဟာရ လေးပါးဖြစ်ပါသည်။

—း၀း—

## အဆင်းကို မြင်ဆဲအခါ

မေး အဆင်းကို မြင်ဆဲအခါ ငါမြင်တာလား ရုပ်, နာမ် ပေါ်တာလား။

ဖြေ ရုပ်,နာမ် ပေါ်ပါသည်။

မေး ဘာရုပ်နှင့် ဘာနာမ် ပေါ်ပါသလဲ။

ဖြေ စက္ခုပသာဒရုပ်နှင့် စက္ခုဝိညာဉ်နာမ် ပေါ်ပါသည်။ပ။အသံကို အနံ့ကို အရသာကို မာတာ နူးညံ့တာကို သောတ ဃာန ဇိဝှါ ကာယ။

မေး မဟာမြတ်မုနိဘုရား ဖူးခြင်သောအခါ ငါက ဖူးခြင်တာလား ရုပ်,နာမ်ပေါ်တာလား။

ဖြေ ရုပ်,နာမ် ပေါ်ပါသည်ဘုရား။

မေး ဘာရုပ်နှင့် ဘာနာမ် ပေါ်တာလဲ။

ဖြေ ဟာဒယဝတ္ထုရုပ်နှင့် မနောဝိညာဉ်နာမ် ပေါ်ပါသည်။

သာသနာ့သမ္မာဒိဋ္ဌိ တရားရှိ သိမြင်လျှင် ဘုရားရှင် ဂုဏ်ရောင် ထူးကို ပညာမြင် ပြောင်ပြောင်နှင့် ကြောင်ကြောင်ကြီး သဘာဝ ထူးသမျှ စူးယှ၍ ဖူးကြရပေသည်။ ဖူးရဆိုသည်မှာ ပရမတ်ထူး မြတ်ကို ပရမတ်ထူးလတ်က ယူဟပ်မှုမျှ အာရုံ, အာရမ္မဏိက သဘာ ဝချင်း သဘာဝ ပေါင်းဆုံမှုမျှ သဘာဝကို ဖူးရဆိုသည်။

—းဝး—

## ရုပ်ရိုပ် နာမ်ရိုပ် အမေးအဖြေ

**မေး** ခါတ်ရှစ်ပါး သဘာဝကလေးတွေ များစွာစုပေါင်းနေလျှင် ဘာသဏ္ဌာန်တွေ ဖြစ်ပေါ်ပါသလဲ။

**ဖြေ** ပဉ္စမ ရုပ်ရိုပ်လို့ခေါ်တဲ့ အရိပ်သဏ္ဌာန်တွေ ဖြစ်ပေါ်ပါသည်။

**မေး** ဤအရိပ်သဏ္ဌာန်တို့ကို စက္ခုဝိညာဉ်ဖြင့် သိနိုင်ပါသလား။

**ဖြေ** မသိနိုင်ပါ။

**မေး** ဤအရိပ်သဏ္ဌာန်တို့ကို ဘယ်ဝိညာဉ်ဖြင့် သိနိုင်ပါသလဲ။

**ဖြေ** မနောဝိညာဉ်ဖြင့် သိနိုင်ပါသည်။

**မေး** ခါတ်ကြီးလေးသွယ် ခါတ်ငယ်လေးပါး ရုပ်တရားတို့သည် ပရမတ်လား ပညတ်လား။

**ဖြေ** ပရမတ်ဖြစ်ပါသည်။

**မေး** အရိပ်သဏ္ဌာန်တို့သည် ပရမတ်လား ပညတ်လား။

**ဖြေ** ပညတ်ဖြစ်ပါသည်။

**မေး** ပရမတ်ကို အာရုံမပြုသောအခါ ဘာသဏ္ဌာန်တွေ ဖြစ်ပေါ်ပါ သလဲ။

**ဖြေ** ဆံပင်သဏ္ဌာန် ဥက္ကောင်းသဏ္ဌာန် လက်သဏ္ဌာန် ခြေသဏ္ဌာန် စသည်ဖြင့် မရေမတွက်နိုင်သော အရိပ်သဏ္ဌာန်ကို အဟုတ် အရှိကြီး ထင်နေပါသည်။

မေး ပရမတ်ကို အာရုံပြုသောအခါ ဘာသဏ္ဍာန်တွေ ပျောက်ကွယ်သလဲ။

ဖြေ ဆံပင်သဏ္ဍာန် ဥက္ကောင်းသဏ္ဍာန် လက်သဏ္ဍာန် ခြေသဏ္ဍာန် အစရှိသည်ဖြင့် မရေမတွက်နိုင်သော သဏ္ဍာန်တို့သည် ဓာတ်ရှစ်ပါးထဲ၌ မရှိခြင်းကြောင့် ပျောက်ကွယ်ပါသည်။

—:o:—

## ရုပ် နာမ်ခွဲနည်း အမေးအဖြေ

မေး အဆင်းကို မြင်ဆဲအခါ ငါက မြင်တာလား ရုပ်,နာမ် ပေါ်တာလား။

ဖြေ ရုပ်,နာမ်ပေါ်ပါသည်။

မေး ပေါ်ပုံကိုပြောပြပါ။

ဖြေ စက္ခုပသာဒရုပ်နှင့် စက္ခုဝိညာဏ် နာမ်ပေါ်ပါသည်၊ အသံကို ကြားဆဲအခါ အနံ့ကိုနံဆဲအခါ အရသာကို တွေ့ဆဲအခါ မာတာ နူးညံ့တာ တွေ့ဆဲအခါ။

မေး ဘုရားကို အာရုံပြုသောအခါ ငါကပြုတာလား ရုပ်,နာမ် ပေါ်တာလား။

ဖြေ ရုပ်,နာမ်ပေါ်ပါသည်။

မေး ပေါ်ပုံကို ပြောပြပါ။

ဖြေ ဟဒယဝတ္ထုရုပ်နှင့် မနောဝိညာဏ်ပေါ်ပါသည်။

—:o:—

## သမုဒယသစ္စာ အကြောင်းအားဖြင့် ခေါ်ဆိုပုံ

မေး ဤခန္ဓာငါးပါး တရားတို့သည် မြဲသောတရားလား မမြဲသော တရားလား။

ဖြေ မမြဲသောတရားဖြစ်ပါသည်။
မေး ဤမမြဲသောတရားသည် ဆင်းရဲသော တရားလား ချမ်းသာသောတရားလား။
ဖြေ ဆင်းရဲသောတရားဖြစ်ပါသည်။
မေး ဤမမြဲသောတရား ဆင်းရဲသော တရားသည် အနှစ်သာရရှိပါသလား။
ဖြေ မရှိနိုင်ပါ။
မေး ဤမမြဲသောတရား ဆင်းရဲသောတရားသည် ပိုင်သူ ဆိုင်သူ ရှိနိုင်သလား။
ဖြေ မရှိနိုင်ပါ။
မေး ဤမမြဲသောတရား ဆင်းရဲသောတရားသည် သတ္တဝါအလိုသို့ လိုက်နိုင်ပါ့မလား ဤမမြဲသောတရား ဆင်းရဲသောတရားကို ငါဟု စွဲယူခြင်းငှါ ထိုက်နိုင်ပါ့မလား။
ဖြေ မထိုက်နိုင်ပါ။
မေး ခန္ဓာငါးပါး၏ အနိစ္စ အချက်ကို တကယ်မြင်လျှင် သမုတိသစ္စာအားဖြင့် ဘာပန်ခေါ်သလဲ။
ဖြေ မဟာသောတာပန် ခေါ်ပါသည်။
မေး မဟာသောတာပန်ဖြစ်လျှင် ဘယ်ဒုက္ခငြိမ်းသလဲ။
ဖြေ အပါယ်သံသရာကြီး၌ အဖြစ်ငြိမ်း၍ ဇာတ်သိမ်းပါသည်။

—း၀း—

## ခန္ဓာငါးပါးခွဲနည်း အမေးအဖြေ

မေး အဆင်းကိုမြင်ဆဲအခါ ငါက မြင်တာလား ခန္ဓာငါးပါးပေါ်တာလား။

**ဖြေ** ခန္ဓာငါးပါး ပေါ်ပါသည်။

**မေး** ပေါ်ပုံကို ပြောပြပါ။

**ဖြေ** စက္ခုပသာဒရုပ်က ရူပက္ခန္ဓာ၊ အဆင်းအမျိုးမျိုးကို သိတာက စက္ခုဝိညာဏ် ဝိညာဏက္ခန္ဓာ၊ ဤဝိညာဏ်၌မှီ၍ဖြစ်သော ဝေဒနာက ဝေဒနာက္ခန္ဓာ၊ သညာက သညာက္ခန္ဓာ၊ စေတနာက သင်္ခါရက္ခန္ဓာ၊ အသံကိုကြားဆဲအခါ အနံ့ကိုနံဆဲအခါ အရသာကို တွေ့ဆဲအခါ မာတာ နူးညံ့တာ တွေ့ဆဲအခါ။

**မေး** ဘုရားကို အာရုံပြုသောအခါ ငါက ပြုတာလား ခန္ဓာငါးပါး ပေါ်တာလား။

**ဖြေ** ခန္ဓာငါးပါး ပေါ်ပါသည်။

**မေး** ပေါ်ပုံကို ပြောပြပါ။

**ဖြေ** ဟဒယဝတ္ထုရုပ်က ရူပက္ခန္ဓာ၊ ဘုရားဂုဏ်တော်ဒြပ်တော်ကို အာရုံပြုတာက မနောဝိညာဏ် ဝိညာဏက္ခန္ဓာ၊ ဤဝိညာဏ်၌ မှီ၍ဖြစ်သော ဝေဒနာက ဝေဒနာက္ခန္ဓာ၊ သညာက သညာက္ခန္ဓာ၊ စေတနာက သင်္ခါရက္ခန္ဓာ။

## ဆောင်ပုဒ်

လွမ်းတ သူမှာ၊စိတ်သညာသွေး၊စိတ်ဆောင်ပေး၍၊တရေးရေး၊ ထင်မိ မြင်မိ၊ ကြောင်ကြောင်ရှိအသွင်၊ စိတ်အထင်မျှသာတည်း။

ပရမတ် အရိပ်နှင့်၊ ပညတ်အရိပ်၊ ထင် နိမိတ်ကလည်း၊ မီးနှင့် မီးရောင်၊ နည်းသဘွယ်၊ သမုတိနယ်၊ လောက လယ်မှာ၊ တကယ် လည်းဟုတ်၏ မှန်၏။

ပညာ၏ရှေ့၊ သညာဆောင်မှု၊ ဝိဇ္ဇာရောင် အာလောက ဉာဏ် အလင်း ရကြပါစေသောဝ်။

# သံဝေဂ ဇု ပုဒ်

၁။ သုသာန်တစ၊ သင်းချိုင်းကျသော်၊ ညှိစော်ပုပ်ဟောင် ဖူးဖူးယောင်၍၊ လူ့ဘောင်စွန့်ပယ်၊ ရှိဘွယ်စက်ဆုပ်၊ သူတော်ပုပ်ကို၊ နမ်းရှုပ်ကိုက်ခဲ၊ အစာမြဲသည်၊ တောထဲပျော်ရိုး၊ တောခွေးမျိုးတို့၊ ပုပ်သိုးယုတ်မာ၊ ညှိနံ့စွာနှင့်၊ ကေသာလောမ၊ မွေးညှင်းစသား၊ အူမ အူသိမ်၊ ဘင်အိမ်မကာ၊ ရွရွကြိကြိ၊ ပိုးအတိနှင့်၊ အရိအရွဲ၊ နုပ်ချွဲ ပြစ်ပြစ်၊ စာသစ်စာဟောင်း၊မြင်မကောင်းအောင်၊ဟောင်းလောင်း အဝ၊ ကိုးဒွါရမှ၊ စီးကျယိုယို၊ တစိုစိုလျှင်၊ ဤကိုယ်ညစ်ကျု၊ ပုပ်သိုး စုကို၊ အသုဘစစ်၊ ဉာဏ်မလှစ်၍၊ အပြစ်မမြင်၊ ဖုံးပိတ်ပင်လျက်၊လင် နှင့်မယား၊ သားနှင့်သမီး၊ ချစ်မညီးဟု၊ ချစ်ကြီးချစ်မူ၊ ချစ်တိုးပွား၍၊ ချစ်စုနှစ်ပုံ၊ နှုတ်ဝယ်ငုံမျှ၊ စုံစုံမက်မက်၊ ပိုက်ဖက်တွဲမှီ၊ ကြည်သည် နှလုံး၊ တပြုံးပြုံးနှင့်၊ မဆုံးချစ်စ၊ မွေ့လျော်ကြသည်၊ မိုက်စ မတုံး ကြလေ၏တကား။

၂။ မိုက်စ ရှင်ရှင်၊ ပုထုဇဉ်လမ်း၊ သဘောတမ်းဖြင့်၊ညစ်ညမ်း ယုတ်မာ၊ တဏှာ ရှင်ပြုံး၊ ထွေးလုံးရစ်ပတ်၊ မပြတ်မစဲ၊ဖြစ်မြဲစိတ်တို့၊ ပိတ်ဆို့မနိုင်၊ တယိုင်ယိုင်နှင့်၊ ဇက်ကိုင်လိုက်ပြီး၊ မြင်းကြမ်းစီးသို့၊ ခရီးမဆုံး၊လမ်းမတုံးဘဲ၊ နိဂုံးမသတ်၊တပတ်ရစ်ရစ်၊ ဖြစ်ဖြစ်သေသေ၊ အနေမတည်၊ လူ့ပြည် ပါယ်လေး၊ ရောက်ရာပြေးသည်၊ ဝဋ်ဘေး ရှည်ကြာ လှ၏တကား။

၃။ မောဟမိုက်စွာ၊မသိပါ၍၊တဏှာလုံးပိုး၊ နေ့တိုင်းတိုးလျက်၊ ကြောင်းကျိုးနှစ်ခု၊ ကောင်းဆိုးမှုကို၊ မရှုမမြင်၊ မဆင်ခြင်ဘဲ၊ မိုက် အားသဲဘိ၊ မည်သည်နာမ၊မောင်ဗာလ မယ်ဗာလ၊မောဟမှုးရစ်၊

သင့်အဖြစ်ကို၊ လက်ဖြစ်တီး၍၊ အံ့ချီးသြဘွယ်၊ လူဝယ်ပျော်ရေး၊ ကာလသွေး၍၊ ခေါင်းမွေးဆံပင်၊ ဖွေးဖွေးထင်အောင်၊သို့စဥ်မေ့မူး၊ အလေ့ကြူးသည်၊ ပျော်မြူးလွန်တော့ လွန်လွန်းတည်း။

၄။ ငါ့အိမ် ငါ့ယာ၊ ငါ့ဥစ္စာနှင့်၊ ငါငါ ငါ့ကိုယ်၊ အဆိုအထင်၊ အမြင်မသိ၊ မရှိလက်လွတ်၊ အိမ်ရာဝင့်ရှိ၍၊ ခွေးငတ်ရိုးခဲ၊ လွတ်နိုင်ဘဲ လျှင်၊ ချင့်ရဲမပြေ၊ တပေပေပင်၊ တရှင်ရှင်နှင့်၊ မစင်ညစ်ကြေး၊ ရှုံ့ ညွန်စေး၍၊ ဝက်နှယ်မိုက်၍၊ လူ၌ညွန်ဆိုင်၊ ကိလေအိုင်မှာ၊ ခွါနိုင်ရှာ ဘူး၊ ပျော်ခါမြူးလျက်၊ ခေါင်းထက်သေမင်း၊ နင်း၍ဆံဖြူ၊ အလံထူ အောင်၊ ငယ်မူငယ်ရာ၊ မပယ်ပါဘဲ၊ ပညာနဲလျက်၊ လောဘတက်၍၊ မက်မက်မောမော၊တဏှာပြောသည်၊လိုက်ရောလွန်တော့ လွန်လွန်း တည်း။

၅။ ရှမ်းရော်မှည့်ပြီး၊ ကြွေလုနီးတဲ့၊ သစ်သီးသဖွယ်၊ အသက် အရွယ်၊ လေးဆယ်ကျော်ပြီး၊ သေလုနီးတဲ့၊ ဟိုလူကြီးရယ်၊ ဟိုမိန်းမ ကြီးရယ်၊သား သမီးနှင့်၊ပစ္စည်းညွန်ဆိုင်၊ကိလေအိုင်မှာ၊ခွါနိုင်ရှာဘူး၊ ပျော်ခါမြူးလျက်၊ခေါင်းထက်သေမင်း၊နင်း၍ဆံဖြူ၊အလံထူအောင်၊ ငယ်မူငယ်ရာ၊ မပယ်ပါဘဲ၊ ပညာနဲလျက်၊ လောဘတက်၍၊ မက်မက် မောမော၊ တဏှာပြောသည်၊ လိုက်ရောလွန်တော့ လွန်လွန်းတည်း။

၆။ ခြူးအံ့ဇာပြောက်၊လက်ကောက်ဆံကျင်၊ အလှဆင်လည်း၊ အထင်မပြု၊ ရုပ်သေးထုသို့၊ လေးခုသောဓာတ်၊ ပေါင်းဖွဲ့လပ်၍၊ သတ္တဇီဝါ၊ ငါသူတပါး၊ လားလားမရှိ၊ မျက်စိတလစ်၊ လက်တပြစ် ထဲ၊ သေးဖွဲ့သိမ်နုပ်၊ ခါခါချုပ်သည်၊ ဘူတရုပ်ပေါင်း၊ မသာလောင်း က၊ ကောင်းမြတ်လှစွာ၊ အဝတ်ဟာ၊ ငါ့မှာဖုံးလွှမ်း၊ မသိစွမ်းထ၊ အင်္ဂါကဝယ်၊ ဆိုဘွယ်မဲ့ကင်း၊ ဘုတ်ခြင်းဘုတ်တို့၊ မှိုတုံမြို့သည်၊ မည်သို့မသိကြ လေဘူးတကား။

၇။ ဘိနပ်ဆိမီး၊ ထီး တောင်ဝှေးစ၊ သုံးသမျှပင်၊ သုံးဆောင်တတ်နှင့်၊သုံးဆောင်အပ်ပါ၊ သတ္တဝါလည်း၊ငါသူတပါး၊ ယောကျ်ားမိန်းမ၊ ဇီဝမဟုတ်၊ ဘုတ်နှင့်ဘုတ်ချင်း၊ သုံးဆောင်လျဉ်းသည့်၊ ချင်းချင်းမသိကြလေဘူးတကား။

၈။ ဘင်ပုပ်စွန်းက၊ သုံးမကျသို့၊ ကာယနှင့်စပ်၊ ရပ်ရပ်ခပင်း၊ အတွင်း အပ၊ သုံးသမျှပင်၊ ခဏချက်ခြင်း၊ ယိုယွင်းပြုံးတီး၊ ပျက်စီးလေပါ၊ ဤခန္ဓာသည်၊ ပမာဘင်စု အလားတည်း။

၉။ စားသည့်အခါ၊ ဥပမာမှာ၊ ရွာဒွန်းစဏ္ဍား၊ တံခါးအထွက်၊ တစိဗွက်သို့၊ စက်ဆုပ်ဘွယ်မှန်၊ ညှီနံတံထွေး၊ ချေးညှစ်မှေးကို၊ လုံးထွေးပေါင်းစု၊ ထောင်းထုဝါးလျှင်း၊ ခွေးစားကျင်းမှာ၊ ထည့်ခွေးစာသို့၊ ရှုရာမလှ၊ မမြင်ရလို့၊ မိန့်ကြနိုင်ပါ၊အစာအိမ်ထဲ၊ဟိုထဲဤနေ့၊ စားသရွေ့ပင်၊ ဓာတ်မီးချက်က၊ ဗလဗွက်ဆူ၊ ကြိုက်ကြိုက်ဆူပွ၊ အမြှုပ်ထကာ၊ တညကြာလျှင်၊ မျက်နှာညှိုးမိုတ်၊ နှာခေါင်းပိတ်၍၊ လူဆိတ်ကွယ်ရာ၊ အိမ်သာကိုရောက်၊ ဆောင့်ကြောင့်ထိုင်ရှာ၊ ဒုတ်ကိုင်ခါနှင့်၊ ကြည့်ခါတောင်မြှောက်၊ အောက်ပေါက်ဒွါရ၊ အမာဝမှ၊ ယိုကျပြွင်းပြွင်း၊ တအင်းအင်းနှင့်၊ ညှစ်ရင်းညှစ်ရင်း၊ သက်ဆင်းကျလျော၊ အာဟာရောသည်၊ အဟောရွံဘွယ် ကောင်းစွတည်း။

—း၀း—

# အသုဘကမ္မဋ္ဌာန်းချိုး

## ၁၄–ပုဒ်

ဇေယျတု၊ ၁။ မတင့်တဲ့ မတယ်၊မွေးညှင်း ဆံပင်နှင့်၊ အရေတွင်ထူ့အပါး၊ သွားကတသွယ်၊ လက်ခြေဝယ် နှစ်ဆယ်အသည်း၊ သား တစ် ကိုးရာပ၊ ရိုးဆိုရာခြင်ဆီနှော၊ကြောထောင်ပြည့်ဘဲ။

၂။ မသင့်တဲ့ မဖွယ်၊ ညှိုသဲဆုပ်ပြင်နှင့်၊ အမွေးလျှင် သည်းနှလုံး၊ ထုံးဖွဲ့လို့တွယ်၊ အအူဝယ် ကြီးငယ်နှစ်ပါး၊ စိမ်းကြက်ကယ် အစာနှင့်၊ ဦးနှောက်ပါမြေအခဲ စွဲမှတ်လို့ထား။ "မြေခဲမျိုး-၂၀"။

၃။ သလိပ်တဲ့ သည်းခြေ၊ ပြည်သွေး အဆီနှင့်၊ ချွေးမျက်ရည် ဆီကြည်နှပ် စွဲမှတ်ကြလေ၊ အစေးတွေ လျှာရေတံထွေး၊ အဆုံး ကျင်ငယ်နှင့်၊ ၁၂ သွယ် ရေအာပေါ စောမှတ်ဘို့လေး။ " ရေမျိုး ၁၂ ပါး"။

၄။ ကာယတဲ့ ယုတ်မာ၊ ပုပ်သိုးညှီနံလို့၊ မသတီရွံဘွယ်ထုံး၊ ၃၂ ဖြာ၊ ပိုးများစွာ အိမ်သာမှန်လှ၊ ရောဂါဘေးဒဏ်နှင့်၊ ရန်ဆိုရင် သည်မှာစု တွေးရှုပါမှ။

၅။ အဝတဲ့ ကိုးဖြာ၊ ပုပ်သိုးနံစော်လို့၊ မြင်မတော်ထွေထွေစီး ကြီးတဲ့အိုင်းမာ၊ အစာမှာ ဘယ်ခါမကင်း၊ ဖုံးဖိ ကွယ်ကာလို့ အိမ် ဂေဟာ သူနာတဲ မြဲကြတသင်း။

၆။ ဘေးမျိုးထွေထွေ ငရဲ အပါယ်နှင့်၊ ကြောက်သဘွယ် ဟူ သမျှ သင်းက အခြေ၊ ဒုက္ခရဲ့ပွေ့ သေရာမှာအမြဲ၊ ဘယ်ဘေး ဘယ် ရန်နှင့်၊ ဘယ်သုသာန် မြေတစ သင်းကျမလဲ။

၇။ မိဘတဲ့မျိုးဆွေ၊အသက်ဝိညာဉ်တို့၊မကုန်ခင် သည်အတွင်း ချဉ်းကပ်ကြပေ၊ အသက်သေ ပုံသေမလွဲ၊ ရွာလုံးမသတီလို့၊ အညှီ ကောင် သည်အပုတ် ဆွဲထုတ်ကြမြဲ။

၈။ အယုတ်တဲ့အမာ၊ လောဘ ဒေါသာနှင့်၊မစ္ဆေရာ မာန်မာန သင်းက ဖြစ်လာ၊ မကောင်းစွာသည်မှာကုန်စု၊ ငရဲ ရှစ်တန်နှင့်၊ တိရစ္ဆာန် ပြိတ္တာဘွင်း ဆင်းမဲ့အမှု။

၉။ ဗာလတဲ့မိစ္ဆာ၊ မျက်စိအမြင်ကန်း မှန်းမသိရှာ၊ လူတကာ သင်းသာလှည့်စား၊ ပျက်ဘက် အကောင်ထင်လို့၊အထဲတွင်ဘွယ်စုံ မှု သင်းစုလို့ထား။

၁၀။ အသက်ကယ်တဲ့ရှိစဉ်၊ အတွင်း ပြင်ဖေါ်လို့၊ ညှီနံစော် အကုန်စု ရှုမြင်ရလျှင်၊ ကိုယ့်ကိုတွင် ကိုယ်ပင်ချင့်စား၊ ပုပ်သိုးညှီစွာနှင့်၊ ကိုယ့်ဟာကိုယ် ကိုယ်ပင်စွန့် မြင်ဝံ့လိမ့်လား။

၁၁။ အတွင်းတဲ့တခွင်၊ ပြင်ပ ထုတ်ဖေါ်လို့၊ ညှီနံစော် ဟူသမျှ ကျင်းပရရင်၊ မပုပ်ခင် ယင်တွေက ရုံး၊ လင်းတ ကျီးတွေနှင့်၊ ဘုတ် တစ္ဆေ ခွေးတွေဝိုင်း တိုင်းညံလို့အုံး။

၁၂။ အဆင်းတဲ့သဏ္ဌာန်၊ ပြုမှုဟန်ပန်နှင့်၊ ပြောဆိုသံ ထွေအပြား မှားစေဘို့ဖန်၊ မိစ္ဆာဉာဏ် ဖေါက်ပြန်ယူစွဲ၊ ဘဝရှည်ကြာလို့၊ ဉာဏ်သမာ သည်မှောင်တွင်း လင်းတဲ့နိုင်ဘဲ။

၁၃။ လောဘတဲ့ငါ့ဟာ၊ မာနငါငါနှင့်၊ ခန္ဓာကိုကိုယ်ယူဘိ မှား ဒိဋ္ဌိသာ၊ ပပဉ္စာ ယုတ်မာတသင်း၊သူ့နောက် ရောင်ကာပါတဲ့၊ သတ္တာဝါ အန္ဓမွဲ မြဲလိမ့်ဝဋ္ဋတွင်း။

၁၄။ မှောင်ကြီးတဲ့ အဝိဇ္ဇာ၊ လောဘမာယာနှင့်၊ ဝိပလ္လာ ၁၂ ပါး မှားမှောက်ဘို့ရာ၊ ဘုံသုံးဖြာ တဏှာသာအမှူး၊ ခြောက်ပါး အာရုံနှင့်၊ ကာမဂုဏ် ဝတ္ထုများ စားတဲ့ ဘီလူး။

၁၅။ အန္ဓနှင့် ပုထုဇဉ်၊ မိုက်မဲမှေးထူတဲ့၊ သုံးဘုံသူလူတရိုး စိုးရ သခင်၊ တဏှာလျှင် အရှင်မှန်ဘိ၊ သဘောက်ကျွန်မှန်တဲ့ ပုထုဇဉ်အန္ဓ များ နားကွက်မရှိ။

—း၀း—

# အနိစ္စချိုး ရှစ်ပုဒ်

၁။ ကာယတဲ့ရုပ်နာမ်၊ ယုတ်မြုတ် ကြီးငယ်နှင့်၊ အသွယ်သွယ် ဘုံဘဝ များလှ တန်တန်၊ အပြန်ပြန် ဖန်ဖန်တလဲ၊ အဟောင်း ခါခါ ကြွေလို့၊အထွေထွေ ခန္ဓာသစ် လဲဖြစ်ရမြဲ။

၂။ အရိုးတဲ့ကြီးငယ်၊ အားလုံးစုပုံက၊ ဘဝဂ်ဘုံမဆန့်ငြား များ ပါလိမ့်မယ်၊ မျက်ရည်ဝယ် ငါးသွယ်မြစ်ကြီး၊သမုဒ်ရေလေးဖြာနှင့် မြစ် ငါးရာ ရေတနဲ့ စွဲမှတ်အပြီး ။

၃။ ဇာတိတဲ့ သန္ဓေ၊ ဟောင်းနွမ်းရင့်ရော်လို့၊ ရွမ်းမွဲပျော် ဆိုး လျော့ပါး အားဆုတ်ယုတ်လေ၊ ဠဗ္ဗေသားရေကုံခန်း၊ ညှိုးခြောက် ကြုံလှီလို့၊ ရုပ်မပြီ ဇရာထောင်း ပြောင်းပြော့လို့ပန်း။

၄။ သမုဒ်တဲ့လေးသွယ်၊ကမ်းလုံးသွန်ရွာလို့၊ရေတကာ ဟူသမျှ ဆင်းကျရတယ်၊ နက်ဝှမ်းကျယ် ပြည့်တယ်မရှိ၊ နန္တသတ္တဝါတို့၊ မရ ဏာသူ့ ခံတွင်း ဆင်းလို့မပြည့်။

၅။ ဇာတိတဲ့ စတင်၊ ဇရာအလယ်နှင့်၊ နောက်ဆုံးယ်အကုန်ရိုး ဆုံးစုသည်ပင်၊ သုံးကွက်တွင် စင်ကာရှောက်ပြေး၊ မတန့်မတည်နှင့်၊ အလည်လည် ချာချာပတ် နားရပ်ခွင့်ဝေး။

၆။ စဉ်ကာရှောက်သွား၊ မတန့်မတည်နှင့်၊ ဟူးဟူးလည် ချာ ချာပတ် ဆိုင်းရပ်မနား။

၇။ ကိုယ့်ကိုယ်နော် ခေါ် သမုတ်ကြ၊ နာမ်ရုပ်ကဲ့သဘောတွေ၊ ဖြစ်ရင်းနေရာက၊ တဆံလွှာမရွေ့ဘဲ စဲချုပ်ရခြေ၊ သို့ဖြစ်ထွေ မြင် ပေဘူ့လူများ၊ ဿနလေးတန်က၊ ရုပ်သဏ္ဍာန်နေမပျက်အောင် ဖုံး ဖွက်လို့ထား။

**သနလေးတန် ဟူသည်ကား**—သမ္မုဟာဃန, သန္တတိဃန, ကိစ္စဃန, အာရမ္မဏဃနတည်း။

၈။ ငါငါနေ၁် ခေါ်ဆိုကြ၊ ကာယတွဲရုပ်ပုံ၊ လျှပ်စစ်တကြိမ်မှ သက်ဇီဝိန်တည်မရ ဆုံးကြအကုန်၊ သို့ပါတုံရုပ်ပုံမဟင်း၊ အကြောင်းလေးထွေက၊ နဂိုနေ စဉ်မပျက်အောင် မြဲကြဖန်ဆင်း။

—း၀း—

# ဒုက္ခချိုး ၉ ပုဒ်

၁။ အပါယ်တွဲလေးမည်၊ အကြားအမြင်နှင့် ဒုက္ခအင် သည်တသင်း ထင်လင်းတော့သည်၊ လူတို့ပြည် သုံးလည်ကပ်များ၊ ဝိပါက်လေးတန်နှင့်၊ ရန်သူငါးထွေ ဒဏ်ဆယ်မျိုး ကျိုးယုတ်ရှစ်ပါး။

၂။ ငါးပါးတွဲနှစ်ဆယ်၊ ဘေးမျိုးဘယာနှင့်၊ ဥပါဒ်မှာ ၁၆ ပါးများဒုက္ခကြွယ်၊ ကြမ္မာဝယ် ၃၂ မင်း၊ ၉၆ပြားနှင့်၊ နာရောဂါအနန္တများဒုက္ခသင်း။

၃။ ဇာတိတွဲဇရာ ဗျာဓိမရဏံနှင့်၊ သောကံပါ အာဒေဝယင်းဒုက္ခသာ၊ဒေါမနာ ဥပါယာသ၊ ပိယကင်းကွေလို့၊ အပိယေသမ္ပယော ဟောတွဲဒုက္ခ။

၄။ အချမ်းတွဲအပူ၊ ခြင်, မှက်, လေ, နေနှင့်၊ ကင်း, မြွေ, ဝံ, ဆင်, သစ်, ကျား များလှရန်သူ၊ ထို့ပြင်မူ ပြောထူနန္တ၊ ကာယသည်ကိုယ်သို့၊ များထိုထို ဒုက္ခဝိုင်း တိုင်းမသိပ။

၅။ တွင်းဘေးရန်အနန္တ၊ ပြင်ဘေးက အသချေ၊ ငတ်မွတ်လောင်ဆာနှင့်၊ သက်မွေးရာ အမှုမျိုး ကြိုးပန်းရခြေ၊ ဆင်းရဲတွေလူ့ပြေတစု၊ ကိုယ်တွေ့မျက်မြင်နှင့် ကြားရအင်ဒုက္ခပေါင်း ဉာဏ်လောင်း၍ရှု။

၆။ ခြောက်ဆင့်တဲ့ဒေဝါ၊ ၁၅ ပြဟ္မာတို့၊ သုခရွာဆိုကဘဲ မြဲမဟုတ်ရှာ တသက်လျှာ မကြာခဏာ၊ ကံဟောင်းကုံပြန်က၊ ပါယ်လေးတန်ဒုက္ခတွင်း ဆင်းကဲ့ပြန်ရ။

၇။ အကျဉ်းတဲ့မှတ်ပါ၊ အောက်ထက်အပါယ်နှင့်၊ ဘဝဂ်နယ်အကုန်ကြုံး သုံးဆဲ့တဖြာ၊ စက္ကဝါဠဗိလာနန္တ သည်အတွင်းမှာလ၊ မြူညှင်းဆံလှာမျှ၊ ချမ်းသာဆိုသည်လိုဝေး တွေးလို့သာကြ။

၈။ ဇာတိတဲ့စတင်၊ ဝဋ်ကြွေးမကုန်လို့၊ တဘုံဘုံထိုနယ်ထဲ စွဲကပ်မှီလျှင်၊ နာရိစဉ် ဘယ်တွင်မလပ်၊ ရင့်ဟောင်းဇရာနှင့်၊ မရဏာစက်သင်ဝုန်း မှုံးချွေလို့ဖြတ်။

၉။ လူနတ်တဲ့ပြဟ္မာ၊ ဇာတိဇရာနှင့်၊ မရဏာထိန်ထိန်ညီး မီးတောက်လောင်စော၊ သို့ကိုပါ သူငါအများ၊ ဘဝတဏှာနှင့်၊ အဝိဇ္ဇာလူအလုံး ဖုံးအုပ်လို့ထား။

—:၀:—

# အနတ္တချိုး ၉ ပုဒ်

ဇေယျတု၊ ၁။ သူငတ်ပြိတ္တာ၊ သင်းတဏှာနှင့်၊ သက္ကာဒိဋ္ဌိ၊ ညီသားတသင်း၊ အစွဲပြင်းသည်၊ နှစ်သင်းလေးဖန်၊ဥပါဒါန်နှင့်၊ နှိုင်းရန်မိကျောင်းပမာသော်။

၂။ မိကျောင်းပမာ၊ အဖန်းနာ၍၊ အာရုံဝတ္ထု၊ ဟိုအစုကိုယခုနောက်ဖန်၊ ရရန်အကြောင်း၊ ကောင်းမကောင်းလျှင်၊ သောင်းပြောင်းမည်းဖြူ၊ ကံဆောက်ဦကို၊ များထုစုကြ၊ သခါရသည်၊ ဘဝအဆိပ်ပင် ဆိုသော်။

၃။ ဘဝဆိပ်ပင်၊ စည်ကြောင်းယှဉ်သည်၊ သင်္ခါရပေါင်း၊ ဝန်းအုံညောင်းလျက်၊ ဆိုးကောင်းနှစ်ဖြာ၊ မှုပြီးစွာသား၊ စေတနာမှဋ္ဌ၊ ဗီဇဆိပ်ပင် မျိုးရင်းသောင်။

၄။ ဗီဇဆိပ်ပင်၊ မျိုးရင်းအင်ကြောင့်၊ သုံးဘုံခွင်နယ်၊ တောကြီးလယ်၌၊ သုံးဆယ်နှစ်ထွေ၊ သန္ဓေပဝတ္တိ၊ ဝိပါက်အစဉ်၊ စိတ်ဝိညာဉ်သည်၊ ဆိပ်ပင်နွယ်ရှင် ပေါက်လာသောင်။

၅။ နွယ်ရှင်ဆိပ်ပင်၊ ထိုဝိညာဉ်နှင့်၊ ဖြစ်လျှင်အတူ၊ ပျက်မှုတကွ၊ မျှသားအာရုံ၊ မှီတုံမခြား၊ နာမ်တရားလည်း၊ အများတွယ်ကာ၊ အရုံပါ၏၊ မှီရာကမ္ဘဇ၊ ရုပ်ရူပလည်း၊ တကွယှဉ်မှီး၊ လှေသူကြီးနှင့်၊ လှေစီးဗိုလ်လူ၊ လှေမှူမကွဲ၊ သုံးပါးတွဲ၍၊ အထဲနက်ကျယ်၊ ဝဲပင်လယ်၌၊ ဘယ်ဘယ်ညာညာ၊ တတ်ရာမသိ၊ လှိုင်းကြီးမိ၍၊ တရိပတ်ပတ်၊ တထပ်ထပ်လည်၊ ဝဋ်နွယ်စည်သား၊ အရှည်မြှော်စုပ်၊ ဤနာမ်ရုပ်သည်၊ ဝန်ပုပ်လှေကြီးအသွင်သောင်။

၆။ နာမ်ရုပ်နှစ်ထွေ၊ ဝန်ပုပ်လှေဝယ်၊ မြေ့ရေ့လေ့မီး၊ ဓာတ်ကြီးလေးစု၊ ဝတ္ထုခြောက်ဖြာ၊ ဩဇာဟာရ၊ ဇီဝိတနှင့်၊ နာမတသင်း၊ ဤခပင်းကို၊ မှီတင်းသမူ၊ သဟဲပြုလျက်၊ စက္ခု့သောတ၊ ဃာန့ဇိဝှါ၊ ကာယာ့မန၊ ခြောက်ဒွါရဟု၊ ကာလမြင့်ရှည်၊ အစဉ်တည်သား၊ အကြည်ခြောက်ပါး၊ တံခါးဟင်းလင်း၊ ပွင့်တုံလျဉ်း၍၊ သင်းပင်းများစွာ၊ ထောင့်ငါးရာတို့၊ ဝင်ခါဖျက်မှုန်း၊ တရုန်းရုန်းလျှင်၊ အုန်းအုန်းဆူကာ၊ သဠာယတန၊ အမည်ရသည်၊ ဂါမရွာပျက် အလားသောင်။

၇။ ရွာပျက်ပမာ၊ ဟင်းလင်းဟာသား၊ သဠာယတန၊ ခြောက်ဒွါရ၌၊ ကာမဝတ္ထု၊ ခြောက်စုအာရုံ၊ ခိုက်တွေ့တုံက၊ ခြောက်စုံ

ဖုသာ၊ ဖြစ်ထွေဖွါးဖွါး၊ ပေါ်လာငြားရှိ၊ တံခါးဆိုက်နေ၊ အာရုံတွေ၌၊ ရောက်လေသောအား၊ ကိုယ်တွေ့သွားသည်၊ ခြောက်ပါးဖဿ၊ မှုရင်းသော်ဝ်။

၈။ တံခါးလဟာ၊ ခြောက်မျက်နှာ၌၊ အာရုံခြောက်သင်း၊ အနီးချဉ်းလျက်၊ အပြင်းဝေ့တိုက်၊ ခတ်ချင်းခိုက်သော်၊ လိုက်တသဲသဲ၊ လျှပ်ပန်းကြဲသို့၊ ဖြစ်မြဲအစဉ်၊ ခြောက်ဝိညာဉ်နှင့်၊ ခြောက်အင်ဖဿ၊ စည်းဝေးကြ၏၊ ထိုမျှအခါ၊ ဓမ္မတာတည့်၊ ခြောက်ဖြာအရိုး၊ အာရုံမျိုးကို၊ စိုးစိုးပိုင်ပိုင်၊ နိုင်နိုင်နင်းနင်း၊ ခံစားခြင်းဖြင့်၊ ခြောက်သင်းဝေဒနာ၊ ပေါ်ထွက်လာသည်၊ ပမာမင်းနှယ်၊ နှုန်းတန်သော်ဝ်။

၉။ မင်းနှင့်တူစွာ၊ ဝေဒနာကို၊ သာယာသမှု၊ အကောင်းပြု၍၊ ဝတ္ထုကာမ်၊ သခ်ါရနှင့်၊ သတ္တလည်းကောင်း၊ နောက်နှောင်းကာလ၊ သံသာရဝယ်၊ ဘဝသမုတ်၊ အရပ်ရပ်ကို၊ အမြတ်တနိုး၊ အရည်သိုးလျက်၊ ကြိုးကြိုးရှည်လျား၊ တကျာပွါး၏၊ လေးပါးစွမ်းသန်၊ ဥပါဒါန်ကြောင့်၊ ကံအထွေထွေ၊ ဆည်းပူးလေ၍၊ သန္ဓေဇာတိ၊ ညိုတုံခါခါ၊ ဇရာညှင်းညှင်း၊ သေခြင်းမစဲ၊ အထဲဆွေးဆွေး၊ တကြွေးငိုငို၊ ကိုယ်တပန်းပန်း၊ စိတ်ဝမ်းမချိုက်၊ တရှိုက်ရှိုက်လျှင်၊ အလှိုက်အလှဲ၊ အတုံသဲ၏၊ ဆင်းရဲမွန်ရှည်၊ အနွယ်စည်သား၊ မတည်မရပ်၊ တပတ်ပတ်လျှင်၊ ရဟတ်ပမာ၊ ဤခန္ဓာသည်။ ....မြင့်ကြာဘယ်နှန့် မဆုံးသော်ဝ်။

# ဝိပဿနာလက်ခွဲ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ရုပ်အခဏ်း

၁။ ဝေနေယျအား၊ မြင်လုံးထွားအောင်၊ ဝိပဿနာတရား၊ ဟောကြားနိုင်သော၊ စောထွတ်ရတနာ၊ မြတ်ဗုဒ္ဓါကို၊ သဒ္ဓါညွတ်ကျိုး၊ လက်စုံမိုး၍၊ ရှိလျှင်ခိုးသည်၊ ဤတွင်အစ၊ ပဏာမတည်း။

၂။ ပထဝီ, အာပေါ, တေဇော, ဝါယော၊ ဓာတ်သဘောမှာ၊ ခက်မာဖွဲ့စေး၊ ပူဧထောက်ကန်၊ လေးတန်လက္ခဏာ၊ သိကြောင်းပြသည်၊ လေးဝဓာတ်ရင်း၊ သဘောတည်း။

၃။ ဓာတ်ကြီးလေးပါး၊ ဖြစ်လာငြားက၊ ဝဏ္ဏ, ဂန္ဓ၊ ရသဩဇာ၊ ဤလေးဖြာ၊ မြဲစွာပါမြဲတည်း။

၄။ ထိုဓာတ်ရှစ်ပါး၊ မပြားမကွဲ၊ တသားထဲမှတ်၊ အဋ္ဌကလာပ်၊ ဓာတ်ခဲတခု၊ ခေါ်ရိုးပြုကြ၊ နှိုင်းတုစရာ၊ ပမာမရ၊ သေးငယ်လှသော၊ သဘောမျှသာတည်း။

၅။ အဋ္ဌကလာပ်၊ ဓာတ်ခဲအပေါင်း၊ ထောင်သောင်းမက၊ အနန္တများစွာ၊ ပေါင်းစုလာသော်၊ အမာအပြော့၊ အပေါ့အလေး၊ အသေးအကြီး၊ အနည်းနည်းအထွေထွေ၊ ပွေပွေလီလီ၊ အရည်အဖတ်၊ ဒြဗ်သဏ္ဌာန်၊ ပေါ်လာပြန်သည်၊ မှားရန်အကြောင်း၊ နိမိတ်တည်း။

၆။ သဏ္ဌာန်ဒြဗ်၊ ဖြစ်ပေါ်လတ်က၊ ဓာတ်လေးပါးအနက်၊ ပထဝီထက်လျှင်၊ မာမြဲပင်၊ နို့လျှင်ပြော့လေ၏၊ အာပေါထက်လျှင်၊ အရည်လျှင်၊ နို့လျှင်ခဲလေ၏၊ တေဇောထက်လျှင်၊ ပူဧပင်၊ နို့လျှင်မျှတ၏၊ ဝါယောနို့က၊ ငြိမ်ဝပ်စွာ၊ လွန်ကလှုပ်ရှား၊ ပြေးလွင့်သွားသည်၊ လေးပါးဓာတ်ရင်းသဘောတည်း။

၇။ ကံ, စိတ်, ဥတု၊ အာဟာရဟု၊ အကြောင်းလေးခု၊ ကျေးဇူးပြု၍၊ လူ၏ကိုယ်မှာ၊ မြန်စွာခဏ၊ ဖြစ်ကပျက်ပြန်၊ မီးလျှံအသွင်၊ ရေအယဉ်ပမာ၊ ရုပ်ခန္ဓာသည်၊ ဘယ်ခါမစဲ၊ ဖြစ်ပျက်မြဲတည်း။

၈။ မြေ, ရေ, သစ်ပင်၊ မြင်မြင်သမျှ၊ ဗဟိဒ္ဓမှာ၊ လုံးဝအုပ်စုံ၊ အကုန်ပေါင်းစု၊ ရုပ်ဖြစ်မှုသည်၊ ဥတုတေဇောအကြောင်းတည်း။

၉။ သမ္မုဟာဉပါဒါန်၊ သဏ္ဌာန်, သန္တတိ၊ စသည်အပြား၊ လူအများသည်၊ ခေါ်ဝေါ်မှတ်သား၊ ပညတ်ထားသတည်း။

၁၀။ ပညတ်, ပရမတ်၊ အတတ်မြင်သိ၊ ဉာဏ်နှင့်ကြည့်မှ၊ အနိစ္စကို၊ ဒိဋ္ဌမှန်စွာ၊ မြင်နိုင်ရာသည်၊ ပညာအချက်စခန်းတည်း။

ရုပ်အခဏ်းပြီး၏။

—း၀း—

## နာမ် အခဏ်း

၁၁။ စက္ခု, သောတ၊ ဃာန, ဇိဝှါ၊ ကာယငါးလီ၊ ရုပ်အကြည်တည့်၊ တလိမှတ်လော၊ မနောအကြည်၊ ဘဝင်, စိတ်ပေတည်း။

၁၂။ အဆင်းရူပ၊သဒ္ဒ,အသံ၊အနံ့,ဂန္ဓာ၊ရသ,အရသာ၊အတွေ့, ဖောဋ္ဌဗ္ဗာ၊ ငါးဖြာအစုံ၊ ရုပ်အာရုံပင်၊ မနောဝိညာဉ်၊ ဆင်ခြင်တုံက၊ သိသမျှအကုန်၊ ဓမ္မာရုံပေတည်း။

၁၃။ အကြည်ခြောက်စုံ၊ အာရုံခြောက်ပါး၊ ထိခိုက်ငြားက၊ ခြောက်ပါးဝိညာဉ်၊ အစဉ်မပြတ်၊ လျှပ်ရောင်ပမာ၊ နာမ်ခန္ဓာသည်၊ ဆိုင်ရာအသီးသီး၊ဖြစ်ပျက်ကြသတည်း။

၁၄။ စက္ခု,ရူပါရုံနှစ်ပါးဆုံလျှင်၊စက္ခုဝိညာဏ်ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၅။ သောတ, သဒ္ဒါရုံ၊ နှစ်ပါးဆုံလျှင်၊ သောတဝိညာဉ်ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၆။ ဃာန, ဂန္ဓာရုံ၊ နှစ်ပါးဆုံလျှင်၊ ဃာနဝိညာဉ် ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၇။ ဇိဝှါ, ရသာရုံ၊ နှစ်ပါးဆုံလျှင်၊ ဇိဝှါဝိညာဉ်ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၈။ ကာယ, ဖောဋ္ဌဗ္ဗာရုံ၊ နှစ်ပါးဆုံလျှင်၊ ကာယဝိညာဉ်ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၉။ မနော, ဓမ္မာရုံ၊ နှစ်ပါးဆုံလျှင်၊ မနောဝိညာဉ်ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၂၀။ ဝိညာဉ်ငါး၀၊ ကြွင်းသမျှကို၊ မနောဝိညာဉ်ဆို၏၊ ထိုစိတ်ခြောက်ပါး၊ တခြားစီသာ၊ ဖြစ်ကြရာသတည်း။

နာမ်အခဏ်း ပြီး၏။

—:o:—

**တိုက်တွန်းခဏ်း**

၂၁။ နာမ်ရုပ်မှတပါး၊ ယောကျ်ားမိန်းမ၊ အတ္တဇီဝ၊ ဘာမျှမရှိ၊ ဉာဏ်နှင့်ကြည့်သော်၊ ဓာတ်အတိသာ၊ ရှိချေ၏တကား။

၂၂။ နာမ်ရုပ်နှစ်တန်၊ သူဖြစ်ဟန်ကို၊ အမှန်ဒိဋ္ဌ၊ မသိကြ၍၊ ငါထ, ငါထိုင်၊ ငါကိုင်, ငါသွား၊ ငါကြား, ငါကြည့်၊ ငါသိ, ငါမြင်၊ ဓာတ်ဖြစ်အင်ကို၊ ငါပင်မုချ၊ မှတ်ထင်ကြသည်၊သက္ကာယဒိဋ္ဌိ၊စွဲလမ်းမှုကြီးပါတကား။

၂၃။ ဒိဋ္ဌိသက္ကာယ၊ မကွာသမျှ၊ လေးဝအပါယ်၊ ရောက်ဦးမယ်၊ နှင်ဝယ်သတိထား၊ သို့အလားကြောင့်၊ မြတ်ဘုရားက၊ ရင်ဝမှာလှံစူး၊ ထိပ်ဦးမီးလောင်၊ မရှောင်အဟုတ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်ရန် သဘောကို၊ " သတ္တိယာ ဝိယ ဩမဋ္ဌော "ဟု၊ ဟောကြားတော် မူခဲ့ပြီတကား။

၂၄။ နာမ်ရုပ်နှစ်ခု၊ နှစ်ဘို့ပြု၍၊ ရုပ်စုနာမ်စု၊ တခုခု၌၊ ကြံဖန်စေ့ငု၊ စိုက်၍ရှုမှ၊ ခဲတ်ရင်းမူလ၊ သဘာဝကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည် တကား။

၂၅။ သင်္ခါရန်အဆင်း၊ ခုခံလျှင်းက၊ ဉာဏ်နှင့်ရှင်း၍၊ အတင်း ရှုမှ၊ အနိစ္စကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကား။

၂၆။ အကြည်ခြောက်စုံ၊ အာရုံဆိုက်က၊ ခြောက်ဝဝိညာဉ်၊ အစဉ်ဖြစ်မှု၊ ဖမ်းယူရှုမှ၊ အနိစ္စကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကား။

၂၇။ ရုပ်နာမ်ဓမ္မ၊ အနိစ္စကို၊ ဒိဋ္ဌမြင်က၊ အနတ္တကို၊ မုချမြင်၍၊ ငါပင်မဟုတ်၊ နာမ်ရုပ်နှစ်ခု၊ ခဲတ်အမှုသာ၊ ဖြစ်ပါတကား၊ မြင်လုံး ထွားသဖြင့်၊ သက္ကာယတရား၊ လွင့်စဉ်ရှားလေ၏တကား။

၂၈။ ဒိဋ္ဌိသက္ကာယ၊ တဒင်္ဂပဟာန်၊ ကွာပြန်မှုက၊ စူဠသောတာ ပန်၊ သမုစ္ဆေဒပဟာန်၊ ကွာပြန်ငြားက၊ အပါယ်လေးပါး၊ တံခါး ပိတ်၍၊ နိဗ္ဗာန်အဝင်၊ ဘုံစဉ်စံပုဂ္ဂိုလ်၊ ဝိသာခါလို၊ ငါတို့ဖြစ်ရချေ၏ တကား။

၂၉။ မကွေ့မထောင့်၊ လမ်းဖြောင့်တရား၊ တွေ့ပါသားနှင့်၊ အမျှားရှူးတိုင်း၊ နှင်မရှူးနှင့်၊ ထူးသည့်အခါ၊ ဝိပဿနာကို၊ ခါခါပွါးမှ၊ သွားမည့်သံသရာ၊ အစဉ်ပါမည်၊ နှင်သာသတိထား။

၃၀။ သဲဖြူလယ်တီ၊ တောရမှီသည့်၊ မထေရ်ငါသည်၊ စီရင်အပ်သော၊ဝိပဿနာ၊ကဗျာသုံးဆယ်၊ဝါလယ်တော်သလင်း၊ လ,အတွင်းဝယ်၊ ခုနစ်ဆယ်ပြည့်၊ ဤတွင်၍လျှင်၊ ပြီးအောင်မြင်၏တကား။

ဤပုဒ်ပေါင်း၊ သုံးဆယ်ကို၊ အရကျက် မှတ်လေ။

**ဝိပဿနာလင်္ကာ ဆောင်ပုဒ် ပြီးပြီ။**